၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

www.transcomjournal.com

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၄)၊ အမှတ် (၁၅)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၈–၂၀၁၉ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အရာထမ်း/အမှုထမ်းများအား ဂုဏ်ပြုပွဲကျင်းပ

စာ-၃ »






## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မန္တလေး–ပျဉ်းမနား–ရန်ကုန် ရထားလမ်းပိုင်းကြည့်ရှုစစ်ဆေး

စာ-၁၆ »

## Myanmar National Portal End User Training

သင်တန်းဖွင့်လှစ်

စာ-၁၉ »

## မြန်မာသင်္ဘောသားများအတွက် ILO Convention (C-185) နှင့်အညီထုတ်ပေးမည့် သင်္ဘောသားသက်သေခံလက်မှတ် (Seafarers Identity Smart Card) စတင်ထုတ်ပေး

စာ-၁၈ »



## MyanmarSat 2 ပါဝင်သော Intelsat 39 ကို ပတ်လမ်းတွင် စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိ

စာ-၇ »



# အယ် ဒီ တာ့ အာ ဘော်

## သဘာဝဘေး ကြိုတင်တွေး စုဝေး ဖော်ဆောင် ထူထောင် အားဖြည့်ကြပါစို့ . . .

ဝါဆို - ဝါခေါင်ရေဖောင်ဖောင်ဟူသော ရှေးစကားရှိသည်။ ဩဂုတ်လဆန်း (ဝါခေါင်လဆန်း)မှ တဖြေးဖြေးမြင့်တက်လာသည့် မိုးရွာသွန်းမှုသည် တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းအကြွင်းအကျန်ကြောင့်ဟု ဆိုပါသည်။

ရာသီဥတုအခြေအနေများကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်အသိပေးလျက်ရှိသည်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ ဘီးလင်း၊ ဝေါစသည့် မြစ်ကြီးများ၏ မြစ်ရေတိုင်းတာမှုနှင့် မြို့အလိုက်စိုးရိမ်ရေမှတ်သို့ ချဉ်းကပ်၊ ရောက်ရှိ၊ ကျော်လွန် စသည့်မြစ်ရေအခြေအနေများအား နာရီပိုင်းအလိုက် ထုတ်ပြန်ကြေညာလျက်ရှိသည်။

ထိုအချိန်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ဘက်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းအဆင့်သို့ တဖြေးဖြေးပြောင်းလဲကာ အိန္ဒိယပြည်နယ်အတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ အဆိုပါမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးအားကောင်းစေလျက်ရှိသည်။

မြစ်စဉ်တစ်လျှောက်ဒေသများ၌ မြစ်ရေသည် တစိမ့်စိမ့်ဖြင့်တက်လျက်ရှိသည်။ ရေဘေးသင့်၍ ရွှေ့ပြောင်းနေရာချထားမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကယ်ဆယ်ရေးအတွက် ဆောင်ရွက်မှုများ တစစမြင့်တက်လာသည်။

ဤသည်သို့အခြေအနေတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်မြစ်၏ ထူးကဲဒီရေတက်မည့် သတိပေးချက်ထုတ်ပြန်၍ ရန်ကုန်မြစ်တလျှောက်ရှိ မြို့၊ ရွာ၊ ရပ်ကွက်များ အသင့်ရှိစေရေး နှိုးဆော်ခဲ့သည်။ ထူးကဲဒီရေသည် ထိုအချိန်တွင် ရန်ကုန်နှင့်အနီးတဝိုက် မိုးရွာသွန်းမှုများပြားခြင်း၊ အထက်မြစ်စဉ်တစ်လျှောက် တသိမ့်သိမ့်စီးလာသည့် မြစ်ရေထုထည်နှင့် ပေါင်းမိလေသော် ရန်ကုန်ဆိပ်ကမ်းဝန်းကျင်ဒေသတွင် ရေမြင့်တက်မှု၊ ရပ်ကွက်၊ လူနေအိမ်ခြေများသို့ ရေဝင်မှုများဖြစ်ပေါ်စေခဲ့သည်။

ရာသီဥတုဖြစ်စဉ်သည် သဘာဝအချင်းအရာဖြစ်သည်။ သို့သော် သဘာဝအချင်းအရာထက် ပိုမိုလာပြီး လူသားနှင့် ပတ်ဝန်းကျင်အား ထိခိုက်ဆုံးရှုံးမှု၊ ပျက်ဆီးမှုများဖြစ်ပေါ်စေသည့်အခါ သဘာဝဘေးအန္တရာယ်ဟု ခေါ်ဆိုရတော့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်အား ရပ်ကွက်မှ မြို့နယ်၊ မြို့နယ်မှတိုင်း၊ တိုင်းမှပြည်နယ်၊ အဆင့်ဟူ၍ အဆင့်များသတ်မှတ်၍ ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးဟူ၍ ကဏ္ဍများခွဲကာ ဆောင်ရွက်ကြရသည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ရင်ဆိုင်နေရမှုအား နိုင်ငံတော်အဆင့်ပါဝင် စီမံခန့်ခွဲဆောင်ရွက်ရသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဟူ၍ စုဖွဲ့ထားရှိသည်။ ကယ်ဆယ်ရေးပစ္စည်းများ၊ ယာဉ်၊ ယန္တရား၊ အထောက်အကူပစ္စည်းများအား သဘာဝဘေးကြုံတွေ့လေ့ရှိသည့် အချင်းအရာအပေါ်မူတည်၍ ကြိုတင်ခန့်ခွဲဖြန့်ကြက် စုပုံထားသည်။

ဩဂုတ်လဆန်းပိုင်းတွင် ကရင်၊ ချင်း၊ တနင်္သာရီဒေသများတွင် တောင်တရုတ်ပင်လယ်မှ ရောက်ရှိလာသည့် မုန်တိုင်းအကြွင်းအကျန်မှ ရွာသွန်းသည့်မိုးရေချိန်များ တစတစမြင့်တက်လာသည်။ ရေဘေးကြုံတွေ့တော့မည့်ဒေသများ၌ ရေဝင်မှုမြင့်တက်လာသည်။ မြို့ရွာများ ရေဝင်လာသည်။ ဆက်သွယ်ရေးလမ်းကြောင်းတစ်ချို့ပြတ်တောက်စပြုလာသည်။ စာသင်ကျောင်းများပိတ်ထားရသည့် အရေအတွက်မြင့်တက်လာသည်။

ဩဂုတ်လ (၇) ရက်နှင့် (၈) ရက်တို့တွင် ကရင်၊ မွန်၊ တနင်္သာရီဒေသများတွင် နေရာကွက်မိုးကြီးမှုဖြစ်ပေါ်လာသည်။ နှစ်စဉ်ကြုံတွေ့နေကျ ဘီးလင်းမြစ်ရေတိုးသော်လည်း ယမန်နှစ်ကရေမြုပ်သည့် မြစ်ရေမှတ်ရောက်သည့်တိုင် ဘီးလင်းအောက်ပိုင်းဒေသတစ်ချို့ရေဝင်ခြင်းမှအပ ထူးခြားမှုမပြ၊ နောက်ရက်များတွင် ဘီးလင်းမြစ်ရေမှာ စိုးရိမ်ရေမှတ်အောက်သို့ပင် ကျသွားသည်။

ဩဂုတ်လ (၉) ရက်၊ ပေါင်မြို့တွင် မိုးရေချိန်မှာ (၁၅)လက်မသို့ ရောက်ရှိလာသည်။ မုတ္တမဆေးရုံ ရေဝင်မှုကြောင့် ဆေးရုံမှလူနာများ ရေလွတ်ရာသို့ ရွှေ့ပြောင်းရသည်။ သံလွင်တံတားပေါ်ယာဉ်များ ဖြတ်သန်းခွင့် ယာယီပိတ်ထားသည်။ မုတ္တမမြို့အဝင်တွင် ကားလမ်းရေကျော်ခြင်း၊ သံလွင်တံတား ယာယီပိတ်ထားခြင်းတို့ကြောင့် ကားလမ်းပေါ်တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ ဩဂုတ်လ (၈)ရက်ညကတည်းက တစ်စီတစ်တန်းကြီး ရပ်တန့်စောင့်ဆိုင်းနေကြသည်။

နေ့ရက်ဆက်၍ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုရင်ဆိုင်နေရချိန်တွင် မာယာများလှသည့် သဘာဝကြီးက တိုက်ကွက်တစ်မျိုးပြောင်းခဲ့သည်။ အဆိုပါအခြေအနေကို လူသားတို့လုံးဝမျှော်လင့်မထားမိသော သဘာဝဘေးအန္တရာယ်ဖြစ်သည်။

ဩဂုတ်လ (၉)ရက် နံနက် (၀၇:၃၀) ချိန်ခန့်တွင် ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာအုပ်စုရှိ မလတ်တောင်တောင်ပြိုကျမှု ဖြစ်ပွားခဲ့သည်။ တောင်အမြင့်ပေ (၅၀၀)ခန့်မှ ကျောက်တုံး၊ ကျောက်ခဲကြီးများမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသည်။ တမံကြီးနှင့်အတူ ကားလမ်းပေါ်သို့ တရှိန်ထိုးပြိုကျလာသည်။

တောင်စောင်းတစ်လျှောက်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းအပါအဝင် နေအိမ် (၁၆) လုံး၊ ကားလမ်းပေါ်ရှိ (၁၂) ဘီးယာဉ် (၄) စီးနှင့် ယာဉ်ငယ် (၂)စီးတို့မှာ လမ်းပေါ်မှ (၁၀၀) ပေခန့်အကွာသို့တိုင်အောင် လွင့်စင်သွားပြီး တောင်ပြိုမြေသားများက ဖုံးလွှမ်းသွားသည်။ ကားလမ်းတစ်လျှောက် မြစ်သားထု (၅) ပေခန့်ဖုံးလွှမ်းသွားသည်။ ပေ (၅၀၀) အမြင့်မှ မြေသားများ၊ အိမ်လုံးခန့်ရှိသော ကျောက်တုံးကြီးများပြိုကျလာခဲ့ပြီး နေအိမ် (၁၆) လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းတို့မှာ တောင်ပြိုမြေသားအောက် ပြားပြားမှောက်ခဲ့သော်လည်း ရှေးဟောင်းစေတီမှာ ရွံ့နွံမြေပင်မခပဲ ထူးဆန်းစွာဖြင့်တည်ရှိနေသည်။ ထို့အတူ မုခ်ဦးသည်လည်း မတ်မတ်ခိုင်ခိုင်ရှိနေခဲ့သည်။

ဩဂုတ်လ (၉) ရက် (၂၀:၀၀) ချိန်အထိ ကျား (၁၂)ဦး၊ မ (၉)ဦး စုစုပေါင်း (၂၁)ဦး တို့၏ ရုပ်အလောင်းများ ရှာဖွေကယ်ဆယ်နိုင်ခဲ့သည်။ အလောင်း (၂) လောင်းမှာ သစ်ပင်ကြားညပ်နေ၍ ယန္တရားများအကူအညီဖြင့်မဖော်နိုင်ဖြစ်နေသည်။ စာရင်းချုပ်သော် အလောင်း (၂၃)လောင်း၊ ဒဏ်ရာရ (၄၇)ဦး ပေါင်း (၇၀) ဦး ရပြီဖြစ်သော်လည်း နေထိုင်မှုစာရင်းအရ (၉၆) ဦးရှိရာ ကျန်ပျောက်ဆုံး (၂၆)ဦးကို ဆက်လက်ရှာဖွေကြရဦးမည်ဖြစ်သည်။ ဒဏ်ရာရ (၄၇)ဦးမှာ မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစေခဲ့သည်။

ဩဂုတ်လ (၁၀)ရက် နံနက်ပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ ဦးစိုးအောင်နှင့် တာဝန်ရှိသူများ ရောက်ရှိလာခဲ့သည်။ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်း၊ ထောက်ပံ့ရေး ပစ္စည်းများပေးအပ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ လုပ်ငန်းလမ်းညွှန်မှုပေးခြင်းများ ဆောင်ရွက်ပြီး အခြားရေဘေးသင့်ဒေသများသို့ ဆက်လက်ထွက်ခွာသွားသည်။

ဩဂုတ်လ (၁၁)ရက် နေ့လည်ပိုင်းတွင် ရေး-ထားဝယ်အကြားကားလမ်း မိုင်တိုင် (၈၀) အနီး (မလွဲတောင်လမ်းတစ်ပိုင်) မြေပြိုကျ၍ သွားလာမှု ပြတ်တောက်သွားသည်။ မုဒုံ-ချောင်းနှစ်ခွ (ကျိုက်မရော)သွား ကားလမ်းပေါ်ရှိ ကျွန်းရွာနှင့် ကဒါရွာကြား ကြက်ဖတံတားပြိုကျခဲ့သည်။

ဩဂုတ်လ (၁၁) ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (ဗဟို)မှ ရှာဖွေကယ်ဆယ်ရေး အထူးတပ်ဖွဲ့ဝင်များ၊ ယာဉ်ယန္တရားများဖြင့် သဲဖြူကုန်းတောင်ပြိုရာသို့ ရောက်ရှိပူးပေါင်းပြီး ခေတ်မီရှာဖွေရေးကိရိယာများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ကြသည်။ ထိုအချိန်တွင် ရေးမြို့မှာ ရေများဝင်ရောက်နေပြီး စိုးရိမ်ရသည့် အနေအထားသို့ ရောက်စပြုနေပြီဖြစ်သည်။ အလားတူ ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု၊ အပြိုင်ကျေးရွာတွင် မြေပြိုမှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ နီးမုတ်ရွာတွင် တောင်ကျရေနှင့် မြေစာပိတ်ဆို့မှုကြောင့် ကားလမ်းပိတ်ထားရသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သံလွင်ဌာနခွဲမှဝန်ထမ်းများသည် ရေးမြို့ရှိ ရေဘေးသင့်ပြည်သူများရွှေ့ပြောင်းရေးတွင် သွားရောက်ပူးပေါင်းဆောင်ရွက်သည်။ မိုးဆက်လက် ရွာသွန်းပါက သဲဖြူကုန်းရွာ၊ မလတ်တောင်မှာ ထပ်မံပြိုကျနိုင်ကြောင်း မြေပြင်ဖော်ထုတ်ချက်များအရ သိရသည်။

ဩဂုတ်လ (၁၂)ရက် ကျိုက်မရောရေလွှမ်းနေပြီဖြစ်သည်။ ကယ်ဆယ်ရေးများ၊ အလှူရှင်များ ရောက်ရှိကြသော်လည်း ရေဘေးသင့်ပြည်သူများရှိရာသို့ သွားလာရေးအတွက် လှေကြီးများလိုအပ်နေကြောင်း သိရသည်။ ရေးမြို့အချို့နေရာများတွင် ရေပြန်ကျသွားပြီဖြစ်သော်လည်း အမှိုက်များ၊ ရွံ့နွံများ၊ အိမ်၊ လမ်း၊ ကျောင်း၊ ဆေးရုံ၊ ရုံးဌာနများမှာ ဖယ်ရှားရေးအကူအညီလိုအပ်နေသည်။

ဩဂုတ်လ (၁၃) ရက်နှင့် (၁၄) ရက်များတွင် ကျိုက်မရောမြို့နှင့် အတ္တရံမြစ်ကြောင်းရှိရပ်ရွာများ ရေဖုံးလွှမ်းနေဆဲဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့်အတူ တောင်ပြိုပြန်ပြီ၊ လမ်းပြိုနေပြီ၊ ဆည်ပြိုတော့မည်၊ တောင်ပတ်လမ်းပြို၍ သွားလာမှုပြတ်တောက်နေသည့် စသည့်ကောလဟာလများကလည်း ဘေးအန္တရာယ်ကြုံနေသည့် ပြည်သူများ၊ ဒေသခံများအား စိုးရိမ်မှုမြင့်တက်စေသည်။

သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့် ရှာဖွေကယ်ဆယ်ရေးအား အဖွဲ့ပေါင်းစုံနှင့်အတူ လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ နိုင်ငံအဝန်းမှစုစည်း လာရောက်လှူဒါန်းကြသူများဖြင့် ထက်သန်နိုးကြားစွာ ဆောင်ရွက်နေကြသည်မှာ အားရစရာ၊ ဝမ်းသာစရာ ကောင်းလှပါသည်။

ရှာဖွေကယ်ဆယ်ရေးမှာ ကာလတိုဖြေရှင်းနိုင်သော်လည်း ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးအတွက်မူ အချိန်၊ ငွေကြေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများဖြင့် ကာလရှည်ဖြတ်ကျော်တည်ဆောက်ကြရပါသည်။

သဘာဝဘေးအန္တရာယ်အား၊ သဘာဝနည်းဖြင့် ကြိုတင်ကာကွယ်၊ ရင်ဆိုင်ဖြေရှင်းခြင်း၊ ခေတ်မီနည်းပညာ၊ ပစ္စည်း၊ ငွေကြေး၊ လူအင်အားဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ရာတွင် နှစ်စဉ်ကြုံတွေ့ခံစားပေးဆပ်နေရသည်မှ ကျော်လွှန်လွတ်မြောက်စေပြီး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ပိုမိုကောင်းမွန်သည့်အနေအထားသို့ ရောက်ရှိစေရေး၊ နည်းမှန်ဖော်ဆောင်ကြရသည်ဖြစ်ရာ ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ကျရောက်ဖြစ်ပေါ်စေမည့် အနေအထိုင်၊ အပြုအမူ၊ ဆောင်ရွက်မှုများ ပြင်ဆင်နေထိုင်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ နေထိုင်ကျင့်ကြံခြင်း၊ ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာများ၊ လိုက်နာပြင်ဆင်၊ ဆောင်ရွက်ကြရမည့် နည်းလမ်းများအား ပြည်သူအားလုံးသိရှိ၊ နားလည်၊ ပါဝင်လိုက်နာခြင်းအားကို ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

# ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၃)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

### မိုးအခြေအနေနှင့် မိုးရွာရက်


မိုးရွာသွန်းမှုအခြေအနေမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုပုံမှန်ထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုပုံမှန်ခန့်ရွာနိုင်ပါသည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁၈)ရက်မှ (၂၇)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၁၀)ရက်မှ (၁၇)ရက်ခန့်ရွာနိုင်ပါသည်။

### မြစ်ရေအခြေအနေ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၁)ကြိမ်ခန့်စီ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် (၁)ကြိမ်ခန့်၊ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် (၁)ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်တို့တွင် (၁)ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁)ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁)ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁)ကြိမ်ခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် (၁)ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် (၁)ကြိမ်ခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် (၁)ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။





ထီပေါက်
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
500 ks
500 mins
100GB
iPhone
500 sms
Samsung Phone
100000 ks
ရွှေ
ကံစမ်းရန်
MPT4U
5 sms
10 mins
500MB
အခမဲ့ Download ရယူရန်
*4040#
MPT4U App အသုံးပြုခ အခမဲ့ဖြစ်သည့်အပြင်
နောက်ထပ် ဘာမှပေးစရာမလိုဘဲ
နေ့စဉ်ကံစမ်းခွင့်ရရှိမည့် ဆုလက်ဆောင်များ . . .
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


ပို့ဆောင်ဆက်သွယ်
TRANSCOM NEWS JOURNAL

| | |
|---|---|
| စီမံခန့်ခွဲရေးအရာရှိ | ဦးနီအောင် |
| စာတည်းမှူးချုပ် | မောင်ကြင်နာ |
| အုပ်ချုပ်ရေးအရာရှိ | နေလင်း |
| ငွေစာရင်းအရာရှိ | ကျော်သူရ |
| မျက်နှာဖုံးဒီဇိုင်း | ဝင်းထိုက် |
| စာမျက်နှာဒီဇိုင်း | နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း |
| ကွန်ပျူတာ | ခိုင်ယုသွယ်၊ မေသဥ္စာငွေ၊ ထက်လှိုင်ဦး၊ ခန့်ဇော်ထွန်း |
| စာတည်း | တင်မောင်၊ အိမ်စည် |
| သတင်းထောက် | ဘုန်းပိုင်ဦး၊ စိုးသူ၊ ဇွဲထက်အောင် |
| သတင်း (ဆက်သွယ်ရေး) | လှမျိုး |
| သတင်း (ရထား) | အောင်ဆန်းဦး |
| စာပြင် | ဆုဆုစန္ဒီဇော် |
| ကာတွန်းသရုပ်ဖော် | တင်ယု |
| ထုတ်ဝေသူ | နီအောင် (၀၀၄၉၆) |
| ပုံနှိပ် | မင်းပြည့်စုံ (၀၀၁၀၃) |
| ဖြန့်ချိရေး | ကိုကိုမြတ်၊ ဘိုဘို |
| ရုံးအဖွဲ့ | သဇင်ဖူး |

**တိုက်တည်နေရာ**

၈၃ /၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊
ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁ - ၈၆၁၀၁၉၂
စာတည်းမှူးချုပ် ၀၁ - ၃၇၅၄၄၃

Email - thetransportnews@gmail.com
tcnj.transcomnews@gmail.com


ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာများအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။


ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ ၀၉-၄၂၁၀၁၃၆၆၇


# လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှင့်အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်








ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှင့်အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် (၉)ရက် နံနက် (၁၀)နာရီတွင် လေကြောင်းပညာသိပ္ပံ၊ သင်တန်းခန်းမတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းမှ အဖွင့်အမှာစကားပြောကြားရာတွင် ဒီနေ့ကျင်းပပြုလုပ်တဲ့အခမ်းအနားကတော့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်မြင်ခဲ့ကြတဲ့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ မိသားစုဝင် သားငယ်/ သမီးငယ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ မူလတန်း အလယ်တန်းနှင့် အထက်တန်း ကျောင်းသား/ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်တဲ့ အခမ်းအနားဖြစ်ပါကြောင်း။

ဒီနေ့အခမ်းအနားကို ပြုလုပ်ရတဲ့ရည်ရွယ်ချက်ကတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာဖြေကြားခဲ့ကြတဲ့ မိမိဝန်ထမ်းများရဲ့ သားငယ်/ သမီးငယ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းအားဖြင့် လာမည့်စာသင်နှစ်တွင် တက်ရောက်သင်ကြားလျက်ရှိသော သားငယ်/ သမီးငယ်များအနေဖြင့်လည်း ပညာကိုကြိုးစားသင်ကြားလိုစိတ်များ ပေါ်ပေါက်လာစေရန် သက်ဆိုင်ရာမိဘများအနေနှင့်လည်း ယခုအခမ်းအနားကိုတက်ရောက်ပြီး မိမိသားငယ်/ သမီးငယ်များ၏အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းသာခံစားမှုများရရှိစေရန် ရည်ရွယ်ပြီးပြုလုပ်ခြင်းဖြစ်ပါကြောင်း။

ယခုလို အောင်မြင်မှုရရှိစေရန် ဝန်ထမ်းမိဘများအနေနဲ့ ဘယ်အတိုင်းအတာအထိ ကြိုးစားပံ့ပိုးပေးခဲ့ရသလဲဆိုတာကိုလည်း မိမိတို့အကြီးအကဲအနေနဲ့ နားလည်ခံစားသိရှိပါတယ်။ ဒီအတွက်ကြောင့် ယနေ့ပြုလုပ်တဲ့အခမ်းအနားသည် အောင်မြင်မှုရရှိခဲ့သည့် သားငယ်/ သမီးငယ်များကို ဂုဏ်ပြုခြင်းသက်သက်မဟုတ်ဘဲ မိဘများကိုလည်း ဂုဏ်ပြုချီးမြှင့်ကြောင်း ပြောကြားလိုပါတယ်။

မိမိသည်လည်း ဝန်ထမ်းသားသမီးတစ်ဦးဘဲဖြစ်ပါတယ်။ ဝန်ထမ်းမိဘများသည် မိမိတို့၏သား၊ သမီးများကို အမွေပေးရာတန်ဖိုးကြီး ပစ္စည်းဥစ္စာအများစု မပေးနိုင်ကြပါ။ အများစုမှာ ပညာအမွေသာပေးနိုင်ကြပါတယ်။ မိမိတို့ရရှိတဲ့ ဝင်ငွေအပေါ်မှာ အကြွေးမတင်အောင်၊ ဝင်ငွေထွက်ငွေမျှတအောင် ခြိုးခြံချွေတာပြီး မိမိ၏ သား၊ သမီးများကို မိမိထက်သာလွန်တဲ့ပညာတတ်ကြီးဖြစ်အောင်ဆောင်ရွက်ပေးနေကြရတာကို သားငယ်/ သမီးငယ်များကလည်း နားလည်သိရှိကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် သားငယ်/ သမီးငယ်များသည် အနာဂတ်ကာလမှာလည်း ရည်မှန်းချက်တိကျမှန်ကန်စွာထားပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယအားထုတ်ကာ ဆက်လက်ကြိုးစားကြမှာပါ။ မိဘရဲ့ကျေးဇူးကိုသိတတ်သော သားငယ်/ သမီးငယ်များဖြစ်ကြပါစေလို့လည်း ဆန္ဒပြုအပ်ပါကြောင်း။

နိုင်ငံတော်မှာလိုအပ်နေတဲ့ နည်းပညာနှင့်လူသားစွမ်းရည်အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာမှာ ကျောင်းသား၊ ဆရာ၊ မိဘ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများဆိုတဲ့ ပညာရေးစတုဂံအားကောင်းဖို့လိုအပ်ပါတယ်၊ ကျောင်းသားက ပညာကိုတတ်အောင်ကြိုးစားသင်ယူရမှာဖြစ်သလို ဆရာများကလည်း ပညာတတ်မြောက်အောင် သင်ကြားပေးရမှာဖြစ်ပါတယ်၊ အလားတူမိဘများကလည်း သား၊ သမီးများအတွက် ပညာရေးကိုအားပေးဆောင်ရွက်ပေးရန်ဖြစ်ပြီး အုပ်ချုပ်ရေးတာဝန်ရှိသူများက ရုပ်ဝတ္ထုများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကဏ္ဍဟာ တိုးတက်လာမှာဖြစ်ပါတယ်။ ပညာရေးစနစ်များ မည်သို့ပင်ပြောင်းလဲသင်ကြားသည်ဖြစ်စေ ကျောင်းသူ/ ကျောင်းသားများအနေဖြင့် သတ်မှတ်ထားသည့် အတန်းလိုက်ပညာရပ်များအား အမှန်တကယ်တတ်မြောက်ကြရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား/ ကျောင်းသူများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများကို ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ခဲ့ကြပြီး ၎င်းနောက် ဆုရကျောင်းသား/ ကျောင်းသူများကိုယ်စား (၅)ဘာသာဆုရှင် ကျောင်းသားမောင်ခန့်သက်မှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ဘဘညွှန်ကြားရေးမှူးချုပ်နဲ့ ကြွရောက်လာကြတဲ့ အရာရှိကြီးများ၊ ကျောင်းသားမိဘများ၊ ကျွန်တော်နဲ့အတူတူ အောင်မြင်ခဲ့ကြတဲ့ ကျောင်းသူ၊ ကျောင်းသားအားလုံးကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်....

ဒီနေ့ကတော့ တကယ်ကိုမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့နေ့ပဲဖြစ်ပါတယ်..စာမေးပွဲကိုအောင်မြင်စွာ ဖြေဆိုနိုင်လို့ဝမ်းသာတာရယ်၊ ကျွန်တော်တို့မိဘတွေအလုပ်လုပ်ကိုင်နေတဲ့ဌာနမှ ကျွန်တော်တို့အားလုံးကိုထပ်ဆင့်ပြီး ဂုဏ်ပြုချီးမြှင့်တာတွေဟာ တကယ့်ကိုဝမ်းသာကြည်နူးရပါတယ်၊ ကျွန်တော်နဲ့အတူတူတက်ရောက်လာကြတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ မိဘများဟာလည်း ကျွန်တော့်ကိုယ်စားဝမ်းသာဂုဏ်ယူနေကြလိမ့်မယ်ဆိုတာ ကျွန်တော်ရဲရဲကြီးပြောရဲပါတယ်....

ဒီ့အပြင် တက္ကသိုလ်ဝင်တန်းကို ကျွန်တော်နဲ့အတူ အောင်မြင်ခဲ့ကြတဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ကိုယ်စားကျေးဇူးတင်စကားပြောကြားခွင့်ရတဲ့အတွက် ပိုလို့တောင်ဝမ်းသာရပါတယ်....

ကျွန်တော်ကတော့ ဦးနန်းဝင်းဆွေ ဒေါ်ဝတ်ရည်ဦးတို့ရဲ့သား မောင်ခန့်သက်မှူးဖြစ်ပါတယ်....ကျွန်တော်နဲ့အတူ အခုတက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြတဲ့ သူငယ်ချင်းများအားလုံး ကိုယ်ဝါသနာပါတဲ့တက္ကသိုလ်ကိုတက်ရောက်ပြီး တစ်နေ့မှာ နိုင်ငံတာဝန်ကို ကြိုးစားထမ်းဆောင်သွားပါမယ်ဆိုတာ ဒီနေရာကနေကတိပြုပါတယ်...နိုင်ငံတော်က အားထားယုံကြည်ရတဲ့ လူချွန်လူကောင်းတွေဖြစ်အောင် ကြိုးစားသွားပါမယ်....

ဌာနကနေအခုလို ဂုဏ်ပြုချီးမြှင့်ခြင်းခံရတဲ့ ကျွန်တော်တို့အနေနဲ့ ပညာကိုဆက်လက်ကြိုးစားသင်ကြားသွားမှာဖြစ်ပြီး နိုင်ငံတော်အပေါ်ပညာနဲ့ပြန်ပြီး အလုပ်အကျွေးပြုသွားပါမယ်ဆိုတာ ဒီနေရာကနေ ကျောင်းသား၊ ကျောင်းသူများကိုယ်စားကတိပေးပါတယ်...ထူးချွန်ထက်မြက်တဲ့နိုင်ငံ့သားကောင်းသမီးကောင်းတွေဖြစ်အောင် ကျွန်တော်တို့အားလုံးကြိုးစားဆောင်ရွက်သွားကြပါမယ်...

နိုင်ငံတစ်ခုတိုးတက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ်ဟာ အင်မတန်အရေးကြီးပါတယ်... သယံဇာတဘယ်လိုပေါများပါစေ ပညာရေးအခြေခံတဲ့ လူ့စွမ်းအားအရင်းအမြစ်သာ အားမသန်ခဲ့ရင် နိုင်ငံတော်တိုးတက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ပညာသင်ကြားစဉ်ဆရာ၊ ဆရာမများရဲ့ ဩဝါဒအရသိရှိခဲ့ပါတယ်... ဒါကြောင့်မို့ ကျွန်တော်တို့အားလုံးကို ဌာနမှလူကြီးများက အသိအမှတ်ပြုခဲ့၊ ဂုဏ်ပြုခဲ့တာတွေ၊ မိဘတွေရဲ့ ဂုဏ်ကျေးဇူးတွေကို တုံ့ပြန်တဲ့အနေနဲ့ ပညာနဲ့ပြန်ပြီးတုံ့ပြန်ကျေးဇူးဆပ်သွားကြပါမယ်... ဆက်လက်ပြီး တိုးတက်ကောင်းမွန်အောင် ကြိုးစားသွားပါမယ်လို့ပြောကြားရင်း နိဂုံးချုပ်ပါတယ်...

ဘဘညွှန်ကြားရေးမှူးချုပ်နဲ့တကွ အရာရှိကြီးများ၊ ကျောင်းသားမိဘများ၊ သူငယ်ချင်းများအားလုံး ကျန်းမာလန်းဖြာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်...ကျေးဇူးအများကြီးတင်ပါတယ်...ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

Transcom

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးအား အမှူးထား၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် (၅)ရက် တနင်္လာနေ့ နံနက် (၁၀)နာရီအချိန်တွင် ရန်ကုန်မြို့ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မွန်ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန၊ နာယကဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အစိုးရဓမ္မာစရိယ၊ ဘဒ္ဒန္တကေသရဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ၎င်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ နာကြားကြသည်။

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့်ဇနီး ဒေါ်လှလှသွယ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအားလည်းကောင်း၊ အထွေထွေမန်နေဂျာ၏ဇနီး ဒေါ်ဝင်းပပကျော်မှ ဝါဆိုသင်္ကန်း နှင့် လှူဖွယ်ပစ္စည်းများအားလည်းကောင်း၊ ဌာနမှူးများနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအားလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် မွန်ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာန၊ နာယကဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အစိုးရဓမ္မာစရိယ၊ ဘဒ္ဒန္တကေသရဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားများနာကြားကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ အထွေထွေမန်နေဂျာ၏ဇနီး၊ ဌာနမှူးများနှင့်ဇနီးတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တင်မောင်-ပို့/ဆက်

# "Final Stakeholder Workshop for Disaster Monitoring and Response System (DMRS)" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ United States Agency for International Development (USAID) နှင့် Pacific Disaster Centre (PDC) တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် "Building Disaster Monitoring and Early Warning Capacity within the Government of Myanmar by leveraging AHA Centre's DMRS System Project" နှင့်စပ်လျဉ်း၍ "Final Stakeholder Workshop" အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ Hotel Royal ACE ၌ ဩဂုတ်လ (၉)ရက် နံနက် (၀၉:၀၀) နာရီအချိန်မှ (၁၂:၀၀)အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများလုပ်ဆောင်နေသာ ဌာနဆိုင်ရာအသီးသီးအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ သတင်းအချက်အလက်များ ဝေမျှရန်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို အချိန်မီ ဆောင်ရွက်နိုင်ရန်အတွက် DMRS စနစ်ဖြင့် ထိရောက်စွာ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အကျိုးကျေးဇူးများအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများလုပ်ဆောင်နေသော ဌာနဆိုင်ရာကိုယ်စားလှယ်များအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်နိုင်ရန်အတွက် သတင်းအချက်အလက်များမျှဝေခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန် အရေးပေါ်အခြေအနေများဖြစ်ပေါ်လာလျှင် အာကာသဂြိုဟ်တုဆိုင်ရာအခြေပြုနည်းပညာများအသုံးပြု၍ ရရှိလာသောမြေပုံများကို ဆန်းစစ်လေ့လာခြင်းနှင့် တိကျသောသတင်းအချက်အလက်များကို အချိန်မီထုတ်ပြန်နိုင်စေမည့် ခေတ်မီနည်းပညာရပ်များဖြင့် သတင်းအချက်အလက်များထုတ်ပြန်နိုင်ခြင်း၊ ဌာနဆိုင်ရာအသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုများဖြင့် နည်းပညာများ၊ သတင်းအချက်အလက်များ မျှဝေခြင်းအတွက် DMRS စနစ် အသုံးပြုပုံများကို သိရှိနားလည်ထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းများတွင် များစွာအသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။


DMH

# Microsoft Office 365 Administrator Training နှင့် Securing Networking Using Wireshark Training သင်တန်းဖွင့်ပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ သင်တန်းကျောင်းတွင် User Security Groups နှင့် License ထိန်းသိမ်းခြင်း၊ Identity Synchronization၊ AD များ တည်ဆောက်ခြင်းများကို စာတွေ့လက်တွေ့ သိရှိနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် Microsoft Office 365 Administrator Training သင်တန်းနှင့် Wireshark tool ကို အသုံးပြု၍ Network ကွန်ရက်အတွင်းရှိ Packets များကို စစ်ဆေးခြင်း၊ မိမိ၏ Network ကွန်ရက်အတွင်း Security ပိုမိုလုံခြုံမှုရှိစေရန် ဆောင်ရွက်ခြင်းများကို စာတွေ့၊ လက်တွေ့သိရှိစေရန် ရည်ရွယ်၍ဖွင့်လှစ်သော Securing Networking Using Wireshark Training သင်တန်းတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ဩဂုတ်လ (၅)ရက်နံနက်ပိုင်းက နေပြည်တော်၊ ရုံးအမှတ် (၂) သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

Microsoft Office 365 Administrator Training (တတိယအကြိမ်) သင်တန်းကို တိုင်းနှင့်ပြည်နယ် အစိုးရအဖွဲ့အစည်း (၁၇)ခုမှ သင်တန်းသား (၃၄)ဦး တက်ရောက်ပြီး သင်တန်းကာလမှာ (၅-၈- ၂၀၁၉) ရက်မှ (၆-၈-၂၀၁၉) ရက်အထိ (၂) ရက်ဖွင့်လှစ်ပို့ချခဲ့ပါသည်။ Securing Networking Using Wireshark Training သင်တန်းကာလမှာ (၅-၈- ၂၀၁၉) ရက်မှ (၉-၈-၂၀၁၉) ရက်အထိ (၅) ရက် သင်တန်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၃၃) ခုမှ သင်တန်းသား (၄၁)ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်ဆွေဒွေးက အဖွင့်အမှာစကားပြောကြားခဲ့သည်။



သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ

## စီမံခန့်ခွဲမှု (အရာထမ်းလောင်း) သင်တန်းအမှတ်စဉ် (၄/၂၀၁၉) နှင့် ဒီဇယ်စက်ခေါင်း၊ စက်ပြင်သင်တန်းအမှတ်စဉ် (၃၆/၂၀၁၉) တို့ သင်တန်းဆင်းပွဲကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ အောင်ဆန်းခန်းမတွင် ဩဂုတ်လ (၉) ရက်က စီမံခန့်ခွဲမှု (အရာထမ်းလောင်း) သင်တန်းအမှတ်စဉ် (၄/၂၀၁၉) နှင့် ဒီဇယ်စက်ခေါင်း၊ စက်ပြင်သင်တန်းအမှတ်စဉ် (၃၆/၂၀၁၉) တို့ သင်တန်းဆင်းပွဲများကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက်သင်တန်းဆင်းအောင်လက်မှတ်များကို ဒုတိယကျောင်းအုပ်ကြီးနှင့် ညွှန်ကြားရေးမှူး (သလရ) တို့က အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသူများကို ကျောင်းအုပ်ကြီးက၊ ပထမ၊ ဒုတိယ၊ တတိယဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းဆင်းကျောင်းသား/ ကျောင်းသူများကို ကျောင်းအုပ်ကြီးက လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး- ဆသရ

## MMU ကိုယ်စားပြု ဂျူဒိုအသင်းမှ ရွှေ (၂)ခု၊ ငွေ (၁)ခုနှင့် ကြေး (၅)ခု ရရှိ

ရန်ကုန်မြို့၊ အောင်ဆန်းအားကစားကွင်းတွင် ဩဂုတ် (၅)ရက်မှ ဩဂုတ် (၆)ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲသို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကိုယ်စားပြု ဂျူဒိုအသင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကိုယ်စားပြု ဂျူဒိုအသင်းမှ မောင်အောင်မြတ်ကျော် (ဒုတိယနှစ်၊ MM) နှင့် မဟန်လီဇာ (ဒုတိယနှစ်၊ PH ) တို့မှ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မနွယ်နီမြင့်အောင် (ဒုတိယနှစ်၊ RC) မှ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မောင်ဟန်လင်းအောင် (ဒုတိယနှစ်၊ EE)၊ မလဝန်းဖြူ (ပထမနှစ်၊ NA)၊ မဆုရည်ခိုင် (ပထမနှစ်၊ NA)၊ မဖွေးသစ်ဖြူ (ပထမနှစ်၊ PH)၊ မအိမ့်မူးသွယ်စံ (ပထမနှစ်၊ PH) တို့မှ ကြေးတံဆိပ်ဆုများကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

တင်မောင်- ပို့/ဆက်

## MMU သို့ Daizen Myanmar Co.Ltd (SEZ , Thilawa) မှ အလုပ်အကိုင်အခွင့်အလမ်းများအတွက် လာရောက်ဆွေးနွေး

သီလဝါအထူးစီးပွားရေးဇုန်တွင် အခြေစိုက်လုပ်ကိုင်လျက်ရှိသော Logistics ကုမ္ပဏီတစ်ခုဖြစ်သည့် Daizen Myanmar Co. Ltd (SEZ , Thilawa) မှ ဧည့်သည်တော်များသည် ဩဂုတ် (၇)ရက် နံနက် (၁၀း၃၀)နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လာရောက်၍ Internship program ပေးအပ်နိုင်ရေးနှင့်ပတ်သက်၍ ပါမောက္ခချုပ်နှင့်အဖွဲ့အား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးချက်များတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် နောက်ဆုံးနှစ်တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူတို့အား ၎င်းတို့၏ကုမ္ပဏီတွင် အလုပ်သင်များ (Internship) အဖြစ် အောက်တိုဘာလမှစတင်၍ ခန့်အပ်သွားလိုကြောင်းနှင့် စိတ်ပါဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်သွားလိုကြောင်းတို့အား ဆွေးနွေးခဲ့ကြသည်။

တင်မောင်- ပို့/ဆက်

## IP Networking သင်တန်းအမှတ်စဉ် (၂/ ၂၀၁၉) နှင့် OBD II သင်တန်းအမှတ်စဉ် (၂/၂၀၁၉) တို့၏ သင်တန်းဖွင့်ပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမတွင် ဩဂုတ် (၅) ရက်က IP Networking သင်တန်းအမှတ်စဉ် (၂/ ၂၀၁၉) နှင့် OBD II သင်တန်းအမှတ်စဉ် (၂/ ၂၀၁၉) တို့ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက်ဒုတိယကျောင်းအုပ်ကြီးသည် သင်တန်းတက်ရောက်မည့် သင်တန်းသား/ သင်တန်းသူများကို လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

လှမျိုး- ဆသရ

## Wireless LAN Training နှင့် Microsoft Office Power Point 2010 Training သင်တန်းဖွင့်ပွဲ ကျင်းပ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ သင်တန်းကျောင်းတွင် ဌာနဆိုင်ရာများ၏ ရုံးဌာနအဆောက်အဦအတွင်းရှိ Internet (သို့မဟုတ်) Inteanet အတွက်ရည်ရွယ်၍ ကြိုးမဲ့ကွန်ရက် (Wireless Network) ချိတ်ဆက်ခြင်း၊ Operation and Maintenance ဆောင်ရွက်ခြင်းနည်းပညာများကို စာတွေ့၊ လက်တွေ့သိရှိနိုင်စေရန် ရည်ရွယ်၍ဖွင့်လှစ်သည့် Wireless LAN Training (ဒုတိယအကြိမ်) သင်တန်းနှင့် ဒေတာ၊ အချက်အလက်များကို ရုပ်ပုံကားချပ်များ Animation တို့ဖြင့် ရှင်းလင်းတင်ပြခြင်းနှင့် Presentation Slide များ လက်တွေ့လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်သော Microsoft Office Power Point 2010 Training (ဒုတိယအကြိမ်) သင်တန်းတို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ဩဂုတ်လ (၁၃) ရက် နံနက်ပိုင်းက နေပြည်တော်၊ ရုံးအမှတ် (၂) သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Wireless LAN Training (ဒုတိယအကြိမ်) သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၁၇) ခုမှ သင်တန်းသား (၃၅) ဦးနှင့် Microsoft Office PowerPoint 2010 Training (ဒုတိယအကြိမ်) သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၂၂) ခုမှ သင်တန်းသား (၄၂) ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းကာလများမှာ (၁၃-၈-၂၀၁၉) ရက်မှ (၁၆-၈-၂၀၁၉) ရက်အထိ (၄) ရက်ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲများသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်း၊ ကျောင်းအုပ်ဒေါ်ခင်ဆွေဌေးနှင့် ဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ကျောင်းအုပ်က အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲပြုလုပ်



၂၀၁၉-၂၀၂၀ ပညာသင်နှစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအစီအစဉ်ဖြင့် ကျင်းပသည့် (၁၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဩဂုတ်လ (၁၅)ရက် နံနက် (၁၀း၀၀)နာရီတွင် တက္ကသိုလ်မွှောရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများမှ ကန်တော့ခံ ဆရာ/ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ခဲ့ကြပြီး ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဆရာမကြီး ဒေါ်ခင်စန်းရီ၊ အင်ဂျင်နီယာ သင်္ချာဌာနမှ ပါမောက္ခ/ ဌာနမှူး ဆရာမကြီး ဒေါ်သင်းသင်းကြူနှင့် ရေကြောင်းအင်ဂျင်နီယာပညာဌာနမှ ဆရာကြီး ဦးဝင်းငွေနှင့် ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာပညာဌာနမှ ဆရာဦးလင်းလင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအား ဆုံးမဩဝါဒစကားများအား ပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများမှ ကန်တော့ပစ္စည်းများဖြင့် ဆရာ/ ဆရာမများအား ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်



# MyanmarSat 2 ပါဝင်သော Intelsat 39 ကို ပတ်လမ်းတွင် စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိ

မကြာခင်ကလွှတ်တင်ထားသော MyanmarSat 2 ပါဝင်သည့် IS 39 ဂြိုဟ်တုကို ကောင်းမွန်သေချာစွာ သက်တမ်းစေ့ လည်ပတ်အသုံးပြုနိုင်ရန်အတွက် ဂြိုဟ်တုတွင် ပါလာသောစက်များဖြင့် စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ကျယ်ပြန့်စွာ ဝင်ရောက်ဆက်သွယ်နိုင်ခြင်းနှင့် သေချာသော စီးပွားဖြစ်ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှု ကွန်ရက်ကို အသုံးပြုနိုင်စေရန်အတွက် ကျွမ်းကျင်သော Intelsat အင်ဂျင်နီယာများက မြေပြင်စခန်းနှင့် အခြေခံအဆောက်အဦများအသုံးပြု၍ ပတ်လမ်းရောက်စမ်းသပ်မှု (In-Orbit Testing) များကို အသုံးပြုသူတို့ လိုအပ်ချက်များအလိုက် စမ်းသပ်စစ်ဆေးလျက်ရှိသည်။

MyanmarSat 2 အပိုင်းနှင့် Intelsat ၏ IS 39 အပိုင်းတို့တွင် အသုံးပြုမည့် C-Band နှင့် Ku-Band ဂြိုဟ်တုချန်နယ်လိုင်းအင်အားများကို Intelsat ၏ IOT Service (In-Orbit Testing) ပတ်လမ်းရောက်ရှိစမ်းသပ်မှုများဖြင့် အောက်ဖော်ပြပါ ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးလျက်ရှိသည်။

- ပတ်လမ်းတည်နေရာ မှတ်ပုံတင်ထားမှုနှင့် စိစစ်ခြင်း၊
- ကပ်လျက်ရှိသော Operator များနှင့် ပုံစံတင်ပို့ခွင့်ပြုမိန့်များ၊ စည်းမျဉ်းဆိုင်ရာများကို ညှိနှိုင်းခြင်း၊
- စမ်းသပ်မှုအစီအစဉ်များကို စိစစ်တွက်ချက်ထုတ်ပေးခြင်း၊
- စခန်းတစ်ခု (သို့မဟုတ်) စခန်းများစုပေါင်း၍ပတ်လမ်းရောက်ရှိစမ်းသပ်မှုများကို စမ်းသပ်ချိန်တိုတောင်းအောင်ဆောင်ရွက်ခြင်း၊
- ကမ္ဘာပေါ်ရှိ စခန်းများနှင့် အလိုအလျောက်တိုင်းထွာစမ်းသပ်စေခြင်း၊
- တပ်ဆင်ထားသည့် စက်ပစ္စည်းများကို အချိုးကျနစွာ ချိန်ညှိပေးခြင်း၊
- ဝန်ဆောင်မှုအသုံးပြုသည့် စခန်းများတွင်လည်း လွယ်ကူရိုးရှင်းစွာ စမ်းသပ်နိုင်အောင် ဝန်ဆောင်မှုပေးခြင်း၊
- အမည်မဖော်လိုသော အသုံးပြုလိုသူများအတွက်လည်း အထူးအစီအစဉ်ဖြင့် အချက်အလက်များကို မမြင်နိုင်အောင် စီစဉ်စမ်းသပ်ပေးခြင်း၊

စသည့်စမ်းသပ်မှုများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း လေ့လာတင်ပြအပ်ပါသည်။

ဝင်းအောင် (ITCS)



# Cant

## မင်းဆွေ (ယန္တရား)

ရထားလမ်းတွင် Cant ဆိုသည်မှာ ကွေ့ရှိ ဘယ်နှင့်ညာ ရထားသံလမ်းထိပ်နှစ်ခု၏ အနိမ့်အမြင့်ကွာခြားချက်ဖြစ်ပြီး အပြင်ဘက်သံလမ်းကအတွင်း(ဗဟို) ဘက်ရှိသံလမ်းထက်ပိုမြင့်ပါသည်။ Cant ကို ဟန်ချက်ညီအမြင့်ဟု မှတ်သားနိုင်ပါသည်။ Cant မမှန်လျှင်ဘာဖြစ်မလဲ။ Cant မမှန်လျှင် ကုန်းပေါ်မှာသွားတဲ့ရထားဟာ ရေထဲမှာသွားတဲ့လှေလို လူးမှာလိမ့်မှာဖြစ်ပြီး ဆင်ကြီးတစ်ကောင်ကိုစီးရသလို ခံစားကြရမှာဖြစ်ပါတယ်။

စက်ယန္တရားကြီးများကိုအသုံးပြု၍ ရထားလမ်း၏ Track Geometry များကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Mechanized Track Maintenance) ဆောင်ရွက်ရာတွင် ရထားလမ်း၏ Track Geometry များနှင့် Track Parameter များကို ကောင်းမွန်စွာကြေကြေညက်ညက်သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါသည်။

အရေးကြီးသည့် Track Parameter များစွာရှိသည့်အနက် အရေးပါသည့် Track Parameter တစ်ခုဖြစ်သည့် Cant အကြောင်းကို ဆွေးနွေးပါမည်။

ရထားလမ်းတစ်လမ်းတွင် Straight line ရော Curve ပါ ပါရှိပါတယ်။ Curve တစ်ခုတွင် Radious တစ်ခုရှိပြီး၊ ရထားလမ်းပေါ်ရှိ Curve တိုင်းသည် Single Curve၊ Double Curve ဆိုပြီး ရှိပါတယ်။ Double Curve တွင် Radious များ Direction တူ ပေါင်းထားသော Curve ကို Compound Curve ဟုခေါ်ပြီး Direction မတူ ပေါင်းထားသော Curve ကို Reverse Curve ဟု ခေါ်ပါသည်။

Curve (၂)ခု ပေါင်းထားခြင်းဖြစ်သဖြင့် အဆိုပါ Curve (၂)ခု၏ Radious (၂)ခုသည်လည်းမတူပါ။ ရထားလမ်းပေါ်တွင် ရထားတစ်စီးခုတ်မောင်းသွားသည့်အခါလမ်းဖြောင့် (Straight Line) ပေါ်၌ ရထား၏အလေးချိန်သည် အောက်တည့်တည့်သို့သာ သက်ရောက်နေပြီး ဘယ်/ ညာ သံလမ်းပေါ်သို့ တွန်းကန်သည့်အားမရှိပါ။ (ဇလီဖားပေါ်၌ သံလမ်းဖိနပ်အထိုင်ကို အနည်းငယ်စောင်းထားသဖြင့် ဇလီဖားတုံးပေါ်သက်ရောက်သည့် အားများကို မဆိုလိုဘဲ သံလမ်းပေါ်ကရထားကြောင့် သက်ရောက်သည့်အားများကိုသာ ဆိုလိုပါသည်။)

သို့သော်ကွေ့များ၌ ဖြတ်သန်းခုတ်မောင်းသည့်အခါ ရထား၏အလေးချိန်သည် အောက်သို့သက်ရောက်သည့်အား (Normal Force) အပြင်ဘေးဘက်သို့ တွန်းကန်သည့်အား (Lateral Force) ပါ သက်ရောက်လာပါသည်။ ထို့ကြောင့် ကွေ့များ၌ Design အရ Super Elevation (SE) အတွက် Cant များ ထည့်သွင်းတည်ဆောက်ထားရပါသည်။

သတ်မှတ်အရှိန်နှုန်းဖြင့် မောင်းနှင်လာသည့် ရထားတစ်စီးသည် ကွေ့ပေါ်၌ အရှိန်ဖြင့်မောင်းနှင်ဖြတ်သန်းရာတွင် ရထားလမ်း (Track) တစ်ခုတွင် သံလမ်း (Rail) နှစ်ချောင်းရှိသည့်အနက် အပြင်ဘက် သံလမ်း (Outer Circular Rail) ပေါ်သို့ ဗဟိုခွာအား Centrifugal force သက်ရောက်နေပြီး Design Speed ကို မရောက်ရှိသည့်အခါ (သို့မဟုတ်) သတ်မှတ်အရှိန်နှုန်းထက်လျော့နည်း၍ မောင်းနှင်ဖြတ်သန်းသည့်အခါ အတွင်း (ဗဟို)ဘက်သံလမ်း (Inner Circular Rail) ပေါ်သို့ ဗဟိုချဉ်းအား Centripetal Force သက်ရောက်လာပါသည်။

Curve များ၌ Cant ကို ထည့်သွင်းတည်ဆောက်ထားသည့်အတွက် ရထားလမ်းပေါ်၌ အရှိန်ဖြင့်ဖြတ်သန်းသွားသည့် ရထားသည် Body's Inertia (အရာဝတ္ထုတစ်ခုသည် ရပ်မြဲရပ်နေလိုသောသဘောနှင့် ရွေ့လျားမြဲ ရွေ့လျားနေလိုသောသဘော)ကြောင့် ဖြစ်ပေါ်လာသည့် ဗဟိုခွာအားကို ရထား၏ Weight၊ ကမ္ဘာ့ဆွဲအား Gravity နှင့် Cant Angle တို့ကြောင့် ဖြစ်လာသော အားက ရထားက အပြင်သို့ထွက်မသွားအောင်ပြန်ဆွဲထားသဖြင့် ရထားမှာပြေးလမ်းပေါ်မှ လူးလိမ့်ထွက်သွားခြင်းမရှိဘဲ ညင်သာတည်ငြိမ်စွာ ဖြတ်သန်းခုတ်မောင်းသွားနိုင်ခြင်းဖြစ်ပါသည်။

မြန်မာ့မီးရထားရှိလမ်းပိုင်းများကို ET (Element of Transition) အရ အမျိုးအစား (၄)မျိုးခွဲခြားသတ်မှတ်ထားရာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ET-1 Fast Plain Sections
- ET-2 Medium Plain Sections
- ET-3 Slow Plain Sections and Light Ghat Sections
- ET-4 Heavy Ghat Sections
- E.T-1 Element of Transition 1

First Plain Section ဖြစ်သည်။

မြေပြန့်အမြန်ဆုံးရထားများပြေးဆွဲနိုင်သည်။ Vaccum Brake Passenger Train များ 45 mph အထိ ပြေးဆွဲနိုင်သည်။ အများဆုံးကွေ့ဒီဂရီသည် (၆) ဒီဂရီဖြစ်ပြီး အများဆုံး Gradient (ဆင်ခြေလျှောမတ်စောက်မှု) သည် 1 in 200 ဖြစ်သည်။ ဥပမာ- ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည် လမ်းပိုင်းဖြစ်သည်။

ET-2 Element of Transition 2Medium Plain Section ဖြစ်သည်။

အလတ်စားမြေပြန့်ဖြစ်သည်။ ရထားများတစ်နာရီလျှင် (၃၅)မိုင်အထိ ပြေးဆွဲနိုင်သည်။ အများဆုံးကွေ့ဒီဂရီသည် (၆)ဒီဂရီဖြစ်ပြီး အများဆုံး Gradient (ဆင်ခြေလျှောမတ်စောက်မှု)သည် 1 in 125 ဖြစ်သည်။ ဥပမာ- ပဲခူး-မုတ္တမ လမ်းပိုင်းဖြစ်သည်။

ET-3 Element of Transition 3

အနေးရထားများပြေးဆွဲနိုင်ပြီး တောင်ကုန်းများအနည်းငယ်ရှိသော လမ်းပိုင်းမျိုးဖြစ်သည်။ အများဆုံးကွေ့ဒီဂရီသည် (၁၄)ဒီဂရီဖြစ်ပြီး အများဆုံး Gradient (ဆင်ခြေလျှောမတ်စောက်မှု)သည် 1 in 100 ဖြစ်သည်။ ဥပမာ-ပျဉ်းမနား-ကျောက်ပန်းတောင်း လမ်းပိုင်းဖြစ်သည်။

ET-4 Element of Transition 4

တောင်ပေါ်လမ်းများဖြစ်သည်။ အများဆုံးကွေ့ဒီဂရီသည် (၁၇)ဒီဂရီဖြစ်ပြီး အများဆုံး Gradient (ဆင်ခြေလျှောမတ်စောက်မှု)သည် 1 in 25 ဖြစ်သည်။ ဥပမာ- ဆည်တော်-ပြင်ဦးလွင် လမ်းပိုင်းဖြစ်သည်။ ရန်ကုန်-မန္တလေးမီးရထားလမ်းနှင့် ရန်ကုန်-ပြည် မီးရထားလမ်းတို့သည် ET-1 အမျိုးအစားများဖြစ်ကြပါသည်။

Fast Plain Sections ဖြစ်သည့်အတွက် ရန်ကုန်-မန္တလေး ရထားလမ်းရှိအများဆုံး Gradient သည် 1 in 200 ဖြစ်ပါသည်။ ဤလမ်းပေါ်ရှိ ကွေ့ဒီဂရီအများဆုံးရှိသော (၆) ဒီဂရီကွေ့၌ Cant (ဟန်ချက်ညီအမြင့်) တွက်ချက်ပုံကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

ရထားလမ်းများ၌ တံတားကြီးများလည်းရှိရာ များသောအားဖြင့် တံတားများကို ကွေ့နေရာများ၌ ထည့်သွင်းတည်ဆောက်လေ့မရှိပါ။ တံတားပေါ်တွင် Cant မထည့်လိုသောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် မရှောင်မလွှဲသာသော အခြေအနေ၌ ကွေ့ပေါ်တွင်လည်း တံတားများရှိတတ်သည်။

ရန်ကုန်-မန္တလေး ရထားလမ်း၌ ကွေ့ထဲတွင် တံတားရှိနေသောတိုင်းနယ်မြေမှာ တိုင်းအမှတ် (၃) မန္တလေးနယ်မြေဖြစ်ပါသည်။

ထို့အပြင် တိုင်းအမှတ် (၃)နယ်ထဲရှိ တောင်ပေါ်လမ်းပိုင်းဖြစ်သော မန္တလေး- လားရှိုး လမ်းပေါ်မှ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးသည် တံတားအဝင်၌ ကွေ့နှင့်ဝင်ပြီး တံတားအထွက်၌ ကွေ့နှင့်ထွက်သွားသည့် တစ်ခုတည်းသော တံတားကြီးတစ်စင်းဖြစ်ပါသည်။

ခေတ်မီသော ရထားလမ်းပြုပြင်ထိန်းသိမ်းရေး စက်ယန္တရားကြီးများတွင် ကွန်ပျူတာထဲသို့ Track Geometry များကို ထည့်သွင်းပေးလျှင် စက်မှလိုအပ်သလို အလိုအလျောက် တွက်ချက်လုပ်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

သို့ရာတွင် ကွန်ပျူတာ၏ သဘောသဘာဝအရ Garbage in Garbage out ဖြစ်ရာ အမှိုက်သွင်းလျှင် အမှိုက်ပဲပြန်ထွက်လာမှာဖြစ်ပါတယ်။

ထို့ကြောင့် ထိုစက်ယန္တရားကြီးများကို Operate လုပ်မည့် Mechanical Engineer များသည် Track Geometry များကို ကောင်းကောင်းနားလည်ပြီး မှန်ကန်သောအချက်အလက်များကို စက်အတွင်းသို့ Input ပြုလုပ်ပေးနိုင်မှသာ Output အဖြစ်ကောင်းမွန်သေချာခိုင်ခံ့သော ရထားလမ်းတစ်ခုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ထို့အတွက် Potential ရှိသော လူငယ်များအား ကြိုတင်မွေးမြူလေ့ကျင့်ပေးထားရန် လိုအပ်ပါသည်။ Cant ကို ဟန်ချက်ညီအမြင့်ဟု မှတ်သားနိုင်ပါသည်။ ရထားလမ်းကွေ့များ၌ Cant များထည့်သွင်းတည်ဆောက်ရာတွင် အောက်ပါအချက်များပေါ် မူတည်၍ တွက်ချက်ပါသည်။

Everage Velocity (Ve)

Curve Degree (D)

Everage Velocity တွက်ချက်ရာ၌ ၎င်းလမ်းပိုင်း၌ ပြေးဆွဲနေသော ရထားများ၏ အမြန်နှုန်းအမျိုးမျိုးကိုပေါင်း၍ အမျိုးအရေအတွက်နှင့် စားခြင်းဖြစ်သည်။

ဥပမာအားဖြင့် ET-1 Section ဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပေါ်တွင် 45mph၊ 40mph၊ 35mph၊ 30mph ဟူ၍ ပြေးနှုန်းမတူသော ရထား (၄)မျိုး ပြေးဆွဲနေသည်ဆိုပါစို့။ ၎င်းပြေးနှုန်း (၄)ခုကိုပေါင်းပြီး (၄) နဲ့စားရာ everage velocity (Ve) သည် 37.5 mph ရရှိပါသည်။

ရန်ကုန်-မန္တလေး ရထားလမ်းပေါ်၌ Curvature Degree သည် အများဆုံး 6 Degree ရှိပါသည်။ ထို့ကြောင့် Radius of Curvature 6 Degree ရှိသည့်ကွေ့၌ Cant ဘယ်လောက်ဖြစ်မည်ကို နမူနာတွက်ပြပါမည်။

ET-1 အရ Cant တွက်ချက်သည့် equation ကို အကျဉ်းဆုံးထိတွက်ချက်ပြီးနောက် နောက်ဆုံးရရှိသည့် ညီမျှခြင်းမှာ-

C=0.0004589*(Ve)*(Ve)*D ဖြစ်ပါသည်။

ထိုညီမျှခြင်းထဲသို့ သက်ဆိုင်ရာတန်ဖိုးများထည့်တွက်သည့်အခါ Cant သည် (3.87 ... in) ထွက်လာမည်ဖြစ်ပြီး မီလီမီတာသို့ပြောင်းလိုက်သည့်အခါ (98.348...) မီလီမီတာရရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် (၆)ဒီဂရီကွေ့၏ ဟန်ချက်ညီအမြင့်ဖြစ်သော Cant သည် (98.348)mm ဟု အထက်ပါညီမျှခြင်းမှ တွက်ထုတ်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ဤတွက်ချက်မှုကို ရထားလမ်းအင်ဂျင်နီယာများက မိမိနယ်မြေအတွင်းရှိ ကွေ့များအတွက် အသင့်တွက်ချက်၍ ကွေ့အတွက်အသင့်သုံးအထစ်လေးများပြုလုပ်ပေးထားပြီး လမ်းလုပ်သားများက ၎င်းအထစ် (လှေကားထစ်ပုံပြုလုပ်ထားသော သစ်သားကိရိယာလေး)ကိုသုံး၍ ၎င်းအလုပ်သမားများပြုပြင်သည့်ကွေ့ကို (၁)ထစ်ကွေ့၊ (၂)ထစ်ကွေ့ဟု မှတ်သားဆောင်ရွက်စေကြပါသည်။

ဥပမာအားဖြင့် (၂)ထစ်ကွေ့ဆိုသည်မှာ နိမ့်သည့်အတွင်းဘက်သံလမ်းပေါ်သို့ အဆိုပါသစ်သားကိရိယာလေးကို မှောက်၍ (၂)ထစ်မြောက်၌တင်ကာ သူ့ရဲ့ကျောပေါ်ရှိပြင်ညီနှင့် တဖက်ရှိမြင့်သည့် သံလမ်းခေါင်းပေါ်ဖြတ်၍ တန်းပစ်ကာ ရေချိန် ချိန်လျှင် Level ညီ၍ zero ဖြစ်နေစေရပါမည်။

ထို့ကြောင့် ရန်ကုန်-မန္တလေး ရထားလမ်း၏ 6 Degree ကွေ့ပေါ်၌ ဘယ်ညာ သံလမ်း (၂)ချောင်းသည် အနိမ့်အ မြင့် 98.348mm ကွာခြားပါမည်။

ဤကွာခြားချက်ကြောင့် Cant Angle တစ်ခုဖြစ်လာပြီး သူ့အပေါ်ဖြတ်မောင်းသည့် ရထားစက်ခေါင်း/ တွဲတို့၏ အလေးချိန်နှင့် ယခုဖြစ်ပေါ်နေသော Cant Angle တို့ကြောင့် Geometry နည်းအရ အားတစ်ခုဖြစ်ပေါ်လာပါသည်။


၎င်းကိုတွက်ထုတ်လျှင် မြင့်သည့်သံလမ်းက စက်ခေါင်း/ တွဲအား ဗဟိုဘက်သို့ ပြန်လည်တွန်းသွင်းနေသည့်အားသည် W Sin ဖြစ်လာသည်။ (၇၅)တန်လေးသည့် စက်ခေါင်းအတွက် ပြန်တွန်းသွင်းနေသည့်အားမှာ 7.3468 တန်ဖြစ်ပါသည်။ ၎င်းရထားသည် Radius= 290.93 meter ရှိသော စက်ဝန်းတစ်ခု၏ အနားပေါ်၌ပြေးဆွဲနေခြင်းဖြစ်ကြောင်း ဆက်လက်၍တွက်ထုတ်နိုင်ပါသည်။


သံလမ်း (၂)ချောင်း၏ အဆက်များကို ရထားလမ်းအ

တ-၁၃ »

E.T CLASSIFICATION OF SECTIONS

| ET Classification | Type of Section | Maximum Permissible speed $V_m$ mph | Speed for which SE is to be applied VE mph | Maximum Curvature Degrees | Maximum S.R em ins | Maximum Cant angle Cm radians |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| I | Fast Plains Section | V.B pass 40 & 45 other 35 & 40 Goods 30 | 37.5 | 6° | 3.8718 | 0.092185 |
| II | Medium Plains Section | 30 & 35 | 33 | 6° | 2.9983 | 0.071387 |
| III | Slow Plains Section and Light ghat Sections | 20 & 25 | 24 | 14° | 3.7004 | 0.088105 |
| IV | Heavy ghat Sections | 10 & 15 | 12 | 17° | 1.1233 | 0.026752 |



# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် အသုံးပြုမည့်သံလမ်းများ Cosmic Tiger သင်္ဘောဖြင့် စတုတ္ထအကြိမ်ရောက်ရှိ




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းများအဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံမှ ODA Loan ဖြင့် ဝယ်ယူထားသည့် ရထားသံလမ်းများသည် Cosmic Tiger သင်္ဘောကြီးဖြင့် ရထားသံလမ်းတန်ချိန် (၂၈၄၇)တန်သယ်ဆောင်လာကာ ဩဂုတ်(၁၄) ရက်၊ ညနေ (၆)နာရီတွင် ဆူးလေဆိပ်ကမ်းသို့ စတုတ္ထအကြိမ်ရောက်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါ ရထားသံလမ်းများနှင့် ပတ်သက်၍ မြန်မာ့မီးရထားတိုင်း (၇)သွားလာရေးမန်နေဂျာ ဦးဇော်လွင်က "ယခုရောက်ရှိလာတာက စတုတ္ထအကြိမ်မြောက်ရောက်ရှိလာခြင်းဖြစ်တယ်။ ရထားသံလမ်းတန်ချိန် (၂၈၄၇)တန်ပါလာတယ်။ သံလမ်းအချောင်းရေကတော့ (၂၂၆၀)ချောင်းပါတယ်။ သံလမ်းရဲ့ ခံနိုင်ရေအားက ပေါင် (၁၁၁)ခန့် နိုင်တဲ့အတွက် ရထားပြေးဆွဲနိုင်မှု မြန်ဆန်လာမယ်"ဟု ပြောသည်။ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းအသုံးပြုမည့်သံလမ်းသည် ဂျပန်နိုင်ငံမှ တတိယအကြိမ်အဖြစ် သယ်ဆောင်လာသည့် ISTORYA အမည်ရှိသင်္ဘောကြီးမှာ ဩဂုတ် (၁၀)ရက်၊ မွန်းလွဲ (၂)နာရီတွင် ဆူးလေဆိပ်ကမ်းသို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်္ဘောကြီးပေါ်တွင် ရထားသံလမ်းတန်ချိန် (၂၈၄၇)ကို တင်ဆောင်လာခဲ့သည်။ "သယ်မှာက (၂၂)ခေါက်တိတိသယ်မှာပါ။ အရင်က ရန်ကုန်-မန္တလေးမှာ အသုံးပြုတဲ့ သံလမ်းက (၇၅) ပေါင်ပါ၊ အခုပေါင် (၁၁၁)ပေါင် လဲလှယ်အသုံးပြုသွားမှာမို့ အလေးချိန်ပိုများတော့ ရထားပြေးဆွဲနှုန်းမြန်ဆန်လာမှာဖြစ်ပါတယ်။ အရင်က အသုံးပြုတဲ့ သံလမ်းရဲ့ပေက (၃၉)ပေပဲရှိတယ်၊ အခုသံလမ်းရဲ့ အရှည်ကတော့ (၈၂) ပေရှိတယ်။ အခုလက်ရှိမှာ အများဆုံးပြေးနိုင်တာက တစ်နာရီကို မိုင် (၄၀)နဲ့ပဲ ပြေးနေတယ်။ နောက်ပိုင်းကျရင်တော့ ကီလို (၁၀၀)၊ (၁၂၀)ပြေးနိုင်ဖို့ရည်ရွယ်ပြီး လုပ်ခြင်းဖြစ်ပါတယ်"ဟု မြန်မာ့မီးရထားတိုင်း (၇)မြို့ပြအင်ဂျင်နီယာဌာနမှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးကျော်လွင်က ပြောသည်။ ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ချေးငွေ အမေရိကန်ဒေါ်လာ (၂)ဒသမ (၇)ဘီလီယံသုံးစွဲမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်စီမံကိန်း အဖြစ်သတ်မှတ်လုပ်ဆောင်သွားမည်ဖြစ်သည်။ ယခုအစားထိုးဆောင်ရွက်မည့် ဂျပန်သံလမ်းများမှာ သံလမ်းအဆက်များနည်းပညာသစ်အရဆောင်ရွက်ထားသဖြင့် သံလမ်းဆောင့်မှုနည်းပါးပြီး ငြိမ့်ညောင်းသက်သာစွာခုတ်မောင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

Transcom

## Nippon Koei (Japan) မှ အလုပ်အကိုင်အခွင့်အလမ်းများ လာရောက်ဆွေးနွေး

ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီမှ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်လျက်ရှိသော နောက်ဆုံးနှစ်မှ ဆိပ်ကမ်းအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများအား ဩဂုတ် (၁၅)ရက် မွန်းလွဲ (၁း၀၀) နာရီတွင် လာရောက်တွေ့ဆုံခဲ့သည်။ ထို့နောက် ပါမောက္ခချုပ်မှ အဖွင့်အမှာစကားပြောကြားပြီး Nippon Koei ကုမ္ပဏီမှ Managing Director ဖြစ်သူ Mr.Iwami မှ ၎င်းတို့၏ ကုမ္ပဏီနှင့်ပြည်ပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား Presentation ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ၎င်းကုမ္ပဏီတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော ကျောင်းသားများမှလည်း Knowledge Share ခြင်းတို့အား ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်




# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်းများ ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည်



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် (Myanmar Mercantile Marine College) ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်းများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်၍ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုဖွင့်လှစ်မည့်အရာရှိလောင်းဒီပလိုမာသင်တန်းများမှာ ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း (CD/48)၊ ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း (CE/ 46)၊ ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း (CME/1)၊ ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies)၊ ရေကြောင်းနည်းပညာ ဒီပလိုမာ (Diploma in Maritime Technology)၊ ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology) တို့ဖြစ်သည်။

အဆိုပါ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးဦးဇော်လွင်ဦးမှ "ကျွန်တော့်နာမည်ကဦးဇော်လွင်ဦးဖြစ်ပါတယ်။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရဲ့ ကျောင်းအုပ်ကြီးတာဝန်ကို ထမ်းဆောင်နေပါတယ်။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်းများကို ယခုနှစ်ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်မှာဖြစ်ပါတယ်။ သင်တန်းအမျိုးအစားတွေကတော့ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း၊ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်းဒီပလိုမာသင်တန်းနဲ့ ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်းတွေပဲဖြစ်ပါတယ်။ သင်တန်းဝင်ခွင့်အနေနဲ့ကတော့ အခြေခံပညာအထက်တန်းကို အနည်းဆုံးအမှတ် (၄၁၀)နဲ့ အောင်မြင်ထားတဲ့သူတွေ လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းအနေနဲ့ကတော့ အမျိုးသားသီးသန့်ပဲလက်ခံတဲ့ကျောင်းဖြစ်ပါတယ်။ လျှောက်မယ့်သူက အိမ်ထောင်မရှိလူပျိုဖြစ်ရပါမယ်။ နောက်ပြီး မျက်စိနဲ့ ကျန်းမာရေးအတွက်ဆေးစစ်မှုခံယူရမှာဖြစ်ပါတယ်။ နောက် တက်တူးထိုးထားတဲ့သူတွေ လျှောက်ထားလို့မရပါဘူး။ ပညာအရည်အချင်းအနေနဲ့ကတော့ အနည်းဆုံးအမှတ် (၄၁၀)နဲ့ သင်္ချာ၊ ရူပ၊ ဓာတု ဘာသာရပ်တွေနဲ့ အောင်မြင်ထားတဲ့သူတွေလျှောက်လို့ရပါတယ်။

ကျွန်တော်အဓိကပြောချင်တာကတော့ ဒီကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်းက လာမယ့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာစပြီး ပထမဆုံးဖွင့်လှစ်မယ့်သင်တန်းဖြစ်ပါတယ်။ ဒီဘာသာရပ်ကို ထပ်တိုးပြီးဖွင့်လှစ်ရ တဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့ကျောင်းမှာ နှစ်စဉ်ပြည်ပ သင်္ဘောကုမ္ပဏီကနေပြီးတော့ ကျောင်းဆင်း ကျောင်းသားအရာရှိလောင်းတွေကို ခေါ်ယူလေ့ရှိပါတယ်။ အဲဒီတော့ ပြည်ပကုမ္ပဏီတွေက သူတို့သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ဖို့အတွက် ဒီရေကြောင်းလျှပ်စစ် အရာရှိလောင်းတွေကို တောင်းဆိုပါတယ်။ အဲဒီအတွက် ထပ်တိုးဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်။ ဒီဘာသာရပ်အတွက် သင်တန်းသား (၂၀)ဦး ခန့်မှန်းထားပါတယ်။ အခုက လျှောက်လွှာလက်ခံနေဆဲဖြစ်တဲ့အတွက် အတိအကျတော့ မသိရသေးဘူး။ အကြမ်းဖျင်းအားဖြင့်တော့ (၁၀)ယောက်လောက်တော့ရပြီပေါ့။ ဒီဘာသာရပ်အတွက်က အဓိကက ဆရာတွေပေါ့၊ ဒီဘာသာရပ်ကိုကျွမ်းကျင်ပိုင်နိုင်စွာသင်ကြားနိုင်တဲ့ ဆရာတွေစုဆောင်းထားရှိပြီးဖြစ်ပါတယ်။ သင်ထောက်ကူ ပစ္စည်းတွေလည်းစုဆောင်းပြီးလို့ အဆင်သင့်ဖြစ်နေပါပြီ။ နောက်တစ်ခုကဒါကိုခွင့်ပြုဖို့အတွက် ဝန်ကြီးဌာနနဲ့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း လာရောက်စစ်ဆေးပြီးဖြစ်ပါတယ်။ သင်ထောက်ကူပစ္စည်းတွေကတော့ သင်္ဘောပေါ်မှာအသုံးပြုတဲ့ လျှပ်စစ်ပိုင်းပစ္စည်းတွေ၊ သင်္ဘောရဲ့ပင်မစက်ခန်းထဲမှာအသုံးပြုတဲ့ လျှပ်စစ်နဲ့ Electronic ပစ္စည်းတွေ၊ Automation နဲ့ Control ပစ္စည်းတွေ၊ အဲ့ဒါတွေအကုန်လုံးကို သင်ထောက်ကူပစ္စည်းအနေနဲ့ထားရှိပါတယ်။

သင်တန်းဆရာတွေအနေနဲ့ကတော့ ပြည်တွင်းက ဆရာတွေပါပဲ။ ဒါပေမယ့် ဒီဆရာတွေမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ခုက ဒီ ဆက်စပ်ဘာသာရပ်တွေနဲ့ ဒီ Master of Engineering ပေါ့နော်။ M.E ဘွဲ့ရဆရာ၊ ဆရာမတွေပါတယ်။ ပင်လယ်ပြင်မှာ လျှပ်စစ်အင်ဂျင်နီယာအဖြစ်သင်္ဘောပေါ်မှာ (၁၅)နှစ် အနှစ်(၂၀) တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝါရင့်ဆရာကြီးတွေလဲပါပါတယ်။ ဒီသင်တန်းကဆင်းသွားပြီးတာနဲ့ သင်တန်းပြီးဆုံးတဲ့အချိန်မှာ သူတို့အနေနဲ့ ပြည်ပသင်္ဘောကုမ္ပဏီမှာ အလုပ်သင်အဖြစ်အရင်ဆုံးရရှိမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ Training ကာလလုပ်သက်ရရှိပြီးရင် ETO စာမေးပွဲကိုဖြေမယ်။ အောင်သွားရင်တော့ သူတို့က သင်္ဘောပေါ်မှာ အင်ဂျင်နီယာအရာရှိအနေနဲ့ တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ အဲ့လိုတာဝန်ထမ်းဆောင်ပြီဆို လစာအနေနဲ့ အမေရိကန်ဒေါ်လာ 3000 ကနေ 6000 အထိရရှိမှာ ဖြစ်ပါတယ်။ သင်တန်းကာလကတော့ (၂)နှစ်ဖြစ်ပြီး အလုပ်ရုံ၊ ဝပ်ရှော့စကေးဆင်းတဲ့ကာလပါရင် တော့ ကျွန်တော်တို့က (၂)နှစ်ခွဲနဲ့ (၃)နှစ်ကြားဖြစ်သွားမှာပါ။ အဲ့ဒါပြီးရင် သင်္ဘောပေါ်မှာပင်လယ်ပြင်လုပ်သက်ဆက်ယူရပါမယ်။ သတ်မှတ်ထားတဲ့ ပင်လယ်ပြင်လုပ်သက် ပြည့်သွားရင် ETO အရာရှိစာမေးပွဲဖြေရပါမယ်။

ပြီးခဲ့တဲ့နှစ်ကတော့ ကျောင်းသား (၁၅၀)လောက်ဆင်းပါတယ်။ ဒီနှစ်မှာခေါ်မှာကတော့ (၂၀၀)ပေါ့။ (၂၀၀) ဆိုတာက ရေကြောင်းအရာရှိလောင်းက (၉၀)၊ အင်ဂျင်နီယာအရာရှိလောင်း (၉၀)၊ လျှပ်စစ်အင်ဂျင်နီယာအရာရှိလောင်း (၂၀)ကို ယခုလာမယ့် ၂၀၂၀-၂၀၂၁ အတွက် သင်တန်းသား (၂၀၀)လေ့ကျင့်သင်ကြားပေးမှာဖြစ်ပါတယ်။ ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာအတွက် သင်ကြားရမယ့် ဘာသာရပ်တွေကတော့-

- Basic Electro Technology
- Marine Electro Technology
- Electrical Machines
- Marine Instrument and Monitoring System
- Marine Electronic and Control System
- General Engineering Knowledge
- Motor Engineering Knowledge တို့ပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်းသိရှိရသည်။

Transcom

## မန္တလေးမြို့၌ ရိုးမဘဏ်၏ Business Center ဖွင့်လှစ်

ရိုးမဘဏ်သည် မြန်မာနိုင်ငံအထက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုများကို အပြည့်အဝပေးအပ်နိုင်ရန်ရည်ရွယ်၍ ပြီးခဲ့သည့်လအတွင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် Business Center ကိုဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ယခု Business Center မှ တစ်ဆင့်ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုများပေးအပ်ကာ စီးပွားရေးအလားအလာကောင်းများ ရှိနေသော မန္တလေးမြို့အခြေစိုက်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းတိုးတက်ရေးအတွက် အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိုးမဘဏ်မှ သိရသည်။

မန္တလေးမြို့တစ်မြို့တည်းတွင်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအဖွဲ့ဝင်ပေါင်း (၅,၀၀၀)နှင့် ပုဂ္ဂလိကကုမ္ပဏီပေါင်း (၈,၀၀၀) ကျော်ရှိပြီး လာမည့်နှစ်များအတွင်း စီးပွားရေးအလားအလာ ကောင်းများစွာရှိနေသည်၊ ထိုသို့ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှု၏အခန်းကဏ္ဍသည်များစွာအရေးကြီးသည်ကို ရိုးမဘဏ်က သိရှိနားလည်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများတိုးတက်မှုကို ဖော်ဆောင်နိုင်ရန် လိုအပ်သောငွေကြေးဝန်ဆောင်မှု အမျိုးမျိုးကိုယခု Business Center မှ တစ်ဆင့်ပေးအပ်သွားမည်ဟုဆိုသည်။

အဆိုပါ Business Center တွင် စီးပွားရေးလုပ်ငန်းများ၏လိုအပ်ချက်များနှင့် ကိုက်ညီစေနိုင်မည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်အကြံပေးမှုများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းသုံး ငွေကြေးဝန်ဆောင်မှုများ ၊ လယ်ယာလုပ်ငန်းသုံးချေးငွေ၊ ရာသီပေါ်ချေးငွေလုပ်ငန်းသုံး စက်ပစ္စည်းယန္တရားများဝယ်ယူနိုင်မည့် အငှားဝယ်ယူစနစ်ချေးငွေ ၊ ရိုးမဘဏ်အိမ်ရာချေးငွေနှင့် အခြားသောဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများစွာကို ရိုးမဘဏ်၏အတွေ့အကြုံရင့် ကော်ပိုရိတ်ဘဏ်လုပ်ငန်းကျွမ်းကျင်သူများနှင့် ဝန်ဆောင်မှုတစ်ခုချင်းစီအတွက် အထူးကျွမ်းကျင်ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍအလိုက် တစ်နေရာတည်း၌ မြန်ဆန်စွာဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ES

YOMA BANK
The Responsible Bank.



## မြန်မာ့ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး နိုင်ငံတကာခရီးသွားပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရန်အတွက် Outbound လိုင်စင်ရ ခရီးသွားကုမ္ပဏီများစုစည်းကာ နိုင်ငံတကာခရီးသွားပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းပြပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပပြီး ယခုနှစ်တွင် ခြောက်ကြိမ်မြောက်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သောပွဲများတွင်လည်း အလားအလာကောင်းများရှိခဲ့ပြီး အဓိကမှာ မိမိတို့နိုင်ငံ၏ခရီးသွားလုပ်ငန်းကို Promote လုပ်ခြင်းလည်းပါဝင်ကြောင်း၊ ပြခန်းသို့လာရောက်သူများကိုလည်း ခရီးစဉ်သွားရောက်လည်ပတ်လိုပါက လေယာဉ်လက်မှတ်မှအစ ဈေးလျှော့ပေးထားမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင်လည်း ခရီးသွားဧည့်သည်များလာကြကြောင်း ၎င်းကပြောသည်။

အဆိုပါပြပွဲကို ဩဂုတ်လ (၃၁) ရက်မှ စက်တက်ဘာလ (၁)ရက်အထိ ရန်ကုန်မြို့ကမ္ဘာအေးလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် နေ့စဉ်နံနက် (၉) နာရီမှ ညနေ (၆)နာရီအထိ ကျင်းပမည်ဖြစ်ပြီး မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းအဖွဲ့များကို ၎င်းတို့နိုင်ငံမှ ခရီးစဉ်များလာရောက်ပြသရန် ဖိတ်ထားကြောင်း ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စိတ်ထက်

## Manchester Metropolitan University မှ FinTech နှင့် AI နည်းပညာများပြသ

UMFCCI မှကြီးမှူးကျင်းပသည့် မဟာတန်းဆွေးနွေးပွဲတွင် ဥရောပရှိ အကြီးဆုံးတက္ကသိုလ်များအနက် တစ်ခုဖြစ်သော Manchester Metropolitan University (Manchester Met) မှ ဉာဏ်ရည်တု Artificial Intellidence (AI) အကြောင်းဆွေးနွေးပို့ချခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲကို ဩဂုတ်လ (၁၄)ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး Manchester Met မှ ပါမောက္ခဖြစ်သူ Paul Smith သည် မနက်ပိုင်းအချိန်တွင် အဓိကပြောကြားမည့်သူအဖြစ်ပါဝင်ခဲ့ပြီး FinTech တွင် AI ၏အသုံးပြုပုံများအား ဆွေးနွေးပြောကြားခဲ့သည်၊ နေ့လည်တွင် UMFCCI အဖွဲ့ဝင်များအတွက် သီးသန့်ပြုလုပ်သည့် FinTech certificate မဟာတန်းတွင်လည်း ပြင်ပ ပညာရှင်အဖြစ် ပါဝင်သင်ကြားပေးခဲ့ကြောင်း သိရသည်၊

မြန်မာနိုင်ငံအတွင်း FinTech အား စိတ်ဝင်စားမှု မြင့်တက်လာခြင်းနှင့် လျင်မြန်စွာတိုးတက်မှုများကြောင့် Manchester Met မှ ၎င်း၏သင်တန်းများအား မြန်မာနိုင်ငံတွင် ပေးအပ်ရန်စဉ်းစားဆုံးဖြတ်ခဲ့သည်။ မကြာသေးမီကာလအတွင်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ပြီးနောက် ယခုလက်ရှိတွင် Manchester Met ၏ FinTech သိပ္ပံမာစတာဘွဲ့အား အွန်လိုင်းနှင့် ကိုယ်တိုင်လာရောက်သင်ကြားနည်းနှစ်မျိုးလုံးဖြင့် ပို့ချသင်ကြားသွားရန်လုပ်ဆောင်လျက်ရှိရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

Manchester Met တွင်တက်ရောက်နေသူ ကျောင်းသားပေါင်း (၃၈,၀၀၀)ရှိပြီး UK တွင် FinTech အချက်အချာအကျဆုံးဖြစ်သည့် Manchester မြို့တွင်လည်းကောင်း၊ ပြည်ပနှင့် အွန်လိုင်းမှလည်းကောင်း နိုင်ငံတကာမှ ကျောင်းသားများလည်း အမြောက်အများသင်ကြားလျက်ရှိသည်။

ES



## HEINEKEN Myanmar ၏ ရုံးချုပ်အသစ်ကို Junction City Office Tower တွင် ပြောင်းရွှေ့ဖွင့်လှစ်



HEINEKEN Myanmar သည် ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာအကျဆုံးနေရာဖြစ်သော Junction City Office Tower အဆောက်အအုံကြီး၏ (၁၅)လွှာတွင် ၎င်းတို့၏ ရုံးချုပ်နေရာအသစ်ကို ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

နိုင်ငံတကာဘီယာအမှတ်တံဆိပ်ဖြစ်သော HEINEKEN ၏ ပုံရိပ်ကို မြှင့်တင်ရန်၊ ဝန်ထမ်းများ၏ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ပါဝင်လုပ်ဆောင်နိုင်မှုတို့ကို အားပေးကူညီနိုင်ရန်တို့အတွက် ဤခေတ်မီရုံးခန်းကြီးကို ရန်ကုန်မြို့ကြီး၏ ရှုမျှော်ခင်းကို (၂၇၀) ဒီဂရီပတ်လည်မြင်တွေ့နေနိုင်သောနေရာတွင် ဖန်တီးထားခြင်းဖြစ်သည်ဟု သိရသည်။

HEINEKEN Myanmar ၏ Managing Director ဖြစ်သူ René Sánchez Valle က “HEINEKEN Myanmar ဟာ ဝန်ထမ်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမြဲအလေးထားပါတယ်။ အောင်မြင်လိုတဲ့လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်တဲ့နေရာမှာ ဆွဲဆောင်မှုရှိပြီး လုပ်ငန်းတွင်ကျယ်စေတဲ့ လုပ်ငန်းခွင်တစ်ခုကို ဖန်တီးပေးနိုင်ဖို့က သိပ်ကိုအရေးပါတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ အခုလိုရုံးခန်းနေရာ ပြောင်းရွှေ့လိုက်ခြင်းက မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံဖို့၊ အထောက်အကူပေးနိုင်ဖို့အတွက် HEINEKEN ရဲ့ ကတိကဝတ်ကို ထင်ဟပ်ပြသနေပါတယ်။ HEINEKEN Myanmar ရုံးကို ရန်ကုန်မြို့မှာ အကောင်းဆုံးရုံးတစ်ခုအဖြစ် အသိအမှတ်ပြုလာကြမယ်လို့ မျှော်လင့်ပါတယ်” ဟု ဆိုသည်။

HEINEKEN Myanmar လီမိတက်သည် HEINEKEN ကုမ္ပဏီ (၅၇ ရာခိုင်နှုန်း) နှင့် Alliance Brewery Company (၄၃ ရာခိုင်နှုန်း) တို့ ဖက်စပ်ပူးပေါင်းထားပြီး လုပ်ငန်းတစ်ခုဖြစ်ကာ မှော်ဘီမြို့နယ်တွင် ဘီယာချက်စက်ရုံထားရှိကာ လုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။ HEINEKEN Myanmar သည် ၎င်း၏ နိုင်ငံတကာအမှတ်တံဆိပ်များဖြစ်သော Heineken® အပြင် Tiger၊ Tiger Crystal၊ Tiger Black၊ ABC Extra Stout၊ BAWDAR နှင့် Regal Seven ဘီယာတို့ကိုချက်လုပ်ပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ES

# မိုးညှင်းမြို့ အဆင့်မြင့်ကားကြီးဝင်း မကြာမီဖွင့်လှစ်နိုင်တော့မည်




ကချင်ပြည်နယ် မိုးညှင်းမြို့ ဒီဂရီကောလိပ်အနီး မြို့ရှောင်လမ်းမကြီးဘေး၌ ရှမ်းနီအမျိုးသားဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ကျပ် သိန်းပေါင်း (၂၀၀၀၀)ကျော် အကုန်ကျခံပြီး တည်ဆောက်လျက်ရှိသော အဆင့်မြင့်ကားကြီးဝင်း မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးညှင်းမြို့ အဆင့်မြင့် ကားကြီးဝင်းသည် ကချင်ပြည်နယ်၏ အဓိကအရေးပါသော အဝေးပြေးယာဉ်ရပ်နားစခန်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ယာဉ်ရပ်နားစခန်းကို ၂၀၁၆ ဒီဇင်ဘာ (၃၁)ရက်က ပြည်နယ်အစိုးရ၏ခွင့်ပြုမိန့်ဖြင့် စာချုပ်ချုပ်ဆို၍တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင်ဆောက်လုပ်နေမှုများ (၉၅%)အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကားကြီးဝင်းတွင် အလျား (၂၆)ပေ၊ အနံပေ (၄၀)၊ အမြင့် (၂၃) ပေရှိသော ဆိုင်ခန်းပေါင်း (၄၈)ခန်းပါဝင်ပြီး ကားဂိတ်များအတွက် (၂၈) ခန်းနှင့် စျေးဆိုင်ခန်းပေါင်း (၂၀)ပါရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် ဂိုဒေါင် (၈)လုံး၊ ကားဝပ်ရှော့စင်တာ၊ ခရီးသည်နားနေ အဆောက်အအုံတစ်လုံးနှင့် အုပ်ချုပ်ရေးရုံးခန်း အဆောက်အအုံတစ်လုံး တို့ကိုလည်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ကြောင်း၊ ဆိုင်ခန်းတစ်ခန်း၏တန်ဖိုးမှာ ကျပ်သိန်း (၇၀၀) ကျော်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆောက် လုပ်ရေးလုပ်ငန်းများ (၉၅) ရာခိုင်နှုန်း အထိပြီးစီးကာ ရေပိုက်စနစ်များပြီးစီးပါက မကြာမီဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း ကုန်းလမ်းပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အဝေးပြေးယာဉ်ရပ်နားစခန်းများကို မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ တနိုင်းနှင့် ဗန်းမော်မြို့များတွင်ဆောက်လုပ်ရန် ပြည်နယ်အစိုးရမှခွင့်ပြုထားပြီး မိုးညှင်းမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်းဖွင့်လှစ်နိုင်ပါက ဒေသတွင်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။ စိတ်ထက်

# ရေကြီးရေလျှံမှုကြောင့် ငါးမွေးမြူရေးကန်များ နစ်နာဆုံးရှုံးမှုရှိပါက ငါးသားပေါက်များ အခမဲ့ဖြန့်ပေးမည်

ရေကြီးရေလျှံမှုကြောင့် ငါးမွေးမြူရေးကန်များ နစ်နာဆုံးရှုံးမှုရှိပါက ငါးသားပေါက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခမဲ့ဖြန့်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးကန်များ ပျက်စီးဆုံးရှုံးမှုကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးမည့်ငါးများမှာ ရေချိုငါးမျိုးစိတ်များဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခုံးမတို့ဖြစ်ပြီး ဆုံးရှုံးမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ် သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်ခံသွားမည်ဟု သိရသည်။

ငါးကန်များ ဆုံးရှုံးနစ်နာမှုများအတွက် ငါးသားပေါက်ဖြန့်ဝေမှုတွင် စီးပွားဖြစ်လုပ်ကိုင်သည့် ငါးကန်အမည်ပေါက်ရှိသူများနှင့် အသေးစားမွေးမြူသူများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် ငါးသားပေါက်စခန်း (၂၀) ရှိကြောင်း ယင်းဌာနထံမှ သိရသည်။

ဘုန်းပိုင်ဦး

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများ ယခုလကုန်တွင် တင်ရမည်

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်လွှာများကို ယခုလကုန်မှစတင်ကာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ တင်သွင်းရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံမှ သိရသည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာကျောင်းအုပ်ကြီးထံမှလည်းကောင်း၊ ပြင်ပမှဖြေဆိုမည့်သူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများမှ လျှောက်လွှာရယူလျှောက်ထားရမည်ဖြစ်ကာ ဩဂုတ်လကုန်တွင် တင်ရမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ဖြေဆိုမည့်ဘာသာတွဲအလိုက် ပန်းရောင်နှင့် အစိမ်းရောင်ကတ်ပြားများဖြင့် ခွဲခြားသတ်မှတ်ရာ ဝင်ခွင့်လျှောက်လွှာတွင် ဘာသာတွဲများယွင်းဖြည့်စွက်မိပါက ဖြည့်စွက်သည့် ဘာသာတွဲကိုသာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ပြင်ဆင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သူများ နဝမတန်းအောင်မြင်ခြင်း ရှိ၊ မရှိထောက်ခံချက်ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက သက်ဆိုင်ရာကျောင်းများသို့ ပြန်လည်တောင်းယူလေ့ရှိပြီး ကန့်သတ်ချိန်အတွင်း ထောက်ခံချက်မရောက်ရှိပါက စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်မပြုကြောင်း သိရသည်။

မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာကို ကျပ် (၂၀၀)၊ ငွေသွင်းတံဆိပ်ခေါင်းကို ကျပ် (၇၀၀) ဖြင့် နေပြည်တော်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရုံးအမှတ် (၅၂)၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဖွဲ့ကပင်ဆောင်)၊ ရန်ကုန်မြို့ အမှတ် (၁၆၆) လသာလမ်းရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၌ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဖွဲ့

# ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်း ဖုန်ကန်ရာဇီရေခဲတောင်ကို တက်မည်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင်ကို မန္တလေးမြို့၊ ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်းက လာမည့် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း တက်ရောက်မည်ဖြစ်ကြောင်း ရတနာပုံတက္ကသိုလ်ခြေလျင်တောင်တက်အသင်းထံမှ သိရသည်။

ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်းကို ၂၀၀၁ ခုနှစ်၊ ဖွန်လအတွင်းမှ စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါအသင်းဝင် ကျောင်းသား၊ ကျောင်းသူ (၆၀၀)ဦးခန့်ရှိကြောင်း ယင်းအသင်းထံမှ သိရသည်။

အဆိုပါအသင်းအနေနှင့် ပြီးခဲ့သည့်ဇူလိုင်လ နောက်ဆုံးပတ်အတွင်းကလည်း ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်ရှိ လွိုင်နမ်းဖတောင်သို့ တက်ရောက်ခဲ့ပြီး မန္တလေးမြို့အနီးဝန်းကျင်ရှိ မြခနောက်တောင်၊ စိန်ခနောက်တောင်၊ မျိုးရယ်တောင်၊ ပြဒါးလင်းဂူ၊ ပြက္ခရွှေတောင်နှင့် ပုပ္ပားတောင်မကြီး စသည့်တောင်များကို တက်ရောက်ခဲ့ပြီးလည်းဖြစ်ကြောင်း ရတနာပုံတက္ကသိုလ် ခြေလျင်တောင်တက်အသင်းထံမှ သိရသည်။

ဘုန်းပိုင်ဦး



# ကျောင်းနေအရွယ်ကလေးများ၏ စားသောက်မှုပုံစံ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် Nestlé MILO ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ်ကလေးများ ကျန်းမာသွက်လက်ပြီး စာသင်ချိန်နှင့် စာသင်ချိန်ပြင်ပမှာပါ အောင်မြင်မှုရလဒ်များ ဆွတ်ခူးရရှိနိုင်စေရန် အဓိကအရေးပါသည့် အာဟာရပြည့်ဝစွာစားသုံးမှုကို အထောက်အကူပြုမည့် "မေမေ့ကတိစကား" ပညာပေးလှုပ်ရှားမှုတစ်ရပ်ကို Nestlé MILO က ရန်ကုန်မြို့ရှိ အ.ထ.က (၂) စမ်းချောင်း စာသင်ကျောင်း၌ ဩဂုတ်လ (၁၃)ရက်က စတင်ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို မိခင်အယောက် (၁၀၀)နှင့် ကျောင်းသူ၊ ကျောင်းသား အယောက် (၁၂၀)တို့တက်ရောက်ခဲ့ပြီး အခမ်းအနားမှ တစ်ဆင့် ကျောင်းနေအရွယ်ကလေးများတွင် အာဟာရ၏ အရေးပါမှု၊ အစားအစာများကို အာဟာရမျှတစွာ စားသုံးမှုနှင့် ကလေးများ၏ နေ့လယ်စာထမင်းဘူးကို အာဟာရပြည့်ဝပြီး စားချင်စဖွယ် ပြင်ဆင်နိုင်မည့် အသိပညာဗဟုသုတဝေမျှချက်များကို ကျွမ်းကျင်ပညာရှင်များ၏ တင်ပြချက်ဆွေးနွေးမှုများ အပြင် လက်တွေ့သရုပ်ပြသမှုများဖြင့် ပြုလုပ်ခဲ့သည်။


အခမ်းအနားအပြီးတွင် ကျောင်းသူ၊ ကျောင်းသားများကို အရသာရှိပြီး အာဟာရပြည့်ဝသည့် MILO တိုက်ကျွေးမှုများပြုလုပ်ခဲ့သည့်အပြင် ကျောင်းအတွက်လိုအပ်သည့် အားကစားပစ္စည်းလှူဒါန်းမှုများကိုပါ ပြုလုပ်ခဲ့သည်။

Nestlé MILO က ၂၀၁၈ ခုနှစ်၊ မေလတွင် ကျောင်းနေကလေးများ၏ စားသောက်မှုအမူအကျင့်နှင့် ကျောင်းတွင် အကြိုက်ဆုံးအစားအစာများအကြောင်းနှင့်စပ်လျဉ်း၍ လူမှုရေးဆိုင်ရာ စမ်းသပ်လေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့ပြီး အဆိုပါစစ်တမ်းကောက်ယူမှုတွင် အသက် (၇)နှစ်မှ (၁၂) နှစ်အတွင်း မြန်မာကလေးငယ် အယောက် (၁၀၀)ပါဝင်ခဲ့သည်။ လေ့လာဆန်းစစ်ချက်အရ ထမင်းအမြန်စားပြီးချင်သည့်ကလေး၊ အစားရွေးသည့် ကလေး၊ သွားရည်စာကြိုက်သည့်ကလေးဟူ၍ အဓိကအမူအကျင့်ရှိသည့်ကလေး အုပ်စုသုံးမျိုးရှိသည်ကို တွေ့ရှိခဲ့ရသည်။

စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဖြစ်သူ ဒေါက်တာ စန္ဒာမြင့်မြင့်မိမ်းက "ကျောင်းသူ၊ ကျောင်းသားတွေရဲ့ ပညာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေးတို့ကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ယဉ်ကျေးလိမ္မာပြီး မိမိကိုယ်ကိုတန်ဖိုးထားတဲ့ ကျောင်းသူ၊ ကျောင်းသားတွေဖြစ်အောင် လေ့ကျင့်ပေးနေတဲ့အပြင် ကျောင်းအနေနှင့် နေ့စဉ်စားသောက်နေတဲ့ အစားအစာနှင့်ပက်သက်ပြီးတော့ အာဟာရမျှတစွာ စားသောက်ရမည်ကိုသိရှိပြီး ကောင်းမွန်ကျန်းမာအာဟာရပြည့်ဝတဲ့ အစားအစာတွေကို စားသောက်တဲ့ အလေ့အကျင့်များရရှိစေချင်တဲ့အတွက် အခုလို ကျွန်မတို့ အ.ထ.က (၂) စမ်းချောင်း ပညာရေးမိသားစု က Junk Food Free ကျောင်းမုန့်စျေးတန်းနှင့် တန်ဖိုးသင့်နေ့လယ်စာကို စီစဉ်ဆောင်ရွက်ရခြင်းပဲဖြစ်ပါတယ်" ဟုဆိုသည်။

Nestlé MILO Myanmar သည် မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ်ကလေးများ ကျန်းမာပျော်ရွှင်သွက်လက်ပြီး စာသင်ချိန်နှင့် စာသင်ချိန်ပြင်ပမှာပါ အောင်မြင်သောဘဝကိုရရှိစေရေးအတွက် ဒေသခံပညာရှင်များ၊ မိဘများနှင့်တက်ကြွစွာပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး ကမ္ဘာတစ်ဝှမ်းတွင်လည်း အာဟာရဆိုင်ရာ အသိပညာဝေမျှခြင်း အစီအစဉ်များစွာကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ES

# MPT Books ဝန်ဆောင်မှုတွင် စာအုပ်နှင့်မဂ္ဂဇင်းများကို ဖတ်ရှုနိုင်မည့် "Book Pack" ဝန်ဆောင်မှုကို မိတ်ဆက်




MPT က မြန်မာနိုင်ငံမှ စာဖတ်ဝါသနာအိုးများအတွက် MPT Books တွင် နစ်သက်ရာ စာရေးဆရာ၊ ဆရာမများ၏ စာအုပ်များနှင့် နောက်ဆုံးထွက် မဂ္ဂဇင်းများကို ပိုမိုအဆင်ပြေချောမွေ့စွာဖြင့် ဖတ်ရှုနိုင်မည့် "Book Pack" ဝန်ဆောင်မှုအသစ်ကို ထပ်မံထည့်သွင်းလိုက်ပြီဖြစ်ကြောင်း ဩဂုတ်လ (၉) ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

"Book Pack" ဝန်ဆောင်မှုကို MPT သုံးစွဲသူတိုင်း အသုံးပြုနိုင်မည် ဖြစ်ပြီး စာဖတ်ဝါသနာအိုးများအနေဖြင့် ဒစ်ဂျစ်တယ်စာအုပ်နှင့် မဂ္ဂဇင်းပေါင်း (၁,၀၀၀)ခန့်ကို တစ်ရက်လျှင် (၉၉)ကျပ်၊ တစ်လလျှင် (၁,၉၉၉)ကျပ်ဖြင့် စာရင်းသွင်းရယူအသုံးပြုနိုင်ပြီဖြစ်သည်။ ထို့အပြင် Book Pack တွင် ဝတ္ထု တိုများ၊ ကာတွန်းများနှင့် မဂ္ဂဇင်းများကို ဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် ယခင် လကထွက်ရှိခဲ့သည့် မဂ္ဂဇင်းများကိုလည်း ပြန်လည်ဖတ်ရှုနိုင်မည်ဖြစ်သည်။

ဝန်ဆောင်မှုကိုရယူထားသော စာဖတ်ဝါသနာအိုးများအနေဖြင့် MPT Books တွင်ပါရှိသည့် စာအုပ်များ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များကို သက်သာသော နှုန်းထားဖြစ်သည့် တစ်အုပ်လျှင် (၁၀၀)ကျပ်မှစတင်၍ ငှားရမ်းနိုင်ပြီး တစ်အုပ်လျှင် (၃၀၀)ကျပ်မှစတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

"Book Pack" နေ့စဉ်စာရင်းသွင်းဝန်ဆောင်မှုအတွက် 7272 သို့ 'SUB' ဟု SMS (စာတို) ပေးပို့၍ ရယူနိုင်ပြီး လစဉ်စာရင်းသွင်းဝန်ဆောင်မှုအတွက် 7272 သို့ 'SUB MM' ဟု SMS (စာတို) ပေးပို့၍ ရယူနိုင်မည်ဖြစ်သည်။ "Journal Pack" ဝန်ဆောင်မှုကိုရယူရန် နေ့စဉ်စာရင်းသွင်းဝန်ဆောင်မှုအတွက် 7272 သို့ 'ON' ဟု SMS (စာတို) ပေးပို့၍ ရယူနိုင်ပြီး လစဉ်စာရင်းသွင်းဝန်ဆောင်မှုအတွက် 7272 သို့ 'SUB JM' ဟု SMS (စာတို) ပေးပို့၍ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

HM- ဆသရ

# MPT မှ နိုင်ငံတစ်ဝန်း ဒစ်ဂျစ်တယ်ပညာရေးအစီအစဉ်၏ (၆) ကြိမ်မြောက်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

MPT သည် "ရှေ့သို့လှမ်းချီ ဒစ်ဂျစ်တယ်ပညာရေးဆီ" အစီအစဉ်ဖြင့် ကွန်ပျူတာနည်းပညာကျွမ်းကျင်မှုသင်တန်းများ၏ နောက်ဆုံးအသုတ်သင်တန်းများ အောင်မြင်စွာပြီးဆုံးသည့်အထိမ်းအမှတ်အဖြစ် သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်လ (၈)ရက် ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပပြုလုပ်ခဲ့သည်။ ယခုအကြိမ်သင်တန်းဆင်းပွဲတွင် အောင်မြင်ခဲ့သည့် သင်တန်းသားစုစုပေါင်း (၂,၀၀၀)ကျော်ရှိခဲ့ကာ MPT အနေဖြင့် အင်တာနက် ချိတ်ဆက်ပေးခြင်းနှင့် ကွန်ပျူတာပြုပြင်စရိတ်များအပါအဝင် ယခုနှစ်အတွက် ကွန်ပျူတာဆရာဖြစ်သင်တန်းသားများကိုလည်း ဤအစီအစဉ်ပြီးမြောက်သွားသည့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။



အဆိုပါသင်တန်းများကို အောင်မြင်စွာတက်ရောက်သင်ကြားပြီးဆုံးခဲ့သူများအနက်မှ စိတ်ပါဝင်စားသူများအား သက်ဆိုင်ရာဒေသများ၌ အသိပညာ၊ အတတ်ပညာများကို မျှဝေပေးပြီး အနာဂတ်ခေါင်းဆောင်များကို တစ်ဖက်တစ်လမ်းမှ ကူညီမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် MPT သင်တန်းကျောင်း၌ ဆရာဖြစ်သင်တန်းများကိုလည်း ထပ်ဆောင်းဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ MPT ၏ "ရှေ့သို့လှမ်းချီ ဒစ်ဂျစ်တယ်ပညာရေးဆီ" အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားပေးနေသည့် သင်တန်းများကို NLD ပညာရေးကွန်ရက်နှင့် ပူးပေါင်းစီစဉ် ဆောင်ရွက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ NLD မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွှန့်က " MPT အနေနဲ့ မြန်မာလူငယ်တွေအတွက် ဒစ်ဂျစ်တယ်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ တစိုက်မတ်မတ်နဲ့ ကူညီပံ့ပိုးနေတဲ့အတွက် ကျေးဇူးတင်ကြောင်းအပြင် စိန်ခေါ်မှုအားလုံးကို အောင်မြင်စွာကျော်လွှားနိုင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာနိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

# အူရီဒူးမြန်မာမှ မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများထံသို့ အကူအညီပေးအပ်

မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းနှင့် ဒီရေတက်ခြင်းတို့ကြောင့် ရေကြီးရေလျှံခြင်း ဆိုးရွားစွာဖြစ်ပေါ်စေခဲ့ကာ ရေကြီးရေလျှံခြင်းကြောင့် နေရပ်ကိုယာယီစွန့်ခွာခဲ့ရပြီး အချို့သောပြည်သူများသည် မြေပြိုကျခြင်းကြောင့် နေရပ်ကိုအပြီးစွန့်ခွာကြရသည်။ အူရီဒူးမြန်မာအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ဒေသများမှ ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ သွားရောက်ပေးအပ်ခဲ့ကြောင်း ဩဂုတ်လ (၁၅)ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအကူအညီများအပြင် ရေးမြို့နယ်ရှိ ပြည်သူများအတွက် မိသားစုများ၊ မိတ်ဆွေများနှင့် ဆက်သွယ်ရေးအဆင်ပြေစေရန် အူရီဒူးမြန်မာမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်အထိ အူရီဒူးအချင်းချင်း အကန့်အသတ်မရှိ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန်နှင့် SMS ပေးပို့နိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည်။

အူရီဒူးမြန်မာ၏ Head of Corporate Communications ဖြစ်သူ ဦးတင့်နိုင်ထွဋ်က မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုနဲ့ ကောင်းမွန်ပြည့်ဝတဲ့ လူနေမှုဘဝရရှိရေးကို ရေးရှုဆောင်ရွက်လျက်ရှိကြောင်းအပြင် မိဘပြည်သူတွေအတွက် လိုအပ်ချက်ရှိတဲ့အခါတိုင်းမှာ အူရီဒူးအနေနဲ့ ကူညီပံ့ပိုးပေးဖို့ အမြဲအသင့်ရှိနေကာ မြန်မာနိုင်ငံအောက်ပိုင်းရေလွှမ်းတဲ့ဒေသတွေက မိဘပြည်သူတွေဆီကို သွားရောက်ကူညီပံ့ပိုးပေးလျက်ရှိပါတယ်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

HM- ဆ-သ-ရ

ooredoo



MPT အနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု ကွာဟချက်လျော့ချရေးကို နည်းလမ်းမျိုးစုံဖြင့် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပြီး MPT အနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အကျိုးဖြစ်ထွန်းစေရန် အဓိကကျသော လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍကြီးများ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စွန့်ဦးတီထွင်နှင့် စီးပွားရေးလုပ်ငန်းငယ်များကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကာ MPT သည် "နှလုံးသားထဲကမြန်မာ" အစီအစဉ်ဖြင့် MPT သုံးစွဲသူများနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုပတ်ဝန်းကျင်ကို အထောက်အပံ့ပြု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

HM- ဆသရ

# အူရီဒူးမြန်မာမှ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ အခွင့်အလမ်းများအား ပေးအပ်နိုင်ရန်အတွက် Beyond Access Myanmar စီမံကိန်းအား ပံ့ပိုး

အူရီဒူးမြန်မာသည် ၎င်း၏ လူမှုအကျိုးပြုလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည့် Beyond Access Myanmar စီမံကိန်းတွင် အင်တာနက်အသုံးပြုမှုပမာဏ ပိုမိုတိုးတက်လာခဲ့သည်ဟု ဩဂုတ်လ (၆)ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ စီမံကိန်းမှတစ်ဆင့် (၆)လတာ ကာလအတွင်း အင်တာနက်အားပထမဦးဆုံးအကြိမ် စတင်အသုံးပြုခဲ့သည့်အရေအတွက်သည် စုစုပေါင်း (၁၁၇,၄၇၂) ဦးအထိ ပိုမိုတိုးတက်လာခဲ့ပြီး ကျေးလက်နှင့် မြို့ပြပတ်ဝန်းကျင်ဒေသများရှိ စာကြည့်တိုက်များတွင် တက်ဘလက်/လက်ပ်တော့များအား ပုံမှန်အသုံးပြုသူအရေအတွက်သည်လည်း (၉,၅၀၀)နီးပါးအထိ ရှိလာခဲ့သည်။

အူရီဒူးမြန်မာသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ စာကြည့်တိုက် အရေအတွက်ပေါင်း (၁၅၀)တွင် အင်တာနက်ချိတ်ဆက်မှုရရှိစေရန် ပံ့ပိုးကူညီပေးထားခဲ့သည့်အပြင် လက်ပ်တော့အရေအတွက် (၁၆၆)ခုအား လှူဒါန်းခဲ့ခြင်း၏ အကျိုးရလဒ်တစ်စိတ်တစ်ပိုင်းအဖြစ် ဤသို့အသုံးပြုသူအရေအတွက် ပိုမိုတိုးတက်လာခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ခြောက်လတာကာလအတွင်းနဲ့ ပြီးခဲ့တဲ့ (၅)နှစ်တာကာလမှာ အင်တာနက်ကို ပထမဦးဆုံးအကြိမ်လာရောက်အသုံးပြုသူ အရေအတွက်ပမာဏ ခြင်းနှိုင်းယှဉ်လျှင် အချိန်တိုအတွင်း (၂)ဆကျော်အထိ ပိုမိုများပြားလာခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒစ်ဂျစ်တယ်စာကြည့်တိုက်တွေမှာ အင်တာနက် ချိတ်ဆက်မှုပံ့ပိုးပေးခြင်းကနေတစ်ဆင့် ပြည်သူလူထုရဲ့ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုတွေကို ပိုမိုတိုးတက်အောင် မှန်ကန်တဲ့နည်းလမ်းတွေနဲ့ အူရီဒူးက ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုတွေကိုသင်ကြားနိုင်မယ့် အခွင့်အရေးတွေကိုလည်း ပိုမိုရရှိလာမှာဖြစ်တဲ့အတွက် အကျိုးရှိတဲ့အသိပညာ၊ ဗဟုသုတများစွာကို ရယူပိုင်ဆိုင်သွားနိုင်မှာဖြစ်ပါတယ်" ဟု အူရီဒူးမြန်မာ၏ Head of Corporate Communications ဖြစ်သူ ဦးတင့်နိုင်ထွဋ်မှ ပြောကြားခဲ့သည်။

ယခုစီမံကိန်းမှတစ်ဆင့် လူဦးရေပေါင်း (၃၀၀,၀၀၀)ကျော်အား ဒစ်ဂျစ်တယ်စက်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်အသုံးပြုခွင့်ရရှိစေပြီး လူဦးရေပေါင်း (၂၀၀,၀၀၀)ခန့်အား ပထမဦးဆုံးအကြိမ် အင်တာနက်အသုံးပြုခွင့်ရရှိစေသည့်အပြင် လူဦးရေပေါင်း (၂၀၀,၀၀၀)ကျော်အား အင်တာနက်



အသုံးပြုမှုနည်းလမ်းများကို သင်ကြားပြသနိုင်ခဲ့ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ ပြည်သူလူထု၏ ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုများအား ပိုမိုမြင့်မားလာစေရန် အထောက်အကူပြုနိုင်ခဲ့ကြောင်းလည်း သိရှိရသည်။

HM- ဆသရ

# မဟတ္တမဂန္ဒီ နှစ် (၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နံ့သာဖြူပင်စိုက်ပျိုး







မဟတ္တမဂန္ဒီ နှစ် (၁၅၀)ပြည့် မွေးနေ့အထိမ်းအမှတ် နံ့သာဖြူပင်စိုက်ပျိုးခြင်းအခမ်းအနားကို ဩဂုတ် (၉)ရက်၊ နံနက် (၁၁း၃၀) နာရီတွင် ရုံးအမှတ် (၅)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တက်ရောက်၍ နံ့သာဖြူပင်ကို စိုက်ပျိုးပေးခဲ့ပါသည်။

အဆိုပါအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မဟတ္တမဂန္ဒီကို ၁၈၆၉ ခုနှစ်၊ အောက်တိုဘာလ (၂)ရက်မှာ မွေးဖွားခဲ့တာဖြစ်၍ ယခုနှစ် ၂၀၁၉ ခုနှစ်မှာ မဟတ္တမဂန္ဒီရဲ့ မွေးဖွားခြင်း နှစ် (၁၅၀)ပြည့်တဲ့နှစ်ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံအဝှမ်းမှာလည်း ဂန္ဒီရဲ့ နှစ် (၁၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများကို ကျယ်ကျယ်ပြန့်ပြန့်ကျင်းပကြသလို မြန်မာနိုင်ငံမှာလည်း ပွဲတော်ကျင်းပရေးကော်မတီရဲ့စီစဉ်မှုဖြင့် မဟတ္တမဂန္ဒီကြီး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ လမ်းလျှောက်ပွဲနှင့် သစ်ပင်စိုက်ပွဲများ ကျင်းပရန်ရှိသည်ဟု သိရှိရပါကြောင်း။

မဟတ္တမဂန္ဒီသည် ၎င်း၏ဘဝတစ်လျှောက်လုံးတွင် အကြမ်းမဖက်ရေးမူဝါဒကို ခိုင်ခိုင်မြဲမြဲစွဲကိုင်ပြီး အိန္ဒိယနိုင်ငံနဲ့ ပြည်သူပြည်သားတွေကို ကိုလိုနီလက်အောက်က လွတ်မြောက်ရေးအတွက် စွန့်လွှတ်အနစ်နာခံပြီး အသက်ဆုံးရှုံးရသည်အထိ ကြိုးပမ်းဆောင်ရွက်သွားခဲ့သူ အာဇာနည်ကြီးဖြစ်ပါကြောင်း။ ဂန္ဒီရဲ့အမည်ရင်းက မိုဟန်ဒတ်ကရမ်ချန်ဂန္ဒီဖြစ်သော်လည်း သူ့ကို အိန္ဒိယပြည်သူတွေက ကြီးကျယ်မြင့်မြတ်သော စိတ်ထားရှိသူလို့ အဓိပ္ပါယ်ရသော မဟတ္တမဆိုသည့် ဘွဲ့ထူးတပ်ပြီး မဟတ္တမဂန္ဒီလို့ခေါ်ဝေါ်ကြခြင်းဖြစ်ပါကြောင်း။ ဂန္ဒီ၏ဝါဒမှာ အဟိံသဝါဒဖြစ်ပြီး တစ်နည်းအားဖြင့် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံးဖြင့် အကြမ်းမဖက်သည့်ဝါဒဖြစ်ကြောင်း။ ဂန္ဒီ၏အကြမ်းမဖက်ရေး ငြိမ်းချမ်းရေးမူဝါဒဟာ အိန္ဒိယနိုင်ငံသာမက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးကို ပျံ့နှံ့ခဲ့တာဖြစ်ပါကြောင်း။

မဟတ္တမဂန္ဒီ၏ နှစ် (၁၅၀) ပြည့်မွေးနေ့မှသည် ဂန္ဒီကြီးချမှတ်ခဲ့သည့် အကြမ်းမဖက်ရေး၊ ငြိမ်းချမ်းရေးဝါဒတွေ ကမ္ဘာအနှံ့လွှင့်ပျံ့ပါစေ၊ လူအချင်းချင်း နှိပ်စက်ခြင်း ကင်းရှင်းကြပါစေ။ ယနေ့စိုက်ပျိုးမည့် နံ့သာဖြူပင်လို မေတ္တာတရား၊ ကိုယ်ချင်းစာတရားနှင့် ယှဉ်သော ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသတွင်း၊ နိုင်ငံတွင်းငြိမ်းချမ်းရေး ရှင်သန်ကြီးထွားဖွံ့ဖြိုးတိုးတက် မွှေးပျံ့ကြိုင်လှိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မဟတ္တမဂန္ဒီ နှစ် (၁၅၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက မဟတ္တမဂန္ဒီ၏ ကိုယ်ရေးအထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားတင်ပြပြီးနောက် နံ့သာဖြူပင်အားပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက နံ့သာဖြူပင်ကို စိုက်ပျိုးပေးခဲ့ကြပါသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ အထိမ်းအမှတ်ပွဲကျင်းပရေးကော်မတီမှ ဥက္ကဋ္ဌ ဦးမောင်ရွှေနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

တင်မောင်-ပို့/ဆက်



# ဒုတိယဝန်ကြီး ဦးကျော်မျိုး၏ လွှတ်တော် မေး/ဖြေ ကဏ္ဍ







**မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၏ "မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့သည် နှစ်စဉ်ရေဘေးအန္တရာယ်ကြုံတွေ့နေရပါသဖြင့် ဆီမီးချောင်းရေတိုက်စားနစ်မြှုပ်မှုမှကာကွယ်ရန်အတွက် ရေကာတာတည်ဆောက်ပေးပါရန် အရေးတကြီးလိုအပ်နေပါသဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ်** မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ဖြေကြားရာတွင် ဆီမီးချောင်းသည် ချင်းတောင်တန်းမှ ချောင်းဖျားခံကာ စေတုတ္တရာမြို့၏ အနောက်ဘက်ရှိ ခိုဝင်ကျေးရွာတောင်စွယ်မှ ကွေ့ပိုက်စီးဆင်းလာပြီး မုန်းချောင်းထဲသို့ စီးဝင်သော တောင်ကျချောင်းဖြစ်ပြီး မိုးရာသီရေများချိန်တွင် ရေစီးသန်၍ အနည်ပို့ချမှုများသည့် ချောင်းတစ်ခုဖြစ်ပါသည်။ ဆီမီးချောင်းသည် စေတုတ္တရာမြို့၏ တောင်ဘက်ကပ်လျက်ရှိ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံ အဝင်လမ်းသို့ ရေဦးတိုးစီးဆင်းပြီးနောက် အဆိုပါအဝင်လမ်းနှင့် အပြိုင်စီးဆင်းလျက်ရှိသောကြောင့် မိုးရာသီရေများချိန်တွင် စက်ရုံအဝင်လမ်းကို ရေကျော်သဖြင့် စေတုတ္တရာမြို့ပေါ်ရှိ ရပ်ကွက်များရေကြီးရေလျှံမှုများကြုံတွေ့ရခြင်းဖြစ်ပါသည်။

ဆီမီးချောင်းသည် မိုးရာသီတွင် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း အောက်ဘက်ရှိမုန်းချောင်းရေ၏ တောင့်ခံအားကြောင့် ချောင်းကြမ်းပြင် မြင့်တက်လာမှုနှင့် ကြီးအုံကြီးဝတာမံ၏ ရေဝပ်ဧရိယာတွင် ကျရောက်နေမှုတို့ကြောင့် စေတုတ္တရာမြို့တွင် တစ်နှစ်ထက်တစ်နှစ် ရေကြီးရေလျှံမှုများ ပိုမိုဆိုးရွားလာကြောင်း စိစစ်တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ၂၀၁၈ ခုနှစ်ဇွန်လတို့၌ ရေကြီးရေလျှံမှု အဆိုးဝါးဆုံးခံခဲ့ရကြောင်း သိရှိရပါသည်။

စေတုတ္တရာမြို့နှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံအဝင်လမ်းတို့ကို ဆီမီးချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် စေတုတ္တရာမြို့၏ တောင်ဘက်ရှိ ငဖဲ-စေတုတ္တရာ ဆီမီးချောင်းတံတားနှင့် ခိုဝင်ကျေးရွာအကြား ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်သည့် စုစုပေါင်းအလျား ပေ (၆,၄၂၀)ခန့်ရှိသည့်အနက် က၊ ပ၊ စ၊ က တည်ဆောက်ပေးထားသည့် မြေထိန်းနံရံအလျား ပေ (၁,၄၆၀)ကို ချန်လှပ်၍ ကျန်ရှိသောအလျား ပေ (၄,၉၆၀) ခန့်ကို ကျောက်စီမြေထိန်းတမံ သို့မဟုတ် Steel Basket ကမ်းထိန်းတမံ တည်ဆောက်ပေးပြီး အဆိုပါကမ်းထိန်းတမံကို Steel Basket ရေလွှဲရေကာစုစုပေါင်း (၁၂)ခုဖြင့် တွဲဖက်တည်ဆောက်ပေးပါက ကမ်းပြိုမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၏ (၂၉-၁၀-၂၀၁၈)တွင် ကွင်းဆင်းတိုင်းတာစစ်ဆေးချက်များအရ တွေ့ရှိရပါသည်။ ထိုကဲ့သို့ တည်ဆောက်ပေးမည်ဆိုပါက စုစုပေါင်းရန်ပုံငွေ ကျပ် (၁,၂၃၁.၃၇) သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။ ၎င်းအပြင် ကမ်းထိန်းတမံအထက်တွင် မြေထိန်းနံရံအဆင့်ဆင့်ကိုပါ တည်ဆောက်ပေးနိုင်မည်ဆိုပါက ရေကြီးရေလျှံမှုများကို ပိုမိုထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ရာတွင် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ဆီမီးချောင်းရေတိုက်စားနစ်မြှုပ်မှုမှ ကာကွယ်ရန်အတွက် တင်ပြခဲ့သည့် ကမ်းထိန်းတမံတည်ဆောက်ခြင်းနှင့် Steel Basket ရေလွှဲရေကာများ တွဲဖက်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေ အသီးသီးတို့တွင် ထည့်သွင်းလျာထားခြင်းမရှိပါသဖြင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေကြားပါသည်။

**မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း၏ "မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းရှိ ရေစီးရေလာကောင်းမွန်သောချောင်း၊ မြောင်းများကို မြေဖို့ကျူးကျော်ပြီး အကွက်ချရောင်းချနေသောကြောင့် သဘာဝရေအရင်းအမြစ်များ၊ မြစ်ချောင်း၊ မြောင်း ပျောက်ဆုံးသွားနိုင်သည့်ဘေးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန်နှင့် ကျူးကျော်သူများကို ထိရောက်စွာဥပဒေနှင့်အညီ မည်သို့အရေးယူနိုင်မည်ကို သိရှိလိုခြင်း" နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ်** မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားရာတွင်-

မွန်ပြည်နယ်၊ ပေါင်မြို့နယ် ရပ်ကွက်နဲ့ ကျေးရွာအုပ်စုများအတွင်းရှိ ချောင်းနှင့် မြောင်းများ၏ မူလဧရိယာပေါ်သို့ ရေစီးရေလာနှောင့်နှေးစေသည့် တိုးချဲ့ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များ၊ အိမ်ခြံမြေများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

» စာ-၂၀ မှ

# ဒုတိယဝန်ကြီး ဦးသာဦး၏ လွှတ်တော် မေး/ဖြေ ကဏ္ဍ

**မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့် စပ်လျဉ်း၍** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသာဦးမှ ဖြေကြားရာတွင် ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေးအော်ပရေတာများ အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် မြို့ပြနှင့် ကျေးလက်များပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းများကိုတိုးချဲ့တည်ဆောက်ပေးလျက်ရှိသော်လည်း မိုဘိုင်းလ်စခန်းများတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၊ အဝေးဆက်သွယ်ရေးဆက်ကြောင်း (မိုက်ခရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုဟ်တု)များ တည်ဆောက်ရခြင်း၊ လျှပ်စစ်မီးရရှိနိုင်မှုအခြေအနေ၊ မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေ၊ လူဦးရေသိပ်သည်းမှုနှင့် ပြန်လည်ရရှိနိုင်မည့် ဝင်ငွေအခြေအနေ စသည်တို့အပေါ်မူတည်ပြီး တည်ဆောက်ရခြင်းဖြစ်ပါကြောင်း၊ မိုးမိတ်မြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများဖြစ်သည့် လွယ်မောက်၊ တုံးကြီး၊ ရေပုံး၊ ခတ်ချယ်၊ လွယ်ရာ၊ မိုင်းနင်း၊ နန့်ရီး၊ ညောင်တောက်၊ မန့်ယွင်း စသည့်ရေပုံးကျေးရွာအုပ်စု ကိုးတောင်နယ်နှင့် ငါးတောင်နယ်ဖြစ်သည့် မန်ကောက်ကျေးရွာအုပ်စုတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရေန် ၎င်းကျေးရွာများသည် လူဦးရေနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်ရန်ခက်ခဲခြင်း စသည်တို့ကြောင့် ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် ယခုအချိန်တွင် တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

သို့ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသည့် နယ်မြေဒေသများ (Underserved Area) များတွင် အခြေခံဆက်သွယ်ရေးအဆောက်အအုံတိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်သည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ Universal Service Fund ဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။







**SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင်မူရင်းဖြင့်သော်လည်းကောင်း၊ Biometric စနစ်ဖြင့်သော်လည်းကောင်း မှတ်ပုံတင်ခြင်းပြုလုပ်မည့်အစီအစဉ်ကို သိလိုခြင်းနှင့် စပ်လျဉ်း၍** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသာဦးမှ ဖြေကြားရာတွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှစ၍ SIM Card မှတ်ပုံတင်ခြင်းကို သတ်မှတ်ထားသည့် မှတ်ပုံတင် ID မိတ္တူများနှင့် အချက်အလက်များဖြည့်စွက်ပြီး ၃၁-၃-၂၀၁၇ ရက်နောက်ဆုံးထားပြီး မဖြစ်မနေပြုလုပ်ရန်လိုအပ်ကြောင်း၊ စနစ်တကျ မှတ်ပုံတင်သုံးစွဲခြင်းမရှိသည့် SIM Card များကို ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခြင်း၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် တိုက်တွန်းနှိုးဆော်အသိပေးခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် အသိပေးခြင်း၊ သက်ဆိုင်ရာအော်ပရေတာများက မိုဘိုင်းလ်တယ်လီဖုန်းအသုံးပြုသူများကို Short Message Service (SMS) ဖြင့် အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၃၁-၃-၂၀၁၇ ရက်အထိ စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိခဲ့သည့် SIM Card စုစုပေါင်း (၈.၆၈)သန်းခန့်ကို ယာယီပိတ်သိမ်းခဲ့ပြီး ထို SIM Card များကို ဆက်လက်ပြီးမှတ်ပုံတင်ရန်အတွက် နောက်ထပ် (၃)လ ခွင့်ပြုခဲ့ရာ သတ်မှတ်ကာလကုန်ဆုံးသည့် ၁-၇-၂၀၁၇ ရက်အထိ စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card စုစုပေါင်း ၆.၆ သန်းကို အပြီးပိတ်သိမ်းခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ SIM Card ရောင်းချမှုများနှင့် စပ်လျဉ်းပြီး ID တစ်ခုနှင့် အော်ပရေတာတစ်ဦးထံမှ အများဆုံး SIM Card နှစ်ခုသာ ဝယ်ယူမှတ်ပုံတင်နိုင်ရေး အသိပေးနှိုးဆော်ချက်အား နိုင်ငံပိုင်သတင်းစာများ၌ ၂၃-၃-၂၀၁၉ ရက်တွင် အသိပေးဖော်ပြခဲ့ပြီး ၁-၄-၂၀၁၉ ရက်နောက်ပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊

လက်ရှိအခြေအနေတွင် မှတ်ပုံတင်ထားသည့် တယ်လီဖုန်းသုံးစွဲသူများ၏ အချက်အလက်များကို သက်ဆိုင်ရာအော်ပရေတာအလိုက် သီးခြားစီသိမ်းဆည်းထားရှိပါကြောင်း၊ သီးခြားစီမှတ်ပုံတင်ထားသည့်အတွက် ID တစ်ခုနှင့် SIM Card စုစုပေါင်း ဘယ်လောက်ထိမှတ်ပုံတင်ထားခြင်း ရှိ/မရှိ စိစစ်ရန်ခက်ခဲခြင်း၊ ID မှန်ကန်မှု ရှိ/မရှိ စိစစ်ရန် ခက်ခဲခြင်းတို့ကြောင့် Biometric အချက်အလက်များကို အသုံးပြုပြီး Verification လုပ်နိုင်ပြီး မိုဘိုင်းလ်အော်ပရေတာများအားလုံး၏ သုံးစွဲသူအချက်အလက်များကို တစ်စုတည်းသိမ်းဆည်းထားနိုင်သည့် Common Data Base စနစ်တစ်ခုတည်ဆောက်ရန် လိုအပ်လာပါကြောင်း။

သို့ပါ၍ အဆိုပါစနစ် တည်ဆောက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးကဦးဆောင်ပြီး မိုဘိုင်းလ်အော်ပရေတာ၏ ကိုယ်စားလှယ်များကအဖွဲ့ဝင်အဖြစ်ပါဝင်သည့် Joint Working Group ကို ၃-၅-၂၀၁၉ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ Common Data Base စနစ်တည်ဆောက်ရာတွင် တင်ဒါခေါ်ယူနိုင်ရေးအတွက် Request for Proposal ပြုစုရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ SIM Card မှတ်ပုံတင်ခြင်းကို Biometric အပါအဝင် သတ်မှတ်ထားသည့်အချက်အလက်

» စာ-၂၀ မှ

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မန္တလေး–ပျဉ်းမနား–ရန်ကုန် ရထားလမ်းပိုင်းကြည့်ရှုစစ်ဆေး











ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် (၁၀)ရက်၊ နံနက်ပိုင်းတွင် မန္တလေး–ပျဉ်းမနား ရထားလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် (၈)နာရီခွဲတွင် မန္တလေးဘူတာကြီး အစည်းအဝေးခန်းမ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့ဌာနကြီး တိုးတက်အောင်မြင်လာစေရန်ဖွဲ့ လုံ့လဖြင့် ကျားကုတ်ကျားခဲ ကြိုးစားကြဖို့လိုအပ်ကြောင်း၊ မိမိတို့တာဝန်ကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဝန်ထမ်းများ၏ အရည်အချင်း၊ ဆင်ခြင်တုံတရားတို့ တိုးတက်လာအောင် ကြိုးစားနေထိုင်သွားကြရန် အရေးကြီးပါကြောင်း၊ ရထားလမ်းပိုင်းများဆောင်ရွက်ခြင်းလုပ်ငန်းသည် ဖြစ်သလိုလုပ်၍မရပါကြောင်း၊ အချိန်ယူပြီး စနစ်တကျလုပ်ဆောင်ရမှာဖြစ်ပါကြောင်း၊ အချက်ပြစနစ်များမှာလည်း ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်၍ မိမိတို့ဝန်ထမ်းများက ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ဖို့ အရေးကြီးပါကြောင်း၊ ဝန်ထမ်းများညီညီညွတ်ညွတ် ကြိုးစားကြမှသာ မိမိတို့ဌာနကြီး အောင်မြင်လာမှာဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ မန္တလေးဘူတာကြီး ကွန်ထရိုးခန်းနှင့် စက်ခေါင်းမောင်းများ နားနေခန်းအတွက် Water cooler (၂) လုံးအား လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ထွက်ခွာလာရာ ရထားလမ်းတစ်လျှောက် ရထားလမ်းများ ကြံ့ခိုင်မှုအခြေအနေနှင့် တံတားများကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ထားရှိမှုများအား လည်းကောင်း၊ ကားလမ်းကူးများ ဆောင်ရွက်ထားရှိမှုအား လည်းကောင်း၊ မြို့ဟောင်းဘူတာယာဒ်ဝန်း ပြုပြင်ဆောင်ရွက်သွားမည့် နေရာအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ သာစည်ဘူတာသို့ရောက်ရှိလာပြီး သာစည်ဘူတာကွန်ထရိုးခန်းအတွက် Water cooler (၁)လုံး လှူဒါန်းပေးအပ်ခဲ့ပါသည်။ သာစည်ဘူတာ၊ ရမည်းသင်းဘူတာ တပ်ကုန်းဘူတာများရှိ အရာထမ်း/အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအား မှာကြားခဲ့သည်။

ဆက်လက်၍ ဩဂုတ် (၁၁)ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် နံနက် (၆)နာရီတွင် ပျဉ်းမနားဘူတာမှ RBE ရထားဖြင့် ပျဉ်းမနား–ရန်ကုန် ရထားလမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးရန်ထွက်ခွာလာရာ ရေနီဘူတာတွင်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်များစုပုံထားရှိမှုအား အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးနှင့် အလေအလွင့်မရှိစေရေးမှာကြားခဲ့ပြီး ဆက်လက်ထွက်ခွာလာရာ အုတ်တွင်းဘူတာယာဒ်ဝန်းအတွင်း ရန်ကုန်–မန္တလေးလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်–၁ (CP-103) ညောင်လေးပင်–တောင်ငူ လမ်းပိုင်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုများအား JICA မှ တာဝန်ရှိသူများက တံတားများတည်ဆောက်မည့် နေရာများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးမှ မိုးတွင်းကာလအတွင်း ဆောင်ရွက်နိုင်မည့်လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူး–ညောင်လေးပင်လမ်းပိုင်း အဆင့်မြှင့်တင်ရေး (CP-102) ပြွန်တန်ဆာလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအားတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦး၊ ကဒုတ်၊ ပဲခူး၊ ဒါးပိန်ဘူတာများနှင့် ရထားလမ်းတစ်လျှောက် ပြုပြင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရှိရပါသည်။

မြန်မာ့မီးရထား



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် Korea Eximbank အဖွဲ့နှင့် တွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ် (၁၃)ရက်၊ ညနေပိုင်းက ကိုရီးယားသမ္မတနိုင်ငံ၊ Korea Eximbank မှ Director General၊ ရုံးအမှတ် (၅)၊ နေပြည်တော်၌ လက်ခံတွေ့ဆုံ၍ Korea Eximbank မှ ပေးအပ်မည့် Economic Development Cooperation Fund (EDCF) ဖြင့် e-Government Integrated Data Center (e-GIDC) တည်ဆောက်ရေး၊ မန္တလေး–မြစ်ကြီးနား ရထားလမ်းပေါ်ရှိ ဂျိုးထောင်–မဲဇာနှင့် မော်ဟန်–ကာဒူ လမ်းပိုင်းများ အဆင့်မြှင့်တင်ရေးစီမံကိန်းများ အပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Korea Eximbank မှ ပါဝင်ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

Transcom

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဗီယက်နမ်နိုင်ငံ၊ သံအမတ်ကြီး၊ H.E Dr. Luan Thuy Duong အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ်လ (၁၄) ရက်၊ ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ၊ သံအမတ်ကြီး H.E Dr. Luan Thuy Duong အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာ၌ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နှင့် ပရိပဲရစ်ကျွန်းအကြား ပင်လယ်ပြင်၌ မတော်တဆ နစ်မြုပ်ခဲ့သော Oil Rig Platform " Sea Hawk" အား ဆွဲယူလာသည့် တွဲဆွဲသင်္ဘော TC Dragon နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ကူညီဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့သည်။

တင်မောင်–ပို့/ဆက်



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ၂၀၁၈–၂၀၁၉ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အရာထမ်း/အမှုထမ်းများအား ဂုဏ်ပြုပွဲကျင်းပ
























ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ – ၂၀၁၉ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏သား/သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈– ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသော အရာထမ်း/အမှုထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို ဩဂုတ်လ (၁၄)ရက် နံနက်ပိုင်းတွင် ရုံးအမှတ်(၂၉) ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီး ဒေါက်တာ ခင်သန်းအေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မျိုးနှင့် ဦးသာဦး၊ အမြဲတမ်းအတွင်းဝန် (ဆက်သွယ်ရေး) ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဆုရကျောင်းသား/ကျောင်းသူများနှင့် မိဘများ၊ ဆုရအရာထမ်း / အမှုထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယခုဂုဏ်ပြုဆုချီးမြှင့်ပွဲကို တက်ရောက်ကြသည့် ကျောင်းသား/ကျောင်းသူများနှင့် ထူးချွန်အရာထမ်း/အမှုထမ်းများသည် အမှန်တကယ်ကြိုးစားအားထုတ်ခဲ့သည့်အတွက် ယခုလို ထူးချွန်စွာအောင်မြင်ခဲ့ကြတာဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေနဲ့လည်းအဘက်ဘက်မှတိုးတက်အောင်မြင်အောင် ဆောင်ရွက်နေသလို ကျောင်းသား/ကျောင်းသူများ၊ ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံအတွက်အကျိုးရှိသည့် သားကောင်း/သမီးကောင်းများဖြစ်လာစေရန် ကြိုးစားသွားရမှာဖြစ်ပါကြောင်း၊ အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ အထူးလိုအပ်လျက်ရှိပါကြောင်း၊ ယခုအောင်မြင်မှုကို အရှိန်အဟုန်မပျက်ဆက်လက်ကြိုးစားသွားရမှာဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အတွက် အကျိုးရှိသည့် သားကောင်းရတနာများ ဖြစ်လာမှာဖြစ်ပါကြောင်း၊ အတွေးအခေါ်ဗဟုသုတနှင့် အကျင့်စာရိတ္တကောင်းများရရှိလာအောင် အစဉ်ကြိုးစားသွားရမှာဖြစ်ပါကြောင်း စသည်ဖြင့်မှာကြားပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ (၁)ဘာသာမှ (၃)ဘာသာအထိ ဂုဏ်ထူးရရှိသူများ၏ ဂုဏ်ပြုမှတ်တမ်းလွှာများအား ဌာနအလိုက် တာဝန်ရှိသူများသို့လည်းကောင်း၊ (၆)ဘာသာဂုဏ်ထူးရရှိသူ (၈) ဦးအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ပြီး ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မျိုးနှင့် ဦးသာဦးတို့မှ (၅)ဘာသာဂုဏ်ထူးရရှိသူ (၁၂)ဦးအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် (ဆက်သွယ်ရေး) ဦးစိုးသိန်းမှ (၄)ဘာသာဂုဏ်ထူးရရှိသူ (၂၂)ဦးအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အမြဲတမ်းအတွင်းဝန်တို့က ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့်သင်တန်းများတွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်များဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအားဆုများအသီးသီးပေးအပ်ခဲ့သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြကြောင်းသိရှိရသည်။

အဆိုပါဆုချီးမြှင့်ပွဲတွင် (၆)ဘာသာဂုဏ်ထူးရရှိသူ (၈)ဦး၊ (၅)ဘာသာဂုဏ်ထူးရရှိသူ (၁၂)ဦး၊ (၄)ဘာသာဂုဏ်ထူးရရှိသူ (၂၂)ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ (၄၂)ဦးနှင့် ထူးချွန်ဝန်ထမ်း (၁၉)ဦးတို့အား ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂၀၁၈–၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူး (၈)ဦး၊ (၅) ဘာသာဂုဏ်ထူး (၁၂)ဦး၊ (၄) ဘာသာဂုဏ်ထူး (၂၅) ဦး၊ (၃) ဘာသာဂုဏ်ထူး (၂၄)ဦး၊ (၂) ဘာသာဂုဏ်ထူး (၅၄)ဦး၊ (၁)ဘာသာဂုဏ်ထူး (၁၇၀)ဦး၊ ရိုးရိုးအောင်မြင်သူ (၉၄၃)ဦး စုစုပေါင်း (၁၂၃၆)ဦး အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

MOTC

# ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများတည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၇)ရက်၊ နံနက် (၁၀:၀၀)အချိန်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ချခင်းတည်ဆောက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများအား ဖြေရှင်းနိုင်ရေး၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ချခင်းတည်ဆောက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျင်မြန်စွာခွင့်ပြုနိုင်ရေးနှင့် ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြု အခြေခံအဆောက်အအုံ ဖြတ်သန်းချခင်းခွင့်ဆိုင်ရာနည်းဥပဒေများ (Right of Way Rule) ရေးဆွဲနိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများမှ တင်ပြလာသည့် အခက်အခဲများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားလာရာတွင် ဦးစီးဌာနမှ စိစစ်ခွင့်ပြုသည့် လုပ်ငန်းစဉ်များ၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် သက်ဆိုင်ရာ မြေနှင့် အဆောက်အအုံအသုံးပြုမှုနှင့် စပ်လျဉ်း၍ နည်းဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများအား တင်ပြဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်ဆိုင်ရာအဖွဲ့ဝင် ဝန်ကြီးများနှင့် ဖိတ်ကြားထားသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကလည်း ၎င်းတို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ချခင်းတည်ဆောက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကန့်ကွက်မှုများ၊ ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြု အခြေခံအဆောက်အအုံ ဖြတ်သန်းချခင်းခွင့်ဆိုင်ရာ နည်းဥပဒေတွင် ပါဝင်စေလိုသည့် အချက်အလက်များ၊ ဆက်သွယ်ရေးအခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Omnitech Company Limited တို့ပူးပေါင်း၍ မြန်မာသင်္ဘောသားများအတွက် ILO Convention (C-185) နှင့်အညီထုတ်ပေးမည့် သင်္ဘောသားသက်သေခံလက်မှတ် (Seafarers Identity Smart Card) စတင်ထုတ်ပေးပြီ






ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Omnitech Company Limited တို့ပူးပေါင်း၍ မြန်မာသင်္ဘောသားများအတွက် ILO Convention (C-185) နှင့်အညီထုတ်ပေးမည့် သင်္ဘောသားသက်သေခံလက်မှတ် (Seafarers Identity Smart Card) စတင်ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ်လ (၆)ရက်၊ နံနက် (၁၀:၃၀)နာရီတွင် ရန်ကုန်မြို့၊ ဒေါပုံသင်္ဘောကျင်းဝင်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်မှ သင်္ဘောသားများအတွက် ILO Convention (C-185) နှင့်အညီ သင်္ဘောသားသက်သေခံလက်မှတ် (SID) Smart Card စတင်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ "နိုင်ငံတကာအဆင့်မီအောင် ကျွန်တော်တို့ Security လုံလောက်စွာ ထည့်သွင်းပြီးတော့ ဆောင်ရွက်ထားတဲ့ကဒ်တွေဖြစ်ပါတယ်။ ဒီ Seafarers Identity Docu-ment (SID) ကို ကျွန်တော်တို့ ထုတ်ပေးနိုင်ချိန်အတွင်းမှာ ထောက်ခံစာတွေနဲ့ထုတ်ပေးတဲ့အခါမှာ သင်္ဘောသားတွေတော်တော်များများက တစ်ချို့နိုင်ငံတွေမှာ အထူးသဖြင့် ရုရှားတို့ ဘရာဇီးတို့မှာ အတော်လေးဒုက္ခရောက်ခဲ့ရပါတယ်။ အခုနောက်ဆုံးထုတ်ပေးတဲ့ကဒ်ကတော့ နိုင်ငံတကာအဆင့်မီကဒ်ကို ထုတ်ပေးတာဖြစ်တဲ့အတွက်ကြောင့် ဒီလိုပြဿနာတွေကနေ ကင်းရှင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် Seafarers Identity Document (SID) က သင်္ဘောသားတွေ မရှိမဖြစ်လိုအပ်နေတဲ့ အတွက်ကြောင့် ဒီနေ့မှာစပြီးတော့ ထုတ်ပေးဖို့ကျင်းပတဲ့ အခမ်းအနားဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် HID ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက သင်္ဘောသားသက်သေခံလက်မှတ် Seafarers Iden-tity Smart Card အကြောင်းအား ရှင်းလင်းပြောကြားပါသည်။ ၎င်းနောက် HID ကုမ္ပဏီမှ SID Card စတင်လုပ်ငန်းဆောင်ရွက်စေရန် Security Key အား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားဌာနခွဲမှ တာဝန်ရှိသူထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ Seafarers Identity Document Con-vention C-108 ကို ၁၉၅၈ ခုနှစ်ကတည်းက ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် (၂၂.၅.၂၀၀၄) ရက်ကစပြီး SID Booklet တွေကို စတင်ထုတ်ပေးခဲ့ရာမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှစ၍ SID Booklet များ ထုတ်ပေးမှုကိုရပ်ဆိုင်းခဲ့ပြီး ၎င်းအစား ထောက်ခံချက်စာရွက်များကို လက်မှတ်ရေးထိုးထုတ်ပေးခဲ့သည်။ (၁၂.၁.၂၀၁၆) ရက်တွင် SID Convention C-185 ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် Convention နှင့် ကိုက်ညီသော SID Card ထုတ်ပေးရန်အတွက် (၂၁.၉.၂၀၁၇) ရက် နောက်ဆုံးထား၍ တင်ဒါတင်သွင်းစေခဲ့ရာ Omnitech Co.Ltd မှာ SID Card တစ်ခုအတွက် ငွေကျပ် (၆၉၉၉၉/-)ဖြင့် တင်ဒါအောင်မြင်ခဲ့သည်။ ထို့ကြောင့် (၂၂.၃.၂၀၁၈)ရက်တွင် Omni-tech Co.Ltd နှင့် SID Card ထုတ်လုပ်ရေးစာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်မောင်-ပို့/ဆက်

## (၂၃)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး ဆွေးနွေးပွဲတက်ရောက်

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဩဂုတ်လ (၁၄)ရက်နှင့် (၁၅)ရက်အထိ ကျင်းပပြုလုပ်သည့် (၂၃)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး ဆွေးနွေးပွဲ (23th Meeting of the GMS Subregional Transport Forum (STF 23) သို့ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထား



## Yangon International Multipurpose Terminal (YIMT) နှင့် ပတ်သက်သည့် Royal Haskoing DHV မှ ပြုစုထားသော Conceptual Study အပေါ် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ



Yangon International Multipurpose Terminal (YIMT) နှင့် ပတ်သက်သည့် Royal Haskoing DHV မှ ပြုစုထားသော Conceptual Study အပေါ် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ (၅)ရက်၊ မွန်းလွဲ (၂)နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးမှ တတ်ရောက်အမှာစကားပြောကြားပါသည်။

၎င်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် (YIMT) ဆိပ်ကမ်းနှင့် ပတ်သက်သည့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထူးအကြံပေးပုဂ္ဂိုလ် ဒေါက်တာချာလီသန်းမှ ဆွေးနွေးတင်ပြပါသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများမှ မိမိ၏လုပ်ငန်းဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

Transcom

## Myanmar National Portal End User Training သင်တန်းဖွင့်လှစ်




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ Myanmar National Portal End User Training သင်တန်းအား ဩဂုတ်လ (၁၄)ရက်တွင် နေပြည်တော်ရှိ e-Government Information Access Center တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

e-Government လုပ်ငန်းစဉ်များအား အစိုးရဌာနများအားလုံးပူးပေါင်း၍ အမျိုးသားအဆင့်သို့ ဟန်ချက်ညီစွာ အဆင့်မြှင့်တင်နိုင်ရေးအတွက် အစိုးရဌာနအသီးသီး၏ website များနှင့် ဝန်ဆောင်မှုများအား စုစည်းပေါင်းစပ်ပြီး Myanmar National Portal တွင် လွှင့်တင်ထားပြီးဖြစ်ပါသည်။ e-Government လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရနှင့် ဆက်ဆံထိတွေ့ရသည့် ပြည်သူများအနေဖြင့် အစိုးရဌာနများ၏ ဝင်ပေါက်တိုင်းကို ဝင်ထွက်သွားလာခြင်းထက် ဝင်ပေါက်တစ်ခုတည်းမှ ဌာနအားလုံးသို့ ဆက်သွယ်ဆောင်ရွက်ခွင့်ရရေးသည် လွန်စွာအရေးကြီးပါသဖြင့် Single portal၊ Single window စနစ်များ တည်ဆောက်ပေးခြင်းအားဖြင့် ပြည်သူလူထုသို့ လွယ်ကူလျင်မြန်ပြီး ကောင်းမွန်ထိရောက်သော ပြည်သူ့ဝန်ဆောင်မှုများ ပေးနိုင်ရန်ရည်ရွယ်ပြီး Myanmar National Portal ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် ပြည်သူလူထုမှ အစိုးရ၏ဝန်ဆောင်မှုများကို ရိုးရှင်းလွယ်ကူစွာရယူအသုံးပြုသွားနိုင်မည်ဖြစ်သည်။

ယခုဖွင့်လှစ်ပို့ချသည့် Myanmar National Portal End User Training သင်တန်းသည် ပို့ဆောင်ရေးနှင့် ဆက် သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနကြီး (၁၈)ခုမှ မိမိတို့ဌာန၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှု များကို Myanmar National Portal တွင် ကိုယ်တိုင် ကျွမ်းကျင်စွာ လွှင့်တင်သွားနိုင်ရန်အတွက် ရည်ရွယ်ပြီး သင်တန်းပို့ချပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းအား ဒေါ်နွယ်နီစိုးရင်၊ ညွှန်ကြားရေးမှူး၊ e-Government ဌာနမှဖွင့်လှစ်ပေးခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနကြီး (၁၈)ခုမှ သင်တန်းသား/သင်တန်းသူ (၃၄)ဦးတက်ရောက်ကြောင်း သိရှိရသည်။

နွယ်နီ (ITCS)



**လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ဗုဒ္ဓစာပေများ တစိုက်မတ်မတ် လေ့လာဆည်းပူးခြင်း၊ ကြိုးစားအားထုတ်လိုက်နာခြင်းများက လူတိုင်းလုပ်နိုင်ကြသည့် အလုပ်မဟုတ်ပါ။ အထူးသဖြင့် ဝန်ထမ်းတစ်ဦးအတွက် ပို၍ပင်ခက်ခဲပါလိမ့်မည်။ သို့သော် အမှန်တကယ် လေ့လာလိုသူတို့အတွက်ကတော့ ဖြစ်အောင်လုပ်ကြပါသည်။ ထိုသူများထဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာန၊ ပြန်ကြားရေးနှင့် ချောင်ချိရေးဌာနခွဲမှ ဓါတ်ပုံကျွမ်းကျင် (၂) ဦးချစ်ကိုကိုလည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဦးချစ်ကိုကိုနှင့် တွေ့ဆုံကာ University of Abhidhamma အဘိဓမ္မာရေဘွဲ့ရသည်အထိလေ့လာမှု စိတ်ဓာတ်ကို လေးစားဂုဏ်ပြုဖော်ပြလိုက်ရပါသည်။**



**ဦးချစ်ကိုကို**
**ဓါတ်ပုံကျွမ်းကျင် (၂)**
**စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာန၊**
**ပြန်ကြားရေးနှင့် ချောင်ချိရေးဌာနခွဲ၊**
**မြန်မာ့မီးရထား**

**ဒီလိုမျိုး University of Abhidhamma ကနေပြီး အဘိဓမ္မာရေဘွဲ့ရအောင် ကြိုးစားခဲ့မှုအဆင့်ဆင့်ကို ပြောပြပေးပါဦးရှင်။**

အဓိကကတော့ တရားဓမ္မဆွေးနွေးပွဲမှ မစန္ဒာချို၊ ဦးလှကြည်၊ ကိုထွန်းလင်းကျော်၊ ဦးအောင်ခိုင်ထွန်း၊ ဦးနန္ဒကြောင့် တက်ဖြစ်သွားတာပါ။ ကျွန်တော်တို့ နေပြည်တော်မှာ ပုညဝိသယဒါန အဖွဲ့လေးရှိတယ်။ အဲဒီမှာ တရားဓမ္မဆွေးနွေးပွဲလုပ်ရင်းနဲ့ နေပြည်တော်မှာ ဓမ္မဗျူဟာသင်တန်းကျောင်းရှိတယ်၊ အဘိဓမ္မာသင်တန်းရှိတာ သိရတယ်။ အဲဒီကနေစပြီးတော့ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၅)ရက်မှာစပြီး တရားဓမ္မဆွေးနွေးပွဲကို အပတ်တိုင်းလုပ်ဖြစ်တယ်။ အဘိဓမ္မာကို ၂၀၁၃ ခုနှစ်၊ (၅)လပိုင်း ပထမအပတ်မှာ ကျွန်တော်တို့ ဓမ္မသာဂစ္စာအဖွဲ့က (၇)ယောက်တက်ဖြစ်ကြတယ်။ အဲဒီ (၇)ယောက်လုံးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားကပါပဲ။ အဲဒီမှာ အဘိဓမ္မာပထမအဆင့်ကို ၂၀၁၃ ခုနှစ်မှာပဲ ဖြေဆိုအောင်မြင်ပါတယ်။ နောက်တစ်နှစ်မှာတော့ အဘိဓမ္မာဒုတိယအဆင့်တို့၊ တတိယအဆင့်တို့ ထပ်တက်တာ ဒုတိယအဆင့်ကို ၂၀၁၄ ခုနှစ်မှာ အောင်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဖြေတဲ့အခါမှာလည်း ပ၊ ဒု၊ တ သုံးဆင့်လုံးအောင်မြင်ပါတယ်။ အဲဒီမှာ အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်း ထပ်ပြီးတက်ပါတယ်။ အဘိဓမ္မာဂုဏ်ထူးဆောင်ကို ပထမအဆင့်ဖြေဆိုတာမှာ ၂၀၁၆ ခုနှစ်မှာ ဖြေဆိုမှုမအောင်မြင်ပါ။ အဲဒီအချိန်မှာ အဘိဓမ္မာတက္ကသိုလ်ဖြစ်တဲ့ University of Abhidhamma မှာ အဘိဓမ္မာအောင်မြင်ပြီးသားပုဂ္ဂိုလ်တွေအနေနဲ့ အဲဒီကျောင်းကို တက်ခွင့်ရပါတယ်။ အဲဒီမှာ ၂၀၁၆ ခုနှစ်၊ (၇)လပိုင်းမှာ စတက်တဲ့အချိန်မှာ ပထမအဆင့်အတွက် (၉)လပိုင်းမှာ စာမေးပွဲဖြေပါတာမှာ ပထမနှစ်အောင်မြင်ခဲ့ပါတယ်။ အဲ့ဒါပြီးတော့ ၂၀၁၇ ခုနှစ်မှာ ဒုတိယနှစ်အောင်ပါတယ်။ အဘိဓမ္မာဂုဏ်ထူးဆောင်ပထမအဆင့်ကိုလဲ အောင်မြင်ခဲ့ပါတယ်။ အဲ့ဒါက (၃)နှစ်တက်ရတာဖြစ်လို့ ၂၀၁၈ ခုနှစ်မှာ Level 3 အောင်မြင်တဲ့အတွက်ကြောင့် အဲ့ဒါပြီးတော့မှ Level 1.2.3. သုံးခုလုံး အောင်မြင်ပြီးဖြစ်သည့်အတွက် အဘိဓမ္မာတက္ကသိုလ်၏ နဝမအကြိမ်မြောက် အဘိဓမ္မာရေဘွဲ့ကို ချီးမြှင့်ခံရတာဖြစ်ပါတယ်။

**အခုလက်ရှိသင်ယူနေတဲ့သင်တန်းကိုလည်း သိချင်ပါတယ်။ နောက်ပြီး အလုပ်တစ်ဘက်နဲ့ ဒီလိုမျိုးဗုဒ္ဓစာပေဆိုင်ရာသင်တန်းတွေ တက်နေရတဲ့အခါမှာ အခက်အခဲတွေရှိရင်လည်း ပြောပြပေးပါဦး။**

နောက်ထပ် ဆက်တက်ဖြစ်တာကတော့ မဟာဝိဇိတာရုံ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၏ လမ်းညွှန်မှုကိုခံယူလျက် ဆရာတော်ရှင်ညာနိသရ၊ ဆရာတော်ရှင်ရာဇိန္ဒ၊ တို့၏ သင်ကြားမှုဖြင့် ပါဠိပထမပြန်အခြေပြု (မူလတန်း) ဆက်တက်တာမှာ ယခုနှစ်အောင်ပါတယ်။ အခုဆက်တက်နေတာကတော့ မဟာဝိဇိတာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒ၏ လမ်းညွှန်မှုကိုခံယူလျက် ဆရာတော်ရှင်ညာနိသရ၊ ဆရာတော်ရှင်ရာဇိန္ဒ၊ ဆရာတော်ရှင်ကုဝေရ တို့မှ သင်ကြားပေးပါသော ပါဠိပထမပြန် (အငယ်တန်း) ဆက်တက်နေပါတယ်။ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းကဖွင့်တဲ့ ဝိသုဒ္ဓိမဂ် (ပထမအဆင့်)ကိုလည်း လေ့လာနေပါတယ်။ အခက်အခဲကတော့ရှိပါတယ်။ ဘာလဲဆိုတော့ဒီမှာက ဝန်ထမ်းတွေတက်နိုင်အောင်ဆိုပြီး တနင်္ဂနွေတစ်ရက်ကို ဖွင့်ပေးထားပါတယ်။ ကျွန်တော်တို့ အလုပ်ကကျတော့ ဌာနသတင်းထုတ်ပြန်ရေးလုပ်ငန်းဖြစ်သည့်အတွက် အလုပ်ရှိတဲ့အခါ တနင်္ဂနွေမှာ ကျွန်တော်က ဘယ်လိုလုပ်ရသလဲဆိုတော့ တစ်ချို့ကိုတော့ သင်တန်းတူ ဓမ္မမိတ်ဆွေများဆီက လက်ချာပြန်လိုက်ရပါတယ်။ ဒါပေမယ့်လည်း ဒီလိုမျိုးက တစ်ခါတစ်လေပဲဆိုတော့ သင်တန်းကို ကောင်းကောင်းတက်ဖြစ်ပါတယ်။

**သင်တန်းစတက်တုန်းက အတွေ့အကြုံနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ စိတ်ခံစားချက်ကိုလည်း သိချင်ပါတယ်ရှင်။**

ပထမစတက်တုန်းက ဘာတွေတွေ့ရသလဲဆိုရင် ငယ်ငယ်လေးကတည်းက ခံယူထားတာ မိရိုးဖလာဗုဒ္ဓဘာသာဆိုပြီး ခံယူထားပါတယ်။ ဗုဒ္ဓဘာသာဆိုတာကို ထဲထဲဝင်ဝင်မသိတဲ့အချိန်ပေါ့ဗျာ။ အဘိဓမ္မာကိုစပြီးသင်လိုက်ရတဲ့အချိန်မှာ ဘာတွေသိလာခဲ့ရသလဲဆိုရင် ကိုယ့်မှာရှိတဲ့စိတ်တွေ၊ စိတ်ဆိုတာ အရင်ကသိခဲ့ရတာ စိတ်ဆိုးတာကို စိတ်ကောက်တာ စိတ်မရှည်တာတို့၊ သင်တန်းတက်တဲ့အခါကြသိခွင့်ရတာ စိတ်ဆိုတာ အာရုံကိုရအောင်ယူနိုင်ခြင်းဖြင့် သိတတ်သောသဘောပဲရှိတယ်ဆိုတာ စေတသိက်တွေ၊ စေတသိက်က စိတ်ကိုခြယ်လှယ်တာတွေ၊ ကိုယ့်မှာရှိနေတဲ့ရုပ်တွေရဲ့ ဖောက်ပြန်ပုံ ဖောက်ပြန်နည်းတွေ အကုန်လုံးကို သိခဲ့ရပါတယ်။ တရာထိုင်းတာတွေရဲ့ အခြေခံကိုလည်း နားလည်ခဲ့ရပါတယ်။ အဲ့ဒါတွေကြောင့်လည်းပိုပြီးတော့ အဘိဓမ္မာကို ကြိုးစားချင်စိတ်တွေ ပေါက်ပြီးတော့ လုပ်ခဲ့တာပါ။ အခုနောက်ပိုင်းကတော့ တော်တော်ကြီးကို အဆင်ပြေနေပါပြီ။ ဓမ္မဗျူဟာသင်တန်းမှူး ဆရာမကြီး ဒေါ်ခင်လှတင်က သူ့ရဲ့သင်ကြားပို့ချမှုနည်းတွေက အခုဆိုရင် အသံဖိုင်တွေလည်းထွက်တယ်။ သင်တန်းသားတွေအတွက်က စနေ၊ တနင်္ဂနွေ Live လွှင့်သင်ကြားလာပြီဖြစ်ပြီး အခုတော့ တစ်နိုင်ငံလုံးက သင်ကြားလိုသော ဓမ္မမိတ်ဆွေအတွက် တနင်္လာနေ့ကနေ သောကြာနေ့အထိ ဓမ္မဒေါင်းလုပ်နဲ့ မဟာဗောဓိလိုင်းကနေပြီးတော့ လွှင့်ပေးနေတာဖြစ်တဲ့အတွက် အခုဆိုရင် အများကြီး လေ့လာခွင့်ရနေပြီဖြစ်ပါတယ်။

**ဒီလိုမျိုးတွေ သင်ယူလေ့လာနေတဲ့ ဦးချစ်ကိုကိုမှာ ပြောင်းလဲလာတာတွေရှိရင်လည်း သိချင်ပါတယ်။**

အရင်တုန်းကတော့ ဆိုးညစ်တဲ့ကာလတစ်လျှောက်လုံးမှာနေခဲ့ရပြီးတော့ အခုအချိန်မှာတော့ တော်တော်လေးကိုယ့်ကိုကိုယ်လည်း အားရသလိုရှိပါတယ်။ အရင်တုန်းကဆိုရင် သောက်သောက်စားစားပေါ့။ အခုဆိုရင် ငါးပါးသီလကိုမြဲနိုင်သလောက်မြဲအောင် ကြိုးစားနေပါတယ်။ အဲဒီလိုမျိုးစိတ်တွေလည်းအမြဲတမ်းဖြစ်ပေါ်နေပါတယ်။

**ဗုဒ္ဓစာပေနဲ့ ပတ်သက်ပြီး သင်တန်းတွေကို အချိန်ပေးသင်ယူလေ့လာနေတဲ့ ဦးချစ်ကိုကိုရဲ့ တစ်နေ့တာလှုပ်ရှားမှုကရော ဘယ်လိုတွေများဖြစ်မလဲ။**

ဆရာတော်ကြီးတွေဆိုရင် အမြဲတမ်းပြောလေ့ရှိပါတယ်။ "အကျင့်လဲပြင် စာလဲသင် မြှင့်တင်သာသနာ" ဟူသော ဆိုဆုံးမအတိုင်း လိုက်နာကျင့်သုံးရမည်၊ ဓမ္မနဲ့ ပျော်မွေ့ရမယ်ဆိုပြီး။ ဓမ္မနဲ့ ပျော်မွေ့ရမယ်ဆိုတော့ ကျွန်တော်တို့က ဘယ်လိုနေသလဲဆိုရင် အခုလောလောဆယ်မှာတော့ အခုက ပထမပြန်တက်နေတာဖြစ်တဲ့အတွက် ညပိုင်းမှာ စာဝါလိုက်ရပါတယ်။ စာဝါလိုက်ပြီး ပြန်လာလို့ရှိရင် ဘုရားဝတ်ပြုတယ်။ ဘုရားဝတ်ပြုပြီးတာနဲ့ တရားထိုင်ပါတယ်။ နောက်ပြီး ဘာလုပ်ဖြစ်သေးသလဲဆိုရင် အိပ်ခါနီးမှာ ပါချုပ်ဆရာတော်ကြီးဖြစ်ဖြစ်၊ သီတဂူဆရာတော်ကြီးဖြစ်ဖြစ်၊ ဒေါက်တာအရှင်ဆေကိန္ဒဖြစ်ဖြစ် ဒါမှမဟုတ် ကျွန်တော်တို့ သင်ခဲ့ရတဲ့ ဆရာမကြီးရဲ့ အသံဖိုင်ဖြစ်ဖြစ် ဖွင့်ပြီး တရားနာဖြစ်ပါတယ်။ အချိန်ပြည့်ကြီးလုပ်သလားဆိုရင်တော့ အချိန်ပြည့်မလုပ်နိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်က ဝန်ထမ်းလည်းဖြစ်နေတော့ဝန်ထမ်းလောကမှာ အဲဒီလိုကြီးအမြဲတမ်းလုပ်ပြနေလို့လည်း မဖြစ်ပါဘူး။ အားတဲ့အချိန်လေးမှာ တော်တော်များများ လုပ်ပါတယ်။ မနက်နိုးရင်တော့ ပါချုပ်ဆရာတော်ကြီးရဲ့ တရားလေးဖွင့်ပြီး ကိုယ်လုပ်စရာရှိတဲ့ စာဖတ်တာတွေ ပြန်ဖတ်၊ အိမ်အလုပ်လုပ်စရာရှိရင်လည်း အိမ်အလုပ်လုပ်ပါတယ်။ ဒါကတော့ ကျွန်တော်ရဲ့တစ်နေ့တာပါ။ ပြီးရင် (၈)နာရီ ထိုးရင်တော့ ဖယ်ရီပေါ်တက်၊ တရားလေးနာ၊ တရားမနာဖြစ်ရင် စာအုပ်လေးဖတ်။ အဲဒီလိုနဲ့ ရုံးတက်ဖြစ်ပါတယ်။

**အခုနောက်ပိုင်း တရားဓမ္မဘက်ကို တစိုက်မတ်မတ်လုပ်လာတာမှာ ဘယ်လောက်အထိများ ဆက်လက်လုပ်ဆောင်သွားမယ်၊ ဘယ်လိုတွေနေထိုင်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦးရှင်။**

ဆရာတော်ကြီးပြောသလို ဘဝဖြောင့်ကြောင်း တစေ့တစောင်းဆိုတဲ့အတိုင်း ဘဝဖြောင့်အောင် ကိုယ့်ကိုကိုယ်ပြုပြင်ပြီးနေပါတယ်။ အဲ့ဒီလိုနေရလို့လည်း အရမ်းဝမ်းသာရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့က ကိုယ့်ဆီးပိုင်းထဲဝင်မှ ကိုယ့်အိမ်မှာမီးလောင်မှ ကိုယ့်ပစ္စည်းဆုံးရှုံးမှ ကိုယ့်ခန္ဓာနဲ့တိုက်မှ အကြောက်တရား အသိတရားရတာလေ။ ကျွန်တော်ကလည်း ကျွန်တော့်ခန္ဓာကိုယ်ဆုံးရှုံးခါနီးအချိန်နဲ့ကြုံမှ ဒါမျိုးတွေ ပြောင်းလဲလာတယ်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော်ကျန်းမာရေးမကောင်းတာ ဘယ်အချိန်မှာသိရသလဲဆိုရင် ၂၀၁၃ ခုနှစ်၊ (၄)လပိုင်းမှာသိရတယ်။ ဘာတွေဖြစ်သလဲဆိုရင် နေလို့ထိုင်လို့မကောင်းဘူး။ အဲဒီတော့မှ ဘာသာရေးတရားဓမ္မတွေကလျာဏမိတ်ဆွေတွေနဲ့ တွေ့ပြီးတော့မှ အရက်လည်းဖြတ်လိုက်တယ်။ ကွမ်းလည်းဖြတ်တယ်။ ဆေးလိပ်လည်းဖြတ်တယ်။ ဆိုးညစ်တဲ့အချိန်တွေကိုထားခဲ့ အခုတော့ သီလကို မြဲနိုင်သလောက်မြဲနိုင်အောင် ကြိုးစားရင်း အသက်ခန္ဓာတည်မြဲနေသလောက် သာသနာတိုးတက်ပြန့်ပွားရေးတတ်နိုင်သမျှ ကြိုးစားတော့ သီလဆောက်တည်ပြီးနေလာခဲ့တာ။ အခုဆိုရင် တရားဓမ္မကိုလည်း အများကြီးလေ့လာဖြစ်ပါတယ်။ ကိုယ် အသက်ရှိနေတဲ့အချိန် ကြိုးစားခွင့်ရတဲ့အချိန်လေးမှာ ဆက်လက်ကြိုးစားနေပါတယ်။

**အခုအချိန်မှာ အဘိဓမ္မာကို စပြီးလေ့လာသင်ယူမယ်ဆိုတဲ့သူတွေအတွက် ဦးချစ်ကိုကိုအနေနဲ့ ဘယ်လိုများလမ်းညွှန်ချင်မလဲဆိုတာလည်း သိချင်ပါတယ်။**

အဘိဓမ္မာကိုသင်ကြားရခြင်းကြောင့် လူဖြစ်ရကျိုးလူစော်နံခွင့်လေးရခဲ့ပါတယ်။ မိမိအကြောင်း မိမိသိရှိနိုင်ရန် အဘိဓမ္မာကို လေ့လာသင်ယူနိုင်ကြပါစေလို့ ပြောချင်ပါတယ်ခင်ဗျာ။ ။

အိမ်စည်




# အကျင့်လဲပြင် စာလဲသင် မြှင့်တင်သာသနာ



ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com



# သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အခြောက်ခံနည်းပညာနှင့် Air Energy Heat Pump သုံးအခြောက်ခံစက် အသုံးပြုပုံစာတွေ့ လက်တွေ့ သင်တန်းဖွင့်လှစ်မည်

သစ်သီးဝလံဟင်းသီးဟင်းရွက်အခြောက်ခံနည်းပညာနှင့် Air Energy Heat Pump သုံးအခြောက်ခံစက်အသုံးပြုပုံစာတွေ့လက်တွေ့သင်တန်းကိုစက်တင်ဘာလ (၂)ရက်မှ (၃)ရက်အထိရန်ကုန်မြို့၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၌သင် တန်းပို့ချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှသိရသည်။

အဆိုပါသင်တန်းကို ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ယူနန်ပြည်နယ် Green Energy Industry Association ၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းနှင့် Good Brother Company Limited တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သီးနှံအစုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အသင်းသားများ၊ တိုင်းနှင့် ပြည်နယ်မှ အသင်းသားများ တက်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည်မိမိလက်တွေ့အသုံးပြုစမ်းသပ်အခြောက်ခံလိုသည့် သီးနှံများကို (၃)ကီလိုဂရမ်မှ (၅)ကီလိုဂရမ်အထိယူဆောင်လာရမည်ဖြစ်ပြီး စာတွေ့ဆောင်ရွက်ပြီးနောက် စိတ်ပါဝင်စားသည့် အိမ်ရှင်မများ၊ လုပ်ငန်းရှင်များအနေနှင့် သင့်လျော်သည့်အခြောက်ခံစက်အရွယ်အစားအမျိုးမျိုးကို မှာယူနိုင်ကြောင်း သိရသည်။

ဖွဲ

# သုဝဏ္ဏမိုးလုံလေလုံကွင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့် နိုင်ငံတကာအဆင့်မီ ပြင်ဆင်မည်




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏကို ခေတ်မီအားကစားလေ့ကျင့်ရေးဆိုင်ရာ ပစ္စည်းများနှင့် နိုင်ငံတကာအဆင့်မီပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာထံနမှ သိရသည်။

အဆိုပါပြိုင်ပွဲရုံ ပြန်လည်ပြင်ဆင်ခြင်း စီမံကိန်းလုပ်ငန်းများအတွက် ကုန်ကျမည့် ယွမ်သန်း (၂၂၀)ကုန်ကျမည်ဖြစ်ပြီး ယင်းပြုပြင်မည့်ကိစ္စကို 5th China-Myanmar Joint Committee Meeting on Economic, Trade and Technical Cooperation တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။ ထိုသို့ပြန်လည်ပြင်ဆင်ရာတွင် အဆောက်အအုံတစ်ခုလုံးကို မူလပုံစံမပျက်ဘဲ (၂)နှစ်တာကာလအတွင်း ပြင်ဆင်သွားမည်ဖြစ်ပြီး ယင်းအားကစားရုံ၏ စွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်စေရန် ခေတ်မီအားကစားလေ့ကျင့်မှုဆိုင်ရာ လျှပ်စစ်နှင့်စက်ပိုင်းဆိုင်ရာတပ်ဆင်ခြင်းများ ပါဝင်မည်ဖြစ်သည်။

၁၉၈၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏကိုစတင်ဆောက်လုပ်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း ယင်းပြိုင်ပွဲရုံသည် ပရိသတ် (၁၀,၈၂၅) ဦးဆံ့သည့် အမျိုးသားအားကစားပြိုင်ပွဲရုံဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံမှသိရသည်။

ဘုန်းပိုင်ဦး

» စာ - ၁၅ ဒုတိယဝန်ကြီး ဦးကျော်မျိုး၏လွှတ်တော်အမေးအဖြေ မှ

မြို့နယ်ဒုတိယဥပဒေအရာရှိ၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က အဖွဲ့ဝင်များအဖြစ်ပါဝင်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည့် ကျူးကျော်ရှင်းလင်းရေး မြို့နယ်ကြီးကြပ်မှုကော်မတီကို (၂-၁၀-၂၀၁၈)တွင် ကျင်းပပြုလုပ်သော ပေါင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈)၏ ဆုံးဖြတ်ချက်အရ ပေါင်မြို့နယ်စီမံခန့်ခွဲမှု ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း။

အဆိုပါ ကျူးကျော်ရှင်းလင်းရေး မြို့နယ်ကြီးကြပ်ရေးကော်မတီသည် ချောင်း၊ မြောင်းများ၏ မူလဧရိယာပေါ်သို့ တိုးချဲ့ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များ အိမ်ခြံမြေများကို ရှင်းလင်းဖယ်ရှားအရေးယူဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး ကျူးကျော်နေမှုများအပေါ် ဦးစွာစာရင်းအချက်အလက်များ ကောက်ယူ၍မြေအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများက ရှင်းလင်းဖယ်ရှားနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တစ်နေရာချင်းစီအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ အချိန်ကာလကြာမြင့်နေသည့် ကျူးကျော်မှုများကို သက်ဆိုင်ရာဌာနမှ ကြိုတင်အသိပေးပြီးသတ်မှတ်ကာလအတွင်း ဖျက်သိမ်းခြင်းမရှိပါက တရားစွဲဆိုသွားရန်နှင့် ပြည်ထောင်စုက ချမှတ်ထားသည့်မူဝါဒများနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ၂၀၀၆ ခုနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၁၂)တွင် မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နန်းဖမ်းခြင်း၊ အင်းပတ်ခြင်း၊ တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်းမပြုရဟု ပြဋ္ဌာန်းတားမြစ်ထားပါသည်။ အဆိုပါ ဥပဒေ၏ ပုဒ်မ ၂၆ တွင် ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် (၃)သိန်းမှ အများဆုံး ကျပ် (၇)သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ မူလ ၂၀၀၆ ခုနှစ် ဥပဒေတွင် ငွေဒဏ်ကို ကျပ် (၃)သောင်း သတ်မှတ်ထားခြင်းကို ၂၀၁၇ ခုနှစ်တွင် ငွေဒဏ်ကို တိုးမြှင့်ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

အလားတူပင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၃(ခ)တွင် မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများနှင့် တံတားများ၊ လမ်းများနှင့် ကမ်းထိန်းအဆောက်အအုံများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းတားမြစ်ထားပါသည်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းရှိ သဘာဝရေအရင်းအမြစ်များ၊ မြစ်၊ ချောင်း၊ မြောင်း ပျောက်ဆုံးသွားနိုင်သည့်ဘေးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေးအတွက် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်း၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

Transcom

» စာ - ၁၅ ဒုတိယဝန်ကြီး ဦးသာဦး၏လွှတ်တော်အမေးအဖြေ မှ

များဖြင့် စတင်ဆောင်ရွက်နိုင်ရန် Common Data Base စနစ်ကို ၂၀၂၀ ခုနှစ်၊ ဇွန်လမကုန်မီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Common Data Base စနစ်ဖြင့် SIM Card အသစ်ဝယ်ယူသူများကို မှတ်ပုံတင်ခြင်းစတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလက်ရှိသုံးစွဲနေသည့် မှတ်ပုံတင်ထားသည့် SIM Card များအားလုံးကိုလည်း အချိန်ကာလတစ်ခုသတ်မှတ်ပြီး Biometric စနစ်နှင့် ပြန်လည်မှတ်ပုံတင် ခြင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Common Data Base စနစ်ကိုတည်ဆောက်ပြီး SIM Card များကို Biometric နှင့် အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းအားဖြင့် မိုဘိုင်းလ်ဖုန်းအသုံးပြုသူများဟာ Mobile Banking၊ Mobile Money၊ Mobile Payment၊ Online Shopping စသည့် Online ဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာ အသုံးပြုလာနိုင်မည်ဖြစ်ပြီး အများပြည်သူလုံခြုံရေးကိုလည်း ထိရောက်စွာအကာအကွယ်ပေးနိုင်မည်ဖြစ်ပါ၍ ပြည်သူလူထုအနေနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

Biometric နည်းများနှင့် စနစ်တကျလုပ်သည့်အခါ ပြည်သူမထိခိုက်စေရန် နစ်နာမှုအနည်းဆုံးနည်းနှင့် လတ်တလောဖြေရှင်းရန် လိုအပ်သည်ဟု ယူဆသည့်အတွက် မည်သို့ဖြေရှင်းထားသလဲဟု ဆက်စပ်မေးခွန်းမေးမြန်းရာ Biometric စနစ်ကို လာမည့်ဇွန်လမတိုင်မီ စောစောပြီးအောင် လုပ်မည်ဖြစ်ပါကြောင်း၊ ပြီးလျှင် ကျန်သည့်လက်ရှိဖုန်းအပါအဝင် လူများအားလုံးကိုပါ Biometric နှင့် လုပ်ရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာပြည်သူလူထုအကုန်လုံး လက်ရှိသုံးနေသည့် SIM Card သန်း ၆၀ ကျော်ရှိပါကြောင်း၊ ထိုလူအားလုံးနှင့် Biometric စနစ်လုပ်ရန်အတွက် ပြည်သူလူထုကို ပညာပေးပြီး အမြန်ဆုံးလုပ်ကိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

Transcom

## Transcom News journal Cartoons



# မြန်မာနိုင်ငံတစ်ဝန်း သစ်ပင်အမျိုးအစား (၅၀)ကျော်ကို တားမြစ်သစ်ပင်များအဖြစ် သတ်မှတ်

သစ်တောဥပဒေအရ ထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဩဂုတ် (၁) ရက်၌ စတင်အကျိုးသက်ရောက်မည့် တားမြစ်သစ်ပင်ဖြစ်သည့် သစ်ပင်အမျိုးအစား (၅၂)မျိုးကို သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၉)၊ သစ်တောဥပဒေပုဒ်မ (၈)၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါသတ်မှတ်တားမြစ်လိုက်သည့် သစ်ပင်များမှာ ကျွန်း၊ သစ်ခါး၊ သစ်ရိုး၊ သင်္ကန်း (သင်္ကန်းရွှေ၊ သစ်သင်္ကန်း)၊ သင်္ကန်းနက် (သင်္ကန်းကျောက်)၊ သင်္ကန်းပွဲ (သင်္ကန်းမကလေးပင်)၊ တညင်ပုံ၊ ပျဉ်းကတိုး (ပျဉ်းပင်)၊ ရှား၊ ပိတောက်၊ ကညင်ဖြူ၊ ကညင် (ကညင်နီ၊ ကညင်ဝက်တောင်)၊ ကညင်နီ၊ ကညင် (ကညင်ပျံ)၊ ကညင်၊ ကညင်ပျံပင်၊ ကညင် (ကညင်နီ)၊ ကရဝေး၊ မှန်လျှင်း၊ သစ်ကြံပိုင်းပင်၊ သီဟိုဠ်၊ သစ်ကြံပိုးပင်၊ ပျဉ်းမဖြူ (ခမောင်းဖြူ)၊ ပျဉ်းမ၊ ပျဉ်းမ (ပျဉ်းမရွက်သေး)၊ ချယ်ရီ၊ ထင်းရှူး၊ တယော၊ သစ်ရာ၊ အင်ကြင်း၊ သစ်မွှေး (အကျော်)၊ ကမ်းဇော်၊ ကနစို (ရေကနစို၊ ပင်လယ်ကနစို)၊ တမလန်း၊ တမလန်းဖို၊ တရုတ်ခေါင်းပင် (ရှမ်းဘဲ)၊ ကျောက်ထင်းရှူး၊ ပျဉ်းပိတောက် (ပိတောက်နက်)၊ လိပ်သဲ၊ ဥပါနို၊ သင်္ကန်းဖြူ (ကျောက်သင်္ကန်း)၊ သော်ကကြီး၊ ကျနု (ကြွတ်နန်း)၊ ပင်လယ်ဘုန်းနှင့် မြိုင်ကြီး (ဆောင်းဖို) စသည်တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တားမြစ်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ယခင်နှစ်များက တားမြစ်သစ်ပင်များအဖြစ် သတ်မှတ်ထုတ်ပြန်ကြေညာခဲ့သည်။ အမိန့်ကြော်ငြာစာများကို ယခုကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ဘုန်းပိုင်ဦး



# မြန်မာနိုင်ငံသားများဘဏ်(MCB) နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း (IFC) တို့သဘောတူလက်မှတ်ရေးထိုး




မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ကမ္ဘာ့ဘဏ်၏အဖွဲ့ဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းတို့မှ ဘဏ်၏လုပ်ကိုင်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်နိုင်စေရေးအတွက် အကြံပေးအတိုင်ပင်ခံဝန်ဆောင်မှုများနှင့်ပတ်သက်၍ နှစ်ဖက်သဘော တူလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူညီချက်တွင် မြန်မာနိုင်ငံသားများဘဏ်၏လုပ်ငန်းရည်ရွယ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြု၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား ပြီးမြောက်စေရန်အတွက် IFC သည် မြန်မာနိုင်ငံသားများဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထို့အပြင် Corporate၊ SME နှင့် Retial Banking များတွင် Customer များ တန်ဖိုးထားရွေးချယ်စေရေးရေးရှုထားသည့် အားကောင်းသောအချက်များပါဝင်သော မဟာဗျူဟာအစီအစဉ်အား ပြန်လည်မွမ်းမံခြင်း၊ ဝန်ဆောင်မှုအစီအစဉ်များနှင့် ပုံစံများအား အသင့်တော်ဆုံးထားရှိပေးခြင်း၊ ဘဏ်ခွဲများနှင့် ကွန်ရက်များအား တိုးချဲ့ခြင်း၊ သင့်လျော်သော ဒစ်ဂျစ်တယ်သုံးဝန်ဆောင်မှုများ ဖန်တီးခြင်း၊ အဆင်ပြေချောမွေ့သော စီမံခန့်ခွဲမှုများဖြင့် လုပ်ငန်းမြှင့်တင်အကောင်အထည်ဖော်သူများအား အလေးထားဆောင်ရွက်သွားမည်ဖြစ်ကာ ဆုံးရှုံးနိုင်ခြေအား စီမံခန့်ခွဲနိုင်မှု၊ ထိရောက်မှု၊ စွမ်းဆောင်နိုင်စွမ်းများအားလည်း တိုးမြှင့်၍ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသားများဘဏ်သည် ၁၉၉၁ တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၆ ဩဂုတ်တွင် ရန်ကုန်စတော့အိတ်ချိန်းဝင်ကုမ္ပဏီဖြစ်လာပြီး ၂၀၁၇ အထိ ဘဏ်ခွဲပေါင်း (၂၃)ခုဖွင့်လှစ်ထားကြောင်းနှင့် IFC သည် ကမ္ဘာ့အုပ်စုဝင် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဈေးကွက်များဖွံ့ဖြိုးလာရန်အတွက် ပုဂ္ဂလိက ကဏ္ဍတွင် အဓိကကူညီလုပ်ကိုင်ပေးလျက်ရှိကြောင်း သိရသည်။

ဖွဲ

# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

မိုးမိုး (အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ်တရဝတ္ထုတိုပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို အကြောင်းအရာမရွေး စာမူပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာမူများကို A4 စာရွက်ပေါ်တွင် ရှင်းလင်းပီသသောလက်ရေးဖြင့် (၁၀)မျက်နှာ၊ ကွန်ပျူတာဖြင့် (၆)မျက်နှာထက်မပို ရေးသားရိုက်နှိပ်ပြီး အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့နှင့်အတူ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးကြောင်း ကိုယ်တိုင်ကတိပြုစာတစ်စောင်ပါပူးတွဲ၍ စာပေလောကစာအုပ်တိုက်၊ အမှတ် (၁၇၃)၊ (၃၃)လမ်း ရန်ကုန်မြို့သို့ စက်တင်ဘာ (၃၀)ရက်ထက် နောက်မကျစေဘဲ အရောက်ပေးပို့ကြရန်ဖြစ်သည်။

ဆုရသူများအမည်စာရင်းကို အောက်တိုဘာ (၁၅)ရက်တွင် ကြော်ငြာပြီး ဆုချီးမြှင့်ပွဲကို အောက်တိုဘာ (၂၅)၊ (၂၆)၊ (၂၇)ရက်တွင် ကျင်းပမည့် မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်တွင် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိတ်ထက်

# ပွင့်လင်းရာသီ၌ ရေယာဉ်သစ်များဖြင့် Yangon Water Bus ပြေးဆွဲမည်

ပြည်တွင်းထုတ်ရေယာဉ်များကို ရပ်နားပြီး မလေးရှားနိုင်ငံထုတ်ရေယာဉ်တစ်စီးအပြင် ဩစတြေးလျနိုင်ငံထုတ် ရေယာဉ် (၃)စီးဖြင့် လာမည့် ပွင့်လင်းရာသီတွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း Yangon Water Bus ထံမှ သိရသည်။

Yangon Water Bus မှ ယခင်ပြေးဆွဲသော ပြည်တွင်းထုတ်များကို ရပ်နားထားခြင်းဖြစ်ပြီး မလေးရှားနိုင်ငံထုတ်ရေယာဉ်များတင်သွင်းရေးကို မူဝါဒအတိုင်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်းနှင့် မကြာမီအချိန်အတွင်းတွင် ပြည်တွင်းသို့ရေယာဉ်များရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

လာမည့်ပွင့်လင်းရာသီတွင် ခရီးစဉ်အသစ်များနှင့် အပန်းဖြေခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး၊ ထို့ပြင်ဆိပ်ခံများအရည်အသွေးအရ ပြုပြင်ရန်လိုအပ်သောကြောင့် ဆိပ်ကမ်း (၃)ခုကို ခေတ္တရပ်နားကာ ပြန်လည်ပြုပြင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း Yangon Water Bus ထံမှ သိရသည်။

Yangon Water Bus ပြေးဆွဲမှုကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွင်းမှစတင်ကာ ရန်ကုန်မြစ်ရှိဆိပ်ကမ်းများသို့ ပြေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး ခရီးစဉ်လမ်းကြောင်းများအနေနှင့် ဗိုလ်တထောင်ဆိပ်ကမ်း၊ နန်းသီတာ၊ လမ်းသစ်ဆိပ်ကမ်း၊ လှိုင်ဘူတာရုံလမ်း၊ အင်းစိန်ဆိပ်ကမ်းအစရှိသည့် ဆိပ်ကမ်းများတွင် ပြေးဆွဲပေးလျက်ရှိသည်။

ဘုန်းပိုင်ဦး




# နိုင်ငံ (၁၀)နိုင်ငံပါဝင်ပြသမည့် အာဆီယံအစားအစာပွဲတော် မန္တလေး၌ ကျင်းပမည်

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မန္တလေးမြို့၌ကျင်းပမည့် အာဆီယံအစားအစာပွဲတော် (၂၀၁၉) တွင် နိုင်ငံပေါင်း (၁၀)နိုင်ငံမှ ဆိုင်ခန်းပေါင်း (၁၁၀)ကျော် ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရိုးရာအစားအစာများမပျောက်ကွယ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့ သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ဩဂုတ် (၁၇)ရက်မှ (၁၈) ရက်အထိ နေ့စဉ် နံနက် (၉)နာရီမှ ည (၉)နာရီအထိ ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံ ခြောက်နိုင်ငံနှင့် တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့မှလည်း ၎င်းတို့နိုင်ငံအသီးသီးရှိ ရိုးရာအစားအစာများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ ပြသရောင်းချမည့် ရိုးရာအစားအစာများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲခြားထားပြီး ဇုန် (၁၅)ဇုန်မှ အစားအစာ အမျိုး (၇၀)ကျော် ပါဝင်ရောင်းချမည်ဖြစ်ကြောင်း၊ ရောင်းချမည့်အစားအစာများ ဘေးအန္တရာယ်ကင်းစေရန် ပါဝင်သည့် ကုန်ကြမ်းပစ္စည်းများအတွက် သက်ဆိုင်ရာဒေသအလိုက် ကျန်းမာရေးဌာနများ၌ စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ပါဝင်ချက်ပြုတ်ပြင်ဆင်မည့် ဝန်ထမ်းများကိုလည်း ကျန်းမာရေးစစ်ဆေးမည့်အပြင် ပြသရောင်းချမည့်အစားအစာများ၏ နမူနာပစ္စည်းများကိုလည်း မန္တလေးမြို့တွင် သုံးရက်ကြာ သိုလှောင်၍စစ်ဆေးသွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

စိတ်ထက်

# ဘာ လင် သင်ခန်းစာ




ဇော်ငြိမ်းဦး (M.P.A)

ဂျာမန်အောက်လွှတ်တော်၏ ဖိတ်ကြားမှုဖြင့် ပထမဆုံး ဥရောပခရီးစဉ်အဖြစ် ဂျာမနီသွားခဲ့သည့်ခရီးစဉ်က လေ့လာစရာ၊ သင်ခန်းစာယူစရာတွေရှိခဲ့တယ်။ ဘာလင် Tegel လေဆိပ်ရောက်တော့ ည (၁၁)နာရီခန့်ရှိနေပြီ။ မြူးနစ်ကနေ လုသန်ဇာပြည်တွင်းလေကြောင်းမှ ဘာလင်သို့ထွက်ခဲ့ပါတယ်။ လုသန်ဇာပြည်တွင်းလိုင်း၏ ခရီးစဉ်အမှတ် LH 2054 က အမှတ်ရစရာ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်၊ တနင်္ဂနွေနေ့၊ ဘာလင်မြို့ညဘက်က အေးစိမ့်ခြောက်ကပ်နေတယ်။ တည်းခိုသည့် Maritim Pro.Arte သို့ သွားရာလမ်းတစ်လျှောက် လူသူရှင်းနေသည်။ လမ်းပေါ်တွင် လူတစ်ယောက်စ နှစ်ယောက်စသာရှိလေသည်။ ဘာလင်လို့ကြားတာနဲ့ ဘာလင်တံတိုင်းကို မြင်ယောင်သည်၊ ဟစ်တလာကိုသတိရစေသည်။

မနက် (၄)နာရီကျော် (၅)နာရီလောက်ကတည်းက အခန်းကို အလင်းရောင်ကရောက်လာသည်။ အိပ်မရတာနှင့်အတူ ကင်မရာတစ်လုံးကိုင်၍ လမ်းထွက်လျှောက်သည်။ မနက်စောစောတွင် အမှိုက်သိမ်းကားက ရောက်နှင့်နေသည်။ အမှိုက်သိမ်းကားမောင်းသည့် လူမည်းကတော့ အနွေးထည်ထူထူထဲထဲဝတ်ပြီး ကားပေါ်တွင်ထိုင်နေသည်။ ဓါတ်ရထားတွေ ပြေးနေသည်။ စက်ဘီးစီးသည့်လမ်းကို လူသွားလမ်းပလက်ဖောင်းပေါ်တွင် သက်သက်လုပ်ပေးထားသည်။ ရှေးကျသည့် အဆောက်အအုံတိုင်း၌ ရုပ်ထုတွေကို လက်ရာမြောက်စွာထွင်းထုထားသည်။ စာရေးသူတို့ ဟိုတယ်က ပြတိုက်တွေအများကြီးရှိသည့် Musium Island ဘေးတွင်ရှိသည်။ ဘာလင်ဘုတာကြီးနှင့်နီးသည်။ ဟိုတယ်တွေများသည်၊ ပြတိုက်တွေများသည်။ ညနေစောင်းနှင့် မနက်ဘက်တွင် ရုံးတက်ရုံးဆင်းဝန်ထမ်းများ၊ ဟိုတယ်ဝန်ထမ်းများ၊ ပြတိုက်ဝန်ထမ်းများ၊ နိုင်ငံခြားသားဧည့်သည်များနှင့် ရှုပ်ယှက်ခတ်နေသည့် နေရာတစ်ခုဖြစ်သည်။ ကိုယ်ပိုင်ကားအသုံးပြုတာထက် ဓါတ်ရထားတွေ၊ ရထားလိုင်းတွေ၊ စက်ဘီးတွေနဲ့သာ ရုံးတက်ရုံးဆင်းလုပ်တာတွေ့ရသည်။

ဂျာမနီအောက်လွှတ်တော် Deutscher Bundestag ၏ အနောက်ဘက်ဂိတ်တည့်တည့်တွင် အမိပတိရုံးရှိသည်။ ဂျာမန်ဝန်ကြီးချုပ် ရုံးထိုင်သည်။ နွေဦးရာသီဖြစ်သဖြင့် ခရီးသွားဧည့်သည်များသည်။ အရှေ့ဥရောပမှ ခရီးသွားတွေများသည်၊ ပိုလန်ကျောင်းသားအုပ်စုတွေကိုလည်း တွေ့ခဲ့တယ်။ တရုတ်ခရီးသွားအုပ်စုတွေလည်း ရှိသည်။ တစ်ခါတစ်ရံ ဟိုတယ်မှအောက်လွှတ်တော်သို့ လမ်းလျှောက်သွား လမ်းလျှောက်ပြန်ရသည်။ ကြီးကျယ်ခမ်းနားသော ဆိုဗီယက်သံရုံး (ရုရှားဖက်ဒရေးရှင်းသံရုံး)ကို တွေ့ရသလို အမေရိကန်သံရုံးကလည်း ဘာလင်တွင် ခန့်ခန့်ထည်ထည် နေရာယူထားသည်။ ၁၉၉၀ ပြည့်နှစ် ဂျာမနီနိုင်ငံ ပြန်လည်မပေါင်းစည်းခင်အထိ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ အနောက်ဂျာမနီတွင် ပြည်နယ် (၁၁)ခုပါဝင်ပြီး ဒုတိယကမ္ဘာစစ်အပြီး အနောက်အင်အားကြီးနိုင်ငံများ သိမ်းပိုက်ထားသောနယ်မြေ Western Occupation Zones တွင် ဖွဲ့စည်းခဲ့သည်။ ဆိုဗီယက်တို့ သိမ်းပိုက်ခဲ့သော ဂျာမနီအရှေ့ပိုင်းသည် ဂျာမနီဒီမိုကရက်တစ် သမ္မတနိုင်ငံ (GDR) ကို တည်ဆောက်ခဲ့ပြီး ပြည်နယ် (၅)ခုဖွဲ့စည်းခဲ့သည်။ ဘာလင်တံတိုင်းတွင် သွေးတွေ၊ ချွေးတွေ၊ ငိုကြွေးသံတွေကို မြင်ယောင်နိုင်သည်။ ဘာလင်တံတိုင်းပြိုကွဲပြီး ၃-၁၀-၁၉၉၀ ရက်တွင် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတို့ ပြန်လည်ပေါင်းစည်းခဲ့သည်။ နှစ်စဉ် အောက်တိုဘာလ (၃)ရက်ကို ဂျာမနီပြန်လည်ပေါင်းစည်းရေးနေ့ (Day of Germany Unity) အဖြစ် သတ်မှတ်ကာ အစိုးရရုံးပိတ်ရက်အဖြစ် ကျင်းပခဲ့သည်။

ဘာလင်တံတိုင်းကိုရောက်တော့ အမိပတိကြီးမာကယ်၏ လွန်ခဲ့သော (၂)ရက်ခန့်က ဘာလင်တံတိုင်းကို ဖြတ်ကျော်ရင်းသေဆုံးသွားသူများအတွက် ရည်ရွယ်ချထားခဲ့သည့် ပန်းခွေလတ်လတ်ဆတ်ဆတ်ကို တွေ့ရတယ်။ တံတိုင်း၏ အချို့အစိတ်အပိုင်းတွေက ရှိနေသေးသည်။ အရှေ့ဂျာမနီမှ ဘာလင်တံတိုင်းကိုဖြတ်ကူးရင်း ပစ်သတ်ခံရသူတို့ကို မြှုပ်နှံထားသည့်နေရာကိုလည်း မြင်ခဲ့သည်။ သံဇရိန်ထဲတွင် ထည့်ထားသည့် ၎င်းတို့ဓါတ်ပုံတွေကိုလည်း မြင်တွေ့ခဲ့သည်။ အမှတ်မထင် ဓါတ်ပုံရိုက်မိတဲ့အထဲမှာ (၅၀)ယောက်မြောက် အသတ်ခံခဲ့ရတဲ့ ပီတာဖစ်ချာပုံလည်းပါသည်။ ဘာလင်တံတိုင်းပြိုလဲချိန်မှာ အောင်ပွဲခံနေသော ဂျာမန်လူငယ်တွေ၏ ဓါတ်ပုံများကိုလည်း မြင်တွေ့ရသည်။ ထီးရိပ်နှစ်ခုအောက်မှ ဓားစာခံများ စနစ်တစ်ခု၏ သားကောင်များအဖြစ် ခံစားခဲ့ရသည်။ စစ်အေးတိုက်ပွဲကာလ၏ မြေစာပင်များဖြစ်သည်။

၁၉၈၈-၈၉ ကာလရဲ့ စစ်အေးခေတ်လွန်မှာ နိုင်ငံတွေပြိုကွဲခဲ့တယ်၊ အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့တယ်။ ဝါဒရေးရာ ထိန်းချုပ်မှုအောက်တွင် လူထုတော်လှန်ရေးတွေဖြစ်ခဲ့တယ်၊ အခွင့်အရေးနဲ့ ရပိုင်ခွင့်ပေါ်မူတည်ပြီး ဖြစ်တဲ့အငြင်းပွားမှု၊ တိုက်ခိုက်မှု၊ သဘာဝအရင်းအမြစ်ပေါ်မူတည်ပြီး ဖြစ်ရတဲ့ အငြင်းပွားမှု၊ တိုက်ခိုက်မှုတွေ၊ ဝါဒရေးရာပေါ်မူတည်ပြီးဖြစ်ခဲ့တဲ့ အငြင်းပွားမှု၊ တိုက်ခိုက်မှုတွေနဲ့၊ စစ်ပွဲတွေ၊ ယမ်းငွေ့တွေ၊ သွေးတွေ၊ ချွေးတွေနဲ့ ကြွေးကြော်သံ၊ ငိုကြွေးသံတွေကြားမှာ လှပတဲ့မြင်ကွင်းတစ်ခုဖြစ်ပေါ်လာခဲ့တယ်။ ဒါကတော့ ဘာလင်တံတိုင်းပြိုလဲခြင်းပေါ့။ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်ကစပြီး အရှေ့နဲ့ အနောက်ရယ်လို့ ခွဲခြင်းခံရပြီး ဘာလင်တံတိုင်းသည် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်မှာတော့ ပြိုလဲခဲ့ပါပြီ။ စစ်အေးခေတ်တုန်းက ဒီမိုကရေစီနဲ့ ကွန်မြူနစ်စနစ်ရဲ့ သင်္ကေတ ဘာလင်တံတိုင်းပြိုကွဲတာ နှစ်ပေါင်း (၃၀)ပြည့်ခဲ့ပြီ။

အရှေ့ဘာလင်ကလူတွေက အနောက်ဘက်ခြမ်းကို လှမ်းမြင်နေရတဲ့ သူတို့ပြတင်းပေါက်တွေကို အသေပိတ်ပြီး ဘာလင်တံတိုင်းဆီ ခုန်ကူးချင်စိတ်ကို (၂၈)နှစ်ကြာ ချိုးနှိမ်ပြီး ဆွေကွဲမျိုးကွဲနဲ့ တိတ်ဆိတ်စွာငိုကြွေးရင်း ဖြတ်သန်းခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ပြီး ဂျာမနီကိုအောင်နိုင်သူတွေရဲ့ ဖုန်လေးဖုန်အဖြစ် ပိုင်းခြားအုပ်ချုပ်ခြင်းကို ဂျာမန်တွေခံခဲ့ရတယ်။ အမေရိကန်၊ ဂရိတ်၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဆိုဗီယက် (ပိုစတမ်ဒမ်ကွန်ဖရင့် သဘောတူညီချက်အရ) တို့ရဲ့ ပိုင်းခြားမှုတွေကို ဂျာမနီနိုင်ငံရဲ့မြို့တော် ဘာလင်လည်းပါခဲ့တယ်။ ကွန်မြူနစ်စနစ်နှင့် ဒီမိုကရေစီစနစ်ရဲ့ အားပြိုင်မှုတွေ၊ ရန်လိုမှုတွေအောက်မှာပေါ့။ ဘရင်ဒါဘတ်ဂိတ်နားမှာ အုပ်စိုးခဲ့သူတွေရဲ့ ကျယ်ဝန်းတဲ့ သံရုံးမြေနေရာတွေနဲ့ ခန့်ထည်တဲ့ သံရုံးအဆောက်အဦတွေဟာ ကိုလိုနီအမွေ ဘာလင်ရဲ့ အမာရွတ်တွေအဖြစ် ကျန်ရှိနေတုန်းပါပဲ။

၁၉၄၉ ခုနှစ်မှာတော့ အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့ရဲ့ ဖုန်သုံးဖုန်ကိုပေါင်းစည်းပြီး FDR (The Federal Republic of Germany) ကို တည်ထောင်ခဲ့သလို ဆိုဗီယက်ယူနီယံကလည်း သူအုပ်ချုပ်တဲ့ဖုန်မှာ အရှေ့ဂျာမနီလို့ခေါ်တဲ့ (The German Democratic Republic) ကို တည်ထောင်ခဲ့တယ်။ ဘာလင်ရဲ့ ပိုင်းခြားခံထားရမှုတွေကြောင့် ကွန်မြူနစ်အရှေ့ဘာလင်ရဲ့အလယ်မှာ အနောက်ဘာလင်လို့ခေါ်တဲ့ ဒီမိုကရေစီကျွန်းလေးပေါ်ထွက်လာခဲ့တယ်။ တိုတောင်းတဲ့စစ်ကြီးပြီးဆုံးတဲ့ ကာလတိုလေးအတွင်းမှာ အရှေ့နဲ့ အနောက်တို့ရဲ့ လူနေမှုစနစ်ကွဲပြားခြားနားလာခဲ့တယ်။ အနောက်ဂျာမနီရဲ့ စီးပွားရေး၊ လူနေမှုအဆင့်အတန်းများသည် ဈေးကွက်စီးပွားရေးစနစ်အောက်မှာ ဈေးကွက်ပြိုင်ဆိုင်မှုနှင့် အတူ တဟုန်ထိုးတိုးတက်လာခဲ့တယ်။

အရှေ့ဂျာမနီမှာတော့ ဆိုဗီယက်ပြည်ထောင်စုက တင်သွင်းတဲ့ စက်ရုံသုံးပစ္စည်းတွေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေကတော့ ဆိုဗီယက်ပြည်ထောင်စုနဲ့ပဲ အပြန်အလှန်ကုန်သွယ်မှုရှိခဲ့တယ်။ အရှေ့ဂျာမနီသည်လည်း ဆိုဗီယက်ပြည်ထောင်စု၏ ကိုယ်ပိုင်နိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး ကွန်မြူနစ်အသိုင်းအဝိုင်းကြားမှာ ပုဂ္ဂလိကလွတ်လပ်ခွင့်၊ စီးပွားရေးစနစ်တို့သည် ထိန်းချုပ်ခံခဲ့ရပြီး ၁၉၅၀ ခုနှစ် ပတ်ဝန်းကျင်နှောင်းပိုင်းတွင် အရှေ့ဂျာမနီနိုင်ငံသားများအနေဖြင့် ထွက်ပြေးချင်စိတ်များ၊ နိုင်ငံကူးချင်စိတ်များ ဖြစ်ပေါ်လာခဲ့ပါတယ်။ နေထိုင်ရပ်တည်လို့မရတော့တဲ့အခါ အထုပ်ဆွဲပြီး အနောက်ဘာလင်သို့သာ ဦးတည်ခဲ့ကြတဲ့ ထောင်နဲ့သောင်းနဲ့ချီတဲ့လူအုပ်ကြီးတွေက အနောက်ဂျာမနီကိုဝင်ရောက်ပြီး ဒုက္ခသည်အိမ်ရာတွေဟာ အနောက်ဂျာမနီအနှံ့ ပျံ့နှံ့ခဲ့တာပေါ့။

၁၉၆၀ ခုနှစ်ဝန်းကျင်မှာတော့ နှစ်ဦးပိုင်းမှာတော့ အရှေ့ဂျာမနီမှာ လုပ်အားဆုံးရှုံးမှုတွေ၊ လူဦးရေယုတ်လျော့မှုတွေနှင့် တူတံစဉ်အလံနီကြီးအောက်မှာ ပျာယာခတ်စေတော့တာပေါ့။ ၁၉၆၁ ခုနှစ်ထိ အရှေ့ဂျာမနီနိုင်ငံသား ၂.၅ သန်း အနောက်ဂျာမနီသို့ ပြောင်းရွှေ့ခဲ့တယ်လို့ မှတ်တမ်းတွေက ဆိုတယ်။ အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းမှုတွေကို အရှေ့ဂျာမနီအာဏာပိုင်များက တားမြစ်ကန့်သတ်ရန်လိုလာခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စုက နျူကလီးယားလက်နက်နဲ့ ခြိမ်းခြောက်မှုအပါအဝင် အနောက်အုပ်စုကို ခြိမ်းခြောက်ပြီး အစုလိုက်အပြုံလိုက် ပြောင်းရွှေ့မှုကို တားမြစ်ရန်ကြိုးစားခဲ့တယ်။ နောက်ဆုံးမှာတော့ နံရံတံတိုင်းကာပြီး တားဆီးမှုဆိုတဲ့အစီအစဉ်ကို အရှေ့ဂျာမနီအာဏာပိုင်တွေက ချမှတ်ခဲ့တာပေါ့။ အရှေ့နဲ့အနောက် နယ်ခြားကို စနစ်တကျထိန်းချုပ်တော့မယ်လို့ ကောလဟာလတွေ ပျံ့နှံ့နေတဲ့ညတစ်ည ဩဂုတ် (၁၂-၁၃) ၁၉၆၁ ခုနှစ်မှာတော့ ဘယ်သူမှမျှော်လင့်မထားတဲ့ တံတိုင်းပိတ်၊ ခြံစည်းရိုးကာတာတွေကို ဘာလင်သားတွေ အိပ်မောကျနေတဲ့အချိန်မှာ စစ်သားတွေ၊ ဆောက်လုပ်ရေးလုပ်သားတွေနဲ့ စတင်ပြီး အုတ်တံတိုင်းတွေ၊ ခြံစည်းရိုးကာတာတွေကို လုပ်ခဲ့ပြီး နှစ်နိုင်ငံဖုန်းလိုင်းတွေကိုပါ ဖြတ်တောက်ခဲ့တယ်။ ဘာလင်တံတိုင်းမှာ ပထမဆုံးစီးဆင်းခဲ့တဲ့ အဲဒီ့စစ်သားတွေနဲ့ ဆောက်လုပ်ရေးလုပ်သားတွေရဲ့ မျက်ရည်တွေဟာ အနောက်ဘာလင်လမ်းတွေကို စီးဆင်းသွားခဲ့တာပေါ့။

ဘာလင်သားတွေကတော့ အံ့အားသင့်စွာနဲ့ မျက်နှာသစ်ခဲ့ရပြီး သူတို့ဖြတ်သန်းခဲ့တဲ့ နှစ်နိုင်ငံနယ်ခြားဟာ ကန့်သတ်မှုတွေများသွားပြီး သူတို့အော်ပရာပြဇာတ်သွားကြည့်ခဲ့တဲ့၊ ဘောလုံးသွားကန်တဲ့ အနောက်ဘက်၊ သွားကစားတဲ့ အနောက်ဘက်ဆီကို တံတိုင်းကြီးတစ်ခုခြားသွားခဲ့ပြီး ပုံမှန်ခရီးဝေးအလုပ်ဆင်းတဲ့ အရှေ့ဘာလင်သားခြောက်သောင်းခန့်ဟာလည်း သူတို့ချစ်တဲ့ မိသားစု၊ မိတ်ဆွေတွေနဲ့ ရှင်ကွဲကွဲခဲ့ရပါတယ်။

ဘာလင်သားတွေ အိပ်မောကျနေတဲ့ ဒီဩဂုတ်လ (၁၂)ရက်ညကစပြီး ဆယ်စုနှစ်ရှည်တဲ့ မလှုပ်ရှား၊ မဆက်သွယ်နိုင်အောင် ထိန်းချုပ်မယ့်ကိစ္စရပ်တစ်ခုဖြစ်ပျက်ခဲ့တာပါ။ အဲ့ဒီ ဘာလင်တံတိုင်းပေါ့။

ဘာလင်တံတိုင်းဟာ မိုင်ရာနှင့်ချီရှည်ပြီး ဘာလင်မြို့လည်ကိုတော့ ဖြစ်မသွားခဲ့ဘူး။ အနောက်ဘာလင်ကို

စာ-၂၄ »

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၂၁ - ၈ - ၂၀၁၉ (ဗုဒ္ဓဟူးနေ့)

# Emirates လေကြောင်းလိုင်းမှ ပဲရစ်၊ ရောမ၊ လန်ဒန်နှင့် ဒူဘိုင်းသို့ လေယာဉ် လက်မှတ်များအား အထူးနှုန်းထားများဖြင့် ရောင်းချ



Emirates လေကြောင်းလိုင်းမှ ပဲရစ်၊ ရောမ၊ လန်ဒန်နှင့် ဒူဘိုင်းသို့ လေယာဉ်လက်မှတ်များအား အထူးနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိသည်။

Emirates လေကြောင်းလိုင်းသည် မြန်မာနိုင်ငံမှ ခရီးသည်များအတွက် ဥရောပတိုက်ရှိ လူကြိုက်များထင်ရှားသောနေရာများသို့ သွားရောက်နိုင်မည့် လက်မှတ်နှုန်းထားများအား ဩဂုတ် (၈)ရက်မှစတင်ကာ ဩဂုတ် (၂၉)ရက်မတိုင်ခင်အထိ ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နိုဝင်ဘာ (၃၀)ရက် နောက်ဆုံးထားအသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသား ခရီးသည်များအနေနှင့် ပဲရစ်သို့ Economy Class လက်မှတ်များကို အမေရိကန်ဒေါ်လာ (၇၁၅) မှ စတင်၍လည်းကောင်း၊ Business Class လက်မှတ်များအား အမေရိကန်ဒေါ်လာ (၃၁၆၂) မှ စတင်၍လည်းကောင်း၊ ရောမသို့ Economy Class အား (၇၆၉)ဒေါ်လာဖြင့်လည်းကောင်း၊ Business Class အား (၃၈၁၄)ဒေါ်လာဖြင့်လည်းကောင်း၊ လန်ဒန်သို့ Economy Class အား (၈၁၁)ဒေါ်လာဖြင့်လည်းကောင်း၊ Business Class အား (၄၀၀၅)ဒေါ်လာဖြင့်လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်သည်။

Emirates လေကြောင်းလိုင်းသည် ခရီးစဉ်အများစုအတွက် အလယ်ဗဟိုချက်ဖြစ်သည့် ဒူဘိုင်းမှတစ်ဆင့် ဥရောပတိုက်မှ နေရာဒေသပေါင်း (၄၂)ခု၊ အာဖရိကတိုက်မှ နေရာဒေသပေါင်း (၂၀)ကျော်၊ အာရှနှင့် ပစိဖိတ်ဒေသမှ နေရာဒေသပေါင်း (၅၀)၊ အရှေ့အလယ်ပိုင်းမှ နေရာဒေသပေါင်း (၁၃)ခုနှင့် အမေရိကတိုက်မှ နေရာဒေသပေါင်း (၁၇)ခုအပါအဝင် နိုင်ငံပေါင်း (၈၅)နိုင်ငံမှ နေရာဒေသပေါင်း (၁၅၀)အား တိုက်ရိုက်ချိတ်ဆက် ပျံသန်းနေခြင်းဖြစ်ပြီး ရန်ကုန်နှင့် ဒူဘိုင်းအကြား တစ်ပတ်လျှင်လေးကြိမ်ပျံသန်းလျက်ရှိကြောင်း သိရသည်။

ဖွဲ့

# Vietjet, Grab နှင့် Swift 247 တို့ပူးပေါင်း၍ နားလည်မှုစာချွန်လွှာ ရေးထိုး



အရှေ့တောင်အာရှနိုင်ငံများရှိ ခရီးသွားများ လမ်းနှင့်လေကြောင်း ခရီး သယ်ယူပို့ဆောင်ရေး ဆက်သွယ်မှု တိုးတက်ရန်နှင့် ဗီယက်နမ်ဈေးကွက် အမြန်ချောပို့ဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် Vietjet, Grab နှင့် Swift 247 တို့ပူးပေါင်း၍နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Grab နှင့် Vietjet ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နည်းပညာဆိုင်ရာ အားသာချက်များကို အသုံးချကာ လမ်းနှင့်လေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ဈေးနှုန်းသက်သာသော ဖြေရှင်းမှုကို ချဲ့ထွင်နိုင်မည်ဖြစ်ပြီး Swift 247 ၏ နည်းပညာဆိုင်ရာ ဖြေရှင်းချက်နှင့်အတူ Grab နှင့် Vietjet တို့သည် လေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းပို့ဆောင်ရေးတို့ကို အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းဖြင့် ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ပထမအဆင့်တွင် Swift 247 အသုံးပြုသူများသည် မိမိတို့ပို့လိုသော ကုန်ပစ္စည်းများကို Grab ၏ အမြန်ချောပို့ဝန်ဆောင်မှုဖြစ်သော Grabexpress မှတစ်ဆင့် လျင်မြန်စွာပေးပို့နိုင်မည်ဖြစ်ပြီး Vietjet လေယာဉ်ပေါ်သို့ ငါးနာရီအတွင်း ဟန္နိုင်းမှ ဟိုချီမင်းကြား ပေးပို့မည်ဖြစ်သည်။

အဆိုပါ ဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် Vietjet နှင့် အရှေ့တောင်အာရှတွင် ဦးဆောင်နေသော Grab နှင့် ပထမဆုံးပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ခရီးသွားဧည့်သည်များအတွက် အကောင်းဆုံးအရည်အသွေးရှိ ဝန်ဆောင်မှုများနှင့် မြင့်မားဆုံးသောအကျိုးကျေးဇူးများ ပေးအပ်ရန်ဖြစ်ကြောင်း သိရသည်။

ဖွဲ့

» စာ - ၂၃

သွားလို့ရတဲ့ လမ်းမှန်သမျှကိုတော့ ပိတ်ထားနိုင်ခဲ့တယ်။ ဘာလင်တံတိုင်းဟာ (၂၈)နှစ်တာ ကာလအတွင်းမှာ အဆင့်ဆင့်ပြောင်းလဲခဲ့တယ်။ သံဆူးကြိုးအကာအရံနဲ့ ကွန်ကရစ်အစောင့်တဲမှတစ်ဆင့် ရက်အနည်းငယ်အတွင်းမှာ ကွန်ကရစ်ဘလောက်တုံးတွေနဲ့ ဆောက်လုပ်ထားတဲ့ အခိုင်အမာအဆောက်အဦတွေ၊ နံရံတွေထိပ်မှာတော့ သံဆူးကြိုးတွေနဲ့ ပတ်ခွေလျက်ပေါ့။

၁၉၆၅ ခုနှစ်မှာ တတိယအဆင့်အနေနှင့် အခိုင်အမာ ကွန်ကရစ်တံတိုင်းနဲ့ လျှပ်စစ်လွှတ်ထားတဲ့ ဝါယာကြိုးတွေနဲ့ပါ ပြောင်းလဲလာခဲ့တယ်။ ၁၉၇၅- ၁၉၈၀ ခုနှစ်အတွင်းမှာတော့ ကွန်ကရစ်တံတိုင်းရဲ့ အမြင့်ဟာ (၁၂)ပေ (၃.၆) မီတာအထိရောက်ပြီး (၄)ပေထုအထိ ရှိလာခဲ့တယ်။ ဘာလင်တံတိုင်းပြိုကျခဲ့တဲ့ ၁၉၈၅ ခုနှစ်အထိ ဘယ်သူမှ ခြေချခွင့်မရှိတဲ့ ပေ (၃၀၀)အတားအဆီးတစ်ခုပါ ထပ်တိုးခဲ့တယ်။ စောင့်ကြည့်ရေးမျှော်စင်တွေ၊ မိုင်းကွင်းတွေ၊ စစ်ခွေးနဲ့ လှည့်ကင်းတွေ၊ လျှပ်စစ်အတားအဆီးတွေနဲ့ ဘာလင်ရဲ့ ချုပ်ရိုးကြောင်းနက်နက်ကြီးဟာ ဘာလင်သားတွေရဲ့ အရိုးထိပါခံစားခဲ့ရတာပေါ့။

တစ်ခါတစ်ရံ တရားဝင်သွားလာမှုတွေ၊ အထူးသွားလာခွင့်တွေအတွက် စစ်ဆေးရေးဂိတ်တွေကို ထားခဲ့တယ်။ Check Point Charlie က ကျော်ကြားခဲ့တာပေါ့။

ဘာလင်တံတိုင်းသည် အရှေ့ဘာလင်သားတွေအတွက် အနောက်သို့သွားမယ့် အတားအဆီးတစ်ခုဖြစ်လာခဲ့တယ်။ ဒါပေမယ့် အားလုံးကိုတော့မတားဆီးနိုင်ခဲ့ပါ။ အရှေ့ဘာလင်သား (၅၀၀၀)ခန့် ဘေးကင်းစွာနှင့် အနောက်ကိုကူးနိုင်ခဲ့တယ်။ တစ်ချို့ကတော့ အရှေ့ဘာလင်ရဲ့ အပေါ်ဆုံးထပ်ပြတင်းပေါက်တွေက ဘာလင်တံတိုင်းကို ကျော်ပြီး ခုန်ချကြတာပေါ့။ ကိုယ့်ကိုယ်ကို သတ်သေတာနှင့် အတူတူပေါ့။ ဘာလင်တံတိုင်းဟာ တဖြည်းဖြည်းကျယ်ပြန့်လာပြီး ပိုခိုင်ခံ့လာခဲ့တယ်။ ထွက်ပြေးမယ့်စီမံချက်တွေ ပိုလိုအပ်ပြီး ရှုပ်ထွေးလာခဲ့တယ်။ မြေအောက်လိုဏ်ခေါင်းတွေ တူးပြီး ပြေးတယ်၊ အဝတ်အစားတွေနဲ့ မိုးပျံပူပေါင်းတွေလုပ်ပြီး အနောက်ဘာလင်ကို ပျံသန်းတယ်။ အားလုံးတော့ လွတ်မြောက်ခဲ့တာမဟုတ်ဘူး။ အရှေ့ဂျာမန်အစောင့်စစ်သားရဲ့ သတိပေးချက်မပါဘဲ ပစ်ခတ်မှုအောက်မှာ အရှေ့ဘာလင်သား (၁၀၀)မှ (၂၀၀)အတွင်း သေခဲ့ရတယ်။ ဘာလင်တံတိုင်းရဲ့ ရာဇဝင်မှာ (၅၀)ယောက်မြောက် အသတ်ခံခဲ့ရတဲ့ ပီတာဖစ်ချာဆိုတာ ရှိခဲ့တယ်။ ၁၉၆၂ ခု၊ ဩဂုတ်လ (၁၇)ရက်၊ နေ့လယ်ပိုင်းမှာပေါ့ (၁၈)နှစ်သားကောင်လေးနှစ်ယောက်ဟာ ဘာလင်တံတိုင်းကိုကျော်ပြီး အနောက်ကိုကူးတာပေါ့။ ပထမတစ်ယောက်က အနောက်ကိုရောက်သွားပြီး ပီတာလေးနံရံကိုကျော်တဲ့အချိန်မှာ အပစ်ခံလိုက်ရတယ်။ ရှိသမျှအားအကုန်သုံးပြီး ပီတာနံရံထိပ်ရောက်အောင်တက်ခဲ့တယ်။ နံရံထိပ်ပေါ်ရောက်တဲ့အချိန် ကမ္ဘာကြီးကိုအော်ပြောခဲ့တယ်။ ဒါပေမယ့် ကံဆိုးရှာတဲ့ ပီတာတစ်ပတ်လည်ပြီး အရှေ့ဘာလင်မြေပေါ်ပြန်ကျခဲ့တယ်။ တစ်နာရီလောက် အော်ဟစ်ရုန်းကန်ပြီး အရှေ့မြေမှာပဲ ပီတာသေခဲ့တာပေါ့။

ဘာလင်တံတိုင်းပြိုကျတာဟာ ဘာလင်တံတိုင်းတည်ဆောက်ခဲ့သလို ရုတ်ချည်းဖြစ်ခဲ့တာပေါ့။ ကွန်မြူနစ်နိုင်ငံတွေရဲ့ အင်အားချည့်နဲ့လာမှုတွေ၊ ပိုလန်၊ ဟန်ဂေရီ၊ ချက်ကိုစလိုဖဲက်ကီးယားတို့မှ ကွန်မြူနစ်ဝါဒ ကျဆုံးမှုတွေကြောင့် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်ရဲ့ ညနေခင်းမှာ အရှေ့ဂျာမနီအစိုးရ ပြောရေးဆိုခွင့်ရှိသူ Gunter Schabowski က အရှေ့နဲ့အနောက်ဖြတ်သန်းနိုင်ဖို့ စစ်ဆေးရေးဂိတ်တွေမရှိတော့ဘူးတဲ့။ ပြည်သူတွေရင်ထိတ်ရပြန်တာပဲ။ ဟုတ်ရဲ့လား။ တကယ်ဖွင့်ပေးလိုက်ပြီလား။ ငါတို့အသတ်ခံရမှာလား။ စူးစမ်းစိတ်တွေနဲ့ ဘာလင်တံတိုင်းကို ချဉ်းကပ်လာခဲ့တဲ့ အရှေ့အနောက် ဘာလင်သားတွေရဲ့ ထုရိုက်ချေမွှမှုကြောင့် အချိန်တိုအတွင်းမှာ ဘာလင်တံတိုင်းပြိုကျခဲ့တယ်။ ကြီးကျယ်တဲ့ပျော်ပွဲရွှင်ပွဲတွေကို ဘာလင်တံတိုင်းတစ်လျှောက်မှာ ကျင်းပတယ်။ တစ်ဦးနှင့် တစ်ဦး ပွေ့ဖက်တယ်။ နမ်းရှုံ့တယ်။ သီချင်းတွေဆိုတယ်။ ငိုကြွေးတယ်။

ဘာလင်တံတိုင်းက အမှတ်ရစရာအထိမ်းအမှတ်တစ်ခုအနေနဲ့ ကျန်ခဲ့ပြီး တံတိုင်းအပိုင်းအစတွေကတော့ စုဆောင်းသူတွေ၊ ပြတိုက်တွေ၊ အိမ်တွေကို ရောက်ကုန်ခဲ့ပြီး အရှေ့ဂျာမနီနဲ့ အနောက်ဂျာမနီ ခိုင်ခိုင်မာမာပေါင်းစည်းခဲ့ပြီး တစ်ခုတည်းသောဂျာမနီနိုင်ငံ အောက်တိုဘာလ (၃)ရက် ၁၉၉၀ မှာ ပေါ်ထွက်ခဲ့ပြီး ဂျာမနီရဲ့ အခြေခံဥပဒေ Basic Law Article 29, 30 တို့အရ ဂျာမနီနိုင်ငံ ခိုင်ခိုင်မာမာပေါ်ထွက်လာခဲ့ပြီးဖြစ်ပါတယ်။

ဂျာမန်အောက်လွှတ်တော် အဆောက်အဦထဲက ဥက္ကဋ္ဌရုံးခန်းနားတွင် ဆိုဗီယက်စစ်သားတွေရေးခြစ်ခဲ့တဲ့ ပုံတွေကို ခုထိထိန်းသိမ်းထားပါတယ်။ ဒါကတော့ အများပြည်သူကြည့်ရှုခွင့်မရပါဘူး။ အောက်လွှတ်တော် စာကြည့်တိုက်နားမှာလည်း ဘာလင်တံတိုင်းအပိုင်းအစတွေကို မြင်တွေ့ခဲ့ရပါတယ်။ Paullobe Building ကနေ Reichstony Building ကို မြေအောက်လမ်းကနေ ပတ်သွားရတယ်။ ဒုတိယကမ္ဘာစစ်လက်ကျန်လမ်းကို ခေတ်မီအောင် ပြန်ဖောက်ထားတယ်။ အပူပေးစနစ်တွေ လျှပ်စစ်မီးတွေ ထိန်ညီးလို့နေတယ်။ ၎င်းအဆောက်အဦနှစ်ခုကြားတွင် Jakob Kaiser အဆောက်အဦရှိတယ်။ ၎င်းအဆောက်အဦမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီဝင်ရုံးဝန်ထမ်းများအတွက် အဆောင်ရှိသလို စားသောက်ဆိုင်လည်းရှိသည်။ အောက်လွှတ်တော်က ပြည်သူလူထုကို လေ့လာခွင့်ပြုတဲ့ dome ကိုလည်းရောက်တယ်။ အောက်လွှတ်တော် အစည်းအဝေးခန်းကို မှန်သားလွှာမှတစ်ဆင့် မြင်နေရတယ်။

အမိုပွါယ်မှာ ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များ၏ အပေါ်တွင်ရှိသည်ဆိုသည့် အဓိပ္ပါယ်သက်ရောက်အောင် ဖန်တီးတည်ဆောက်ထားတယ်။ ဘာလင်မြို့ကို အပေါ်စီးကလှမ်းမြင်နေရတယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် တော်တော်များများကိုတွေ့နေရတယ်။ လွှတ်တော်ကော်မတီရုံးခန်းတွေကိုတော့ အင်ဂျင်တစ်ခု၏ အစိတ်အပိုင်းပုံစံဖြင့် ဆောက်လုပ်ထားသည်။ လွှတ်တော်၏ အဓိကမောင်းနှင်အားဟု ဆိုလိုတယ်။

TV Tower က ကျွန်တော်တို့တည်းတဲ့ Maritim Hotel နှင့် နီးသော်လည်း တစ်ကွေ့တစ်ပတ်လမ်းလျှောက်သွားဖြစ်ခဲ့တယ်။ ဘာလင်ဘုတာကြီးမှ နောက်ဘူတာတစ်ခုအကျော်ထိ လမ်းပတ်လျှောက်ဖြစ်တယ်။ တရုတ်ခရီးသွားအုပ်စုတွေကိုတော့ ဧည့်လမ်းညွှန်ကရှင်းပြနေတယ်။ တရုတ်တွေ ကမ္ဘာပတ်နေပြီ။ ဘာလင်ကိုကွေ့ဝိုက်စီးဆင်းနေသည့် Spree မြစ်တစ်လျှောက်လမ်းလျှောက်ဖြစ်တယ်။ Musium Island နားက အဓိပတိကြီးမာကယ်၏ အိမ်ရှေ့သို့လည်း ရောက်ခဲ့သည်။ တစ်ချိန်က အရှေ့ဘာလင်တွင် ပါခဲ့တဲ့နေရာပေါ့။

ဘာလင်၏ အထင်ကရနေရာများတွင် ဘာလင်တံတိုင်း အစိတ်အပိုင်းအမှတ်တရတွေရှိတယ်။ ၎င်းအစိတ်အပိုင်းများမြင်တိုင်း ခေတ်သစ်ဂျာမန်တွေမျက်နှာက မလုံမလဲ အိုးတိုအန်းတန်းဖြစ်သွားတာကို သတိထားမိတယ်။ သံအမတ်ကြီးစီစဉ်ပေးမှုဖြင့် နာဇီ-ဂျာမနီတန်ခိုးထွားစဉ်က နာဇီ၊ ဂက်စ်စတာပိုနှင့် SS တို့လုပ်ကြံမှုဖြင့် သေဆုံးခဲ့ရသူတို့၏ အထိမ်းအမှတ်ပြတိုက်လုပ်ထားသည့် Holocaust memorial ကိုရောက်ခဲ့သည်။ လှိုဏ်များသော ခေါင်းဆောင်မှုအောက်က လူမျိုးတုံးသတ်ဖြတ်မှုများကို သတိရစေတယ်။

ဘာလင်တံတိုင်းသည် ဘာလင်မြို့၏ ချုပ်ရိုးကြောင်းကြီးတစ်ခုဖြစ်ခဲ့သည်။ ခေတ်သစ်ဂျာမန်တို့က အရှက်ရစရာတစ်ခုအဖြစ်ရှုမြင်သည်။ ၎င်းတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ပျက်ယွင်းခဲ့သည့် အထိမ်းအမှတ်တစ်ခုအဖြစ် ခံစားရသည်။ လှိုဏ်များသောခေါင်းဆောင်အောက်တွင် ဂျာမန်လူမျိုးကြီးဝါဒကိုထူထောင်ရင်း ရခဲ့သောရလဒ်အမွေတစ်ခုအဖြစ် ဘာလင်မြို့၏ချုပ်ရိုးကြောင်းနက်နက်ကြီးတစ်ခုအဖြစ် ဘာလင်သားတွေခံစားနေဆဲအဖြစ် မြင်တွေ့ခဲ့ရသလို တစ်ဖက်မှာလည်း ၎င်းခေါင်းဆောင်ရဲ့အပြုံးအတေးတွေနဲ့ အဆင်အခြင်မဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးသွားခဲ့ရတဲ့ ဂျူးလူမျိုးတို့ အထိမ်းအမှတ်ပြတိုက်ကလည်း ဘာလင်ကပေးတဲ့သင်ခန်းစာတစ်ခုဖြစ်သလို အဓိပတိကြီးဟာစ်တလာကိုယ့်ကိုယ်ကိုသတ်သေသွားတဲ့ Fuhrer Bunker ကိုလည်း တွေ့မြင်ရတဲ့အခါ တစ်ယောက်ကောင်းတစ်ဦးကောင်း ငါတစ်ကောကောတဲ့ အာဏာရှင်တို့ရဲ့ ကျဆုံးခန်းကိုလည်း သင်ခန်းစာ ရစေပါတယ်။ လောလောလတ်လတ်ကြည့်ခဲ့တဲ့ တွမ်ခရုစ်ရဲ့ Valkyrieကို ကြည့်ရင်း ဘာလင်မြို့ကြီးကိုလေ့လာရင်း ဘာလင်ကပေးတဲ့သင်ခန်းစာတွေကို သင်ယူရင်းဖြင့်။ ။

# SCG မှ ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်နှင့် ပထမနှစ်ကြို လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ကြေညာ




SCG မှ ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်နှင့် ပထမနှစ်ကြို လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ကြေညာခြင်းနှင့်အတူ ကုန်သွယ်ရေးစစ်ပွဲဖိအားများကြောင့် အမြတ်ငွေလျော့ကျခြင်း၊ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုကို ရှေ့ဆက်လုပ်ဆောင်ရန် ကတိပြုခြင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို မြင့်မားသောတန်ဖိုးများပေါင်းထည့်ခြင်း၊ ပြီးပြည့်စုံသော Circular Economy တစ်ခုရရှိခြင်းနှင့်အတူ သုံးစွဲသူများအတွက် အကောင်းဆုံးအရည်အသွေးကို ပို့ဆောင်ပေးခြင်းနှင့် သတ်မှတ်ထားသော ပန်းတိုင်သို့ရောက်ရန် အဓိကချဲ့ထွင်နေသော လုပ်ငန်းများကို အရှိန်မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

SCG ၏ ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ Mr. Roongrote Rangsiyopash က "ကုန်သွယ်ရေးစစ်ပွဲမှ ဆက်စပ်ဖြစ်ပေါ်လာသော အခြေအနေများကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းသွားမှုတွင် Q2/2019 အတွင်း လုပ်အားခများနှင့်ကုန်ထုတ်လုပ်ရေး ဆုံးရှုံးမှုများသည် SCG ၏ ဒုတိယသုံးလပတ်နှင့် ၂၀၁၉ ခုနှစ် ပထမနှစ်ကြိုအတွက် လုပ်ငန်းဆောင်ရွက်မှုများ အထူးသဖြင့် ဓာတုပစ္စည်းလုပ်ငန်းများကို ထိခိုက်စေခဲ့ပါတယ်" ဟု ဆိုသည်။

၎င်းတို့၏ ကြေညာချက်တွင် ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်အတွက် စာရင်းမစစ်ဆေးရသေးသော လုပ်ငန်းဆောင်ရွက်မှုရလဒ်အရ စာရင်းသွင်းပြီးသော အရောင်းဝင်ငွေများမှာ မြန်မာကျပ်ငွေ ၅၂၇၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄၅၃ သန်း) ရရှိပြီး အဓိကအားဖြင့် ဓာတုထုတ်ကုန်တန်ဖိုးများမှ ယခင်တစ်နှစ်လုံး၏ (၉)ရာခိုင်နှုန်း လျော့ကျခဲ့ပြီး အဓိကလုပ်ငန်းအားလုံးမှ ယခင်သုံးလပတ်၏ (၃) ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ယင်းကာလအတွင်း (လုပ်အားခများမချိန်ညှိရသေး) ကုန်သွယ်ရေးစစ်ပွဲကာလအတွင်း ကုန်ထုတ်လုပ်မှုနှင့် ဓာတုပစ္စည်းများ ထိန်းသိမ်းခြင်းတို့တွင် မြန်မာကျပ်ငွေ (၅၆) ဘီလီယံ ထိခိုက်ခဲ့ခြင်းကြောင့် မြန်မာကျပ်ငွေ (၄၃၉) ဘီလီယံ သို့မဟုတ် ယခင်တစ်နှစ်လုံး၏ (၂၇)၊ ယခင်သုံးလပတ်၏ (၂၂)ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ လုပ်အားခများသည် မြန်မာကျပ်ငွေ (၉၈) ဘီလီယံရှိပြီး ယင်းကာလအတွက် SCF ၏ အမြတ်ငွေသည် မြန်မာကျပ်ငွေ (၃၄၀) ဘီလီယံရှိသည်။

SCG ၏ ၂၀၁၉ ခုနှစ် ပထမနှစ်ကြိုအတွက် အရောင်းဝင်ငွေစာရင်းချုပ်သည် ဓာတုပစ္စည်းတန်ဖိုးများ သိသာထင်ရှားစွာ ကျဆင်းမှုကြောင့် ယခင်တစ်နှစ်ပတ်လုံး၏ (၇)ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေ (၁၀၆၉၉) ဘီလီယံ လျော့ပါးခဲ့သည်။ ယင်းကာလအတွင်း (လုပ်အားခမချိန်ညှိရသေး) တွင် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးစစ်ပွဲ သက်ရောက်မှုပေါ်မူတည်၍ ဓာတုပစ္စည်းသတ်မှတ်ချက် ကျဆင်းခြင်းကြောင့် ယခင်တစ်နှစ်ပတ်လုံး၏ (၁၆)ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေ (၁၀၀၂) ဘီလီယံ ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများလုပ်ငန်းမှ မြင့်မားသော အရောင်းဝင်ငွေများသည် စံချိန်တင်ခဲ့သည့်အတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းပိုင်းများကို ကျေးဇူးတင်ရပါမည်။ လုပ်အားခများပါထည့်တွက်လျှင် ယင်းကာလအတွက် SCG ၏ အမြတ်ငွေသည် မြန်မာကျပ်ငွေ (၉၀၄) ဘီလီယံရှိခဲ့သည်။

၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်အတွင်း SCG ၏ တန်ဖိုးမြင့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ရောင်းချခြင်းမှ အရောင်းဝင်ငွေ မြန်မာကျပ်ငွေပေါင်း (၂၂၇၈) ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ရောင်းရငွေများအားလုံး၏ (၄၃)ရာခိုင်နှုန်း၊ ယခင်တစ်နှစ်ပတ်လုံးနှင့် ယခင်သုံးလပတ်၏ (၄) ရာခိုင်နှုန်း မြင့်တက်လာပါသည်။ ရလဒ်မှာ ၂၀၁၉ ခုနှစ် ပထမနှစ်ကြိုအတွက် HVA ထုတ်ကုန်များကို ရောင်းချခြင်းမှ အရောင်းဝင်ငွေ မြန်မာကျပ်ငွေ (၄၄၇၅) ဘီလီယံ (သို့မဟုတ်) အရောင်းဝင်ငွေအားလုံး၏ (၄၂)ရာခိုင်နှုန်းရရှိခဲ့ပြီး ယခင်တစ်နှစ်ပတ်လုံး၏ (၂)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ES

# မွန်ပြည်နယ်တွင် မြေပြိုမှုဖြစ်စဉ်အပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည့် ဒေသခံ မိသားစုများအား အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ ကူညီထောက်ပံ့



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့သော မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာရှိ ဒေသခံမိသားစုများအား အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း (BFM) မှ တာဝန်ရှိသူများက ဩဂုတ်လ (၁၃) ရက်တွင် သွားရောက်တွေ့ဆုံပြီး ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

ဩဂုတ်လ (၁၃) ရက်အထိ ထုတ်ပြန်ချက်အရ မြေပြိုမှုဖြစ်စဉ်ကြောင့် သေဆုံးသူ (၇၂) ဦးအထိ တွေ့ရှိထားပြီး ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူများအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အဆိုပါဖြစ်စဉ်ကြောင့် အိမ်ခြေ (၂၇) လုံးကျော်နှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း မြေသားများဖုံးလွှမ်းကာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက အဆိုပါကျေးရွာရှိ ဒေသခံမိသားစုများနှင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံပြီး လိုအပ်သည့်အကူအညီများ ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် မလတ်တောင် ဒေသတစ်ဝိုက်တွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Yangon Rescue Organization အား လှူဒါန်းငွေကျပ် သိန်း (၃၅၀) ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၏ လှူဒါန်းမှုမှတစ်ဆင့် မြေပြိုမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ဒေသခံမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် (၁၀) သိန်းစီ လက်ခံရရှိကြမည်ဖြစ်သည်။ ထို့အပြင် မြေပြိုမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မော်လမြိုင်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအတွက် တစ်ဦးလျှင် ငွေကျပ် (၁) သိန်းစီပေးအပ်ခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဘုန်းတော်ကြီးကျောင်း ပြန်လည်တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း (၂၀)ထောက်ပံ့ပေးအပ်ခဲ့သည်။

အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် စတင်တည်ထောင်ချိန်မှ ယနေ့အထိ နေရာဒေသအနှံ့အပြား၌ လူမျိုး၊ ဘာသာမရွေးလိုအပ်သော ကဏ္ဍအသီးသီးတွင် ကျပ်ငွေ (၁၅၆) ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ES




Transcom News journal Cartoons







Drone: Aung Zaw Htike

# သထုံခရိုင်၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာအုပ်စု၊ ရဲပြားကုန်းကျေးရွာတွင် သဘာဝဘေးကြောင့် မြေပြိုမှုဖြစ်ပွားခြင်း

မြေပြိုမှုကြောင့် လမ်းဘေးဝဲယာပိတ်ဆို့နေသောမြေများ၊ ကျောက်တုံးများ သယ်ထုတ်ခြင်း၊ မြေပြင်ရှင်းလင်းခြင်းကို ဘက်ဟိုး (၁၁)စီး၊ ဝီးလုတ်ဒါ (၄)စီး၊ ဂရေဒါ (၁) စီး၊ မြေသယ်ကား (၁၈)စီးတို့ဖြင့် ဆက်လက်ရှာဖွေလျက်ရှိပြီး၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် အမှတ်(၁၀၀၇)နှင့် အမှတ် (၁၀၂)တပ်ရင်းမှ အင်အား (၁၀၀)ခန့်၊ သထုံခရိုင်ကြက်ခြေနီဦးစီးမှုအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်-မော်လမြိုင်ကားလမ်း ယာဉ်ကြောပိတ်ဆို့မှုအား ရှင်းလင်းနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှ တပ်ဖွဲ့ဝင်များနှင့် တပ်မ (၅၂၅)ထောက်ပို့တပ်တို့မှ ဆောင်ရွက်လျက်ရှိသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဩဂုတ်လ (၁၈)ရက် နောက်ဆုံးထား ရှာဖွေသွားမည်ဖြစ်ကြောင်းသိရသည်။

ဝါဖလေ

| စဉ် | အဆောက်အဦ/ အခြားပျက်စီးမှု | အရေအတွက် | ဆုံးရှုံးမှုတန်ဖိုး | ဘေးသင့်ဦးရေ | | | သေဆုံးဦးရေ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ဘုန်းကြီးကျောင်း | ၁ | ၁၀,၀၀၀,၀၀၀/- | ၂ | - | ၂ | ၁ | - | ၁ |
| ၂ | လူနေအိမ် | ၂၇ | ၁၂၁,၀၀၀,၀၀၀/- | ၇၈ | ၉၁ | ၁၆၉ | ၃၈ | ၃၁ | ၆၉ |

## ချစ်စရာ တောဝလေ့များနဲ့ "အလီဘာဘာနှင့် ခိုးသားငါးယောက်"





ရန်ကုန်မြို့တွင် နေထိုင်ပြီးခိုးယူခြင်းကိုသာလုပ်ကိုင်သည့် သူငယ်ချင်းငါးယောက်ရှိသည်။ ငါးယောက်စလုံးသည် ဘာပစ္စည်းလာလာ တွေ့သမျှပစ္စည်းမှန်သမျှ ခိုးကြသည့်သူခိုးများဖြစ်သည်။ တစ်ရက်တွင် သူတို့ခိုးသည့် ပစ္စည်းများတွင် ရတနာမြေပုံတစ်ခုပါဝင်လာခဲ့သည်။ ထို့နောက်မှာ သူတို့ငါးယောက်သည် ရတနာမြေပုံအရ ရှာပုံတော်ဖွင့်ကြသည်။ အဆိုပါမြေပုံအညွှန်းအရဆိုလျှင် ရွာတစ်ရွာအနီးတွင်ရှိနေသည်။ ထိုနေရာကိုတူးဖော်ရန်အတွက် ရွာသားများကခွင့်မပြု။ ထိုအခါ သူခိုးငါးယောက်အကြံထုတ်ကြရပြီဖြစ်သည်။ ထိုအကြံက ရုပ်ရှင်ရိုက်ကူးမည်ဖြစ်သည်။ ထို့အတွက် ရုပ်ရှင်သရုပ်ဆောင်ဗေလုဝကို ငှားသည်။ ထို့နောက်တွင် မြေပုံအရ ရတနာရှိသည်ဆိုသည့်နေရာတွင် ရုပ်ရှင်ရိုက်ကူးကြသည်။ သူခိုးတစ်ယောက်က ဒါရိုက်တာလုပ်သည်။ တစ်ယောက်က ပရိုဂျူဆာလုပ်သည်၊ တစ်ယောက်က ကင်မရာမန်း၊ နောက်တစ်ယောက်က ရှုတင်မန်နေဂျာ၊ ကျန်တစ်ယောက်က ဇာတ်ညွှန်းရေးဆရာလုပ်ကြသည်။ ရွာကိုရောက်သည့်အခါ ဗေလုဝကိုအသုံးချပြီး ရွာသားများကိုလည်း ရုပ်ရှင်အတွင်းပါဝင်စေသည်။ ဂျပန်တော်လှန်ရေးကားဟုဆိုကာ ရွာသာများကို ဖုံးကျင်းများတူးခိုင်းသည်။ ရွာသားတွေကလည်း ဘာမသိဘာမသိဖြင့် တူးကြသည်။ ထို့နောက်တွင်တော့ဘာတွေဖြစ်လာမလဲ...

"အလီဘာဘာနှင့်ခိုးသားငါးယောက်" ဇာတ်ကားသည် ဒါရိုက်တာပြည်ဟိန်း သီဟ၏ ဇာတ်လမ်းကို စွမ်းပိုင်က ဇာတ်ညွှန်းရေးကာ ဒါရိုက်တာပြည်ဟိန်း သီဟရိုက်ကူးပြီး ဗေလုဝ၊ ပြုံးမြသွယ်တို့နှင့်အတူ ကျင်ဝှက်၊ အောင်မော်၊ အောင်သော်၊ မျောက်ရှုံး၊ ကြာစိ၊ ခိုင်မြတ်သဇင်၊ ဂွမ်းပုံတို့ပါဝင်သရုပ်ဆောင်ထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားနှင့် ပတ်သက်၍ ဗေလုဝက "ဒီဇာတ်ကားက အကယ်ဒမီမရခင်က ရိုက်ကူးထားတာပါ။ လေးနှစ်ကြာပါပြီ။ ဒီဇာတ်ကားထဲမှာ ဦးဗေလုဝက အကယ်ဒမီမရရင် ရုပ်ရှင်မရိုက်ဘူးဆိုတဲ့ ရုပ်ရှင်ရူးတစ်ယောက်ပုံပါ။ ဒီဇာတ်ကားရဲ့အမှတ်တရတွေက စက်စက်ယိုရွာမှာ နေ့တိုင်းကြက်သားကာလသားချက်စားရတာပါပဲ။ ဒီဇာတ်ကားလေးက ဟာသကားဆိုပေမယ့် ရသစုံပါတယ်။ ချစ်စရာကောင်းတဲ့ တောဝလေ့ကိုပါ ရိုက်ကူးထားပါတယ် "ဟု ဆိုပါသည်။ ES



# ဟောင်ကောင်လေဆိပ်၌ ဆန္ဒပြပွဲများဖြစ်ပေါ်နေ၍ လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်း



လေဆိပ်၏ ပင်မခန်းမဆောင်တွင် အစိုးရဆန့်ကျင်ဆန္ဒပြပွဲများ လေးရက်ဆက်ဖြစ်ပေါ်နေသဖြင့် ဟောင်ကောင်နိုင်ငံတကာလေဆိပ်က ထွက်ခွာခရီးစဉ်အားလုံးကို ဖျက်သိမ်းခဲ့သည်။ ကမ္ဘာတွင် လေယာဉ်အဝင်၊ အထွက်အများဆုံး လေဆိပ်တစ်ခုဖြစ်သော လေဆိပ်၌ လူထောင်ပေါင်းများစွာ စုဝေးခဲ့ကြသည်။

ပြည်သူလူထုစုဝေးမှုကြောင့် လုပ်ငန်းများ အကြီးအကျယ်ထိခိုက်ခဲ့ရသည်ဟု တာဝန်ရှိသူများက ထုတ်ပြန်ချက်တစ်စောင်တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့လက်ချက်ကြောင့်ဆိုကာ အမျိုးသမီးတစ်ဦး၏ မျက်လုံးမှ သွေးများထွက်နေသည့်ဓာတ်ပုံများကို တုံ့ပြန်၍ ဆန္ဒပြသူအချို့ကမျက်စိကို ပတ်တီးများဖြင့် စည်းထားကြသည်။

ရာဇဝတ်မှုမသင်္ကာသူများကို တရုတ်ပြည်မကြီးသို့ ပို့ဆောင်ရေးအငြင်းပွားဖွယ် ဥပဒေကြမ်းကြောင့် ဖြစ်ပေါ်ခဲ့သော လူထုဆန္ဒပြပွဲများသည် နှစ်လကြာမြင့်လာသော်လည်း လျော့ပါးသွားမည့် လက္ခဏာမရှိကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။


ခရီးသည်များ Check-in မလုပ်ရသေးသော ခရီးစဉ်အားလုံးကိုဖျက်သိမ်းမည်ဟု ဟောင်ကောင်လေဆိပ် အာဏာပိုင်အဖွဲ့က ထုတ်ပြန်ပြောကြားသည်။

ဟောင်ကောင်သို့ ဦးတည်လာသောခရီးစဉ်များကိုမူ ဆင်းသက်ခွင့်ပြုမည်ဟု ထုတ်ပြန်ချက်ကပြောကြားပြီး ပြည်သူများ လေဆိပ်သို့ မသွားရန် အကြံပေးထားသည်။

လရောင်

Ref: BBC

# ဩစတြီးယားနိုင်ငံသားတစ်ဦး ရေခဲများဖြည့်ထားသော မှန်ပုံးအတွင်း နှစ်နာရီကျော်နေပြီး ကမ္ဘာ့စံချိန်ချိုး



ဩစတြီးယားနိုင်ငံမှ အားကစားသမားတစ်ဦးသည် ရေကူးဝတ်စုံဝတ်ထားသည်မှလွဲ၍ ခန္ဓာကိုယ်ဗလာကျင်းဖြင့် ရေခဲတုံးများဖြည့်ထားသည့် မှန်ပုံးအတွင်း နှစ်နာရီကျော်နေပြခဲ့ပြီးနောက် ဂင်းနစ်ကမ္ဘာ့စံချိန်ချိုးခဲ့သည်။ ဗီယင်နာမြို့တော် အဓိကရထားဘူတာရုံရှေ့တွင် ဂျိုးဆက်ဖ်ကိုဘားလ်က ရေခဲမှန်ပုံးထဲ၌ စုစုပေါင်းနှစ်နာရီရှစ်မိနစ်နှင့် ၄၇ စက္ကန့်နေနိုင်ခဲ့သဖြင့် ဂင်းနစ်ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

စံချိန်ဟောင်းမှာ ၂၀၁၄ ခုနှစ်က တရုတ်အားကစားသမား ဂျင်ဆောင်ဟိုက ပိုင်ဆိုင်ခဲ့ပြီး ၎င်းသည် ရေခဲမှန်ပုံးထဲတွင် တစ်နာရီ ၅၃ မိနစ်နှင့် ၁၀ စက္ကန့်နေနိုင်ခဲ့သည်။

ယင်းသို့ ကြိုးပမ်းစဉ်အတွင်း ကိုဘားလ်၏ ခန္ဓာကိုယ်အပူချိန်ကို လေ့လာစောင့်ကြည့်ခဲ့သည်။

ထို့အပြင် ရေခဲမှန်ပုံးအတွင်းမှ ထွက်လာပြီးနောက် ၎င်း၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေး စိတ်ချသေချာစေရန် ဆေးဘက်အဖွဲ့တစ်ဖွဲ့က ကိုဘားလ်ကို ဆေးစစ်ခဲ့သည်။

ဩစတြီးယားတီဗီမှ ပြုလုပ်သော Barbara Karlich Show ၏ စိန်ခေါ်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ရေခဲမှန်ပုံးအတွင်း တစ်နာရီကြာနေနိုင်ခဲ့ပြီးနောက် ယခုကဲ့သို့စံချိန်ရေးထိုးရေးကြိုးပမ်းကြည့်ရန် ဆုံးဖြတ်ခဲ့သည်ဟု ကိုဘားလ်က ပြောသည်။

ရေခဲမှန်ပုံးအတွင်း နောက်ထပ်အချိန်ကြာကြာနေနိုင်စွမ်းရှိသေးသော်လည်း ဂျင်ဆောင်ဟို၏စံချိန်ကို ချိုးဖျက်နိုင်ကြောင်း သိရပြီးနောက် မှန်ပုံးထဲမှ ပြန်ထွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကိုဘားလ်က ထပ်လောင်းပြောကြားခဲ့သည်။

လရောင်

Ref: UPI

# ဂျေရုဆလင် အထွတ်အမြတ်နေရာတွင် အစ္စရေးရဲတပ်ဖွဲ့နှင့် ပါလက်စတိုင်းများ ရုန်းရင်းဆန်ခတ်ဖြစ်

မွတ်စလင်နှင့် ဂျူးအားလပ်ရက်များတိုက်ဆိုင်ပြီး ဂျေရုဆလင်မြို့ အထွတ်အမြတ်နေရာတစ်ခုတွင် တင်းမာမှုများ မြင့်တက်ပြီးနောက် ယင်းနေရာ၌ အစ္စရေးရဲတပ်ဖွဲ့နှင့် ပါလက်စတိုင်းဝတ်ပြုသူများကြား ထိပ်တိုက်တွေ့သဖြင့် ရဲတပ်ဖွဲ့လေးဦးနှင့် ပါလက်စတိုင်းလူမျိုးအများအပြားဒဏ်ရာရရှိခဲ့သည်။ ဂါဇာနယ်စပ်မှ သီးခြားဖြစ်ရပ်တွင် အစ္စရေးစစ်သားများကို သေနတ်ဖြင့် ပစ်ခတ်သော ပါလက်စတိုင်းတစ်ဦးပြန်လည်ပစ်ခတ်ခံရပြီးနောက် သေဆုံးခဲ့ပြီး တတိယမြောက်ပစ်ခတ်မှုဖြစ်သည်ဟု အစ္စရေးစစ်ဘက်က ပြောသည်။

ပါလက်စတိုင်းလူမျိုးသေဆုံးခဲ့ကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။ ဂျေရုဆလင်မြို့မှ အလွန်အကဲဆတ်သော အယ်လ်အက်ဆာဗလီတွင် ပါလက်စတိုင်းဆန္ဒပြပွဲများ ပြင်းထန်ခဲ့ပြီး ရဲတပ်ဖွဲ့က အသံကျယ်လောင်သော ဗုံးများဖြင့်လူစုခွဲခဲ့သည်။

ယင်းနေရာကို ဂျူးများက Temple Mount ဟု ခေါ်သည်။ အဆိုပါထိပ်တိုက်တွေ့မှုတွင် ပါလက်စတိုင်းလူမျိုး ၆၁ ဦး ဒဏ်ရာရရှိပြီး ၁၅ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟု ကြက်ခြေနီအဖွဲ့က ပြောသည်။



ပါလက်စတိုင်း ဆန္ဒပြသူများကကျောက်ခဲများ၊ အရာဝတ္ထုများဖြင့် ပစ်ခတ်ခဲ့သဖြင့်ရဲတပ်ဖွဲ့ဝင်လေးဦးဒဏ်ရာရရှိခဲ့သည်ဟု အစ္စရေးက ပြောကြားပြီး ရဲတပ်ဖွဲ့ကအဓိကရုဏ်းထိန်းချုပ်ရေးနည်းလမ်းများ အသုံးပြုခဲ့သည်ဟုဆိုသည်။ လူခုနစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

ဩဂုတ် ၁၁ ရက်သည် မွတ်စလင်များ၏ အစ်နေ့ဖြစ်ကာ ဂျူးလူမျိုးများ၏ Tisha Bav အားလပ်ရက်ဖြစ်ပြီး နှစ်ဖက်စလုံးက ယင်းအထွတ်အမြတ်နေရာသို့ သွားရောက်ဝတ်ပြုကြသည်။

လရောင်– Ref: AFP

# တန်ဇန်းနီးယားနိုင်ငံတွင် လောင်စာဆီသယ်ယာဉ်ပေါက်ကွဲသဖြင့် အနည်းဆုံး လူ ၆၀ ဦး သေဆုံး

တန်ဇန်းနီးယားနိုင်ငံတွင် လောင်စာဆီသယ်ယာဉ်တစ်စီးပေါက်ကွဲရာ အနည်းဆုံးလူ ၆၀ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ကျယ်ပြန့်သော ဧရိယာတစ်ခု၌ ပြန့်ကျဲနေသော အပျက်အစီးအပိုင်းအစများနှင့် မီးကျွမ်းနေသော အလောင်းများကို အွန်လိုင်း၌ တင်ခဲ့သော ဓာတ်ပုံများတွင် တွေ့ရသည်။

ဆိပ်ကမ်းမြို့ ဒါအက်စ်ဆာလမ်အနောက်ဘက် ၁၂၄ မိုင် ခန့်အကွာရှိ မိုရိုဂိုရိုဒေသတွင် ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး လူများသည် ဆီသယ်ယာဉ်မှ ဆီကိုခိုးယူရန် ကြိုးပမ်းခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

မိုရိုဂိုရိုမြို့သည် ကူးသန်းရောင်းဝယ်ရေးမြို့တော် ဒါအက်စ်ဆာလမ်းမှ လောင်စာဆီနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး အဓိကလမ်းကြောင်းတစ်ခုတွင် တည်ရှိသည်။

အသေအပျောက်စာရင်း ထပ်တိုးလာနိုင်၍ စိုးရိမ်ရပြီး ဒဏ်ရာရသူအမြောက်အမြားသည် ပြင်းထန်သော မီးလောင်ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

"အခြေအနေက တကယ့်ကို ဆိုးရွားပါတယ်။ ဒီနေရာမှာ လူတွေအများကြီးသေတယ်။ လောင်စာဆီမခိုးတဲ့သူတွေပါ သေကုန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက စည်ကားတဲ့နေရာဖြစ်တာကြောင့်ပါ"ဟု မျက်မြင်ကြုံတွေ့သူတစ်ဦးက ပြောသည်။

သေဆုံးသူများအနက် အများစုသည်ဆိုင်ကယ်ကယ်ရီသမားများဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲ ဝီးလ်ဘရော့ဒ်ကပြောသည်။

မေလကလည်း နိုင်ဂျာမြို့တော် နီယာမေလေဆိပ်အနီးတွင် အလားတူဖြစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၈၀ ခန့် သေဆုံးခဲ့သည်။

လရောင်– Ref: BBC

# အင်ဒိုနီးရှားတွင် ဘတ်စ်ကားခအဖြစ် ပလတ်စတစ်အမှိုက်များ အသုံးပြုနိုင်

အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမြို့ရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ပလတ်စတစ်ဘူးများနှင့် တစ်ခါသုံးခွက်များ အပြည့်ထည့်ထားသော အိတ်များကိုကိုင်ရင်း လူတစ်ဒါဇင်ခန့် တန်းစီနေသည်။ ဆူရာဘာယာမြို့တွင် ခရီးသည်များအနေဖြင့် ခရီးသွားလက်မှတ်များအတွက် အမှိုက်များနှင့် လဲလှယ်နိုင်သည်။

အင်ဒိုနီးရှားသည် ကမ္ဘာပေါ်တွင် တရုတ်ပြီးလျှင် ဒုတိယအကြီးဆုံး အဏ္ဏဝါညစ်ညမ်းစေသူဖြစ်ပြီး အများပြည်သူ သတိထားမိမှုမြှင့်တင်ခြင်း၊ အသုံးပြုမှုလျှော့ချခြင်းနှင့် စွန့်ပစ်ပစ္စည်းပြန်လည် သုံးစွဲခြင်းဖြင့် ၂၀၂၅ မတိုင်မီ ၎င်းတို့၏ ရေပြင်များ၌ ပလတ်စတစ်အမှိုက် ၇၀ ရာခိုင်နှုန်းခန့် လျှော့ချမည်ဟုကတိပြုထားသည်။

အာဏာပိုင်များအဆိုအရ တစ်ပတ်စီလျှင် အခမဲ့ခရီးသွားခွင့်အတွက် ခရီးသည် ၁၆,၀၀၀ က အမှိုက်များလဲလှယ်မှုနှင့်အတူ ယင်းအစီအစဉ်က လူဦးရေ ၂ ဒသမ ၉ သန်းရှိ ဆူရာဘာယာမြို့တွင် ရေပန်းစားနေသည်။

"ဒါကသိပ်ကိုပါးနပ်တဲ့ ဖြေရှင်းချက်ပါ။ ပုလင်းတွေကို လွှင့်ပစ်မယ့်အစား အခုတော့ ခရီးသည်တွေအနေနဲ့ ပုလင်းတွေကိုစုဆောင်းပြီး ဒီကိုယူလာပါတယ်"ဟု မြို့ခံတစ်ဦးကပြောသည်။

တစ်နာရီကြာ ဘတ်စ်ကားစီးနင်းမှုအတွက် ပြောင်စင်ပြီး အကောင်းအတိုင်းရှိသည့် ကြီးမားသော ပုလင်းခွံသုံးခု (သို့မဟုတ်) အလတ်စားပုလင်းငါးလုံး (သို့မဟုတ်) ပလတ်စတစ် ၁၀ ခွက်လိုအပ်သည်။

ယင်းအစီအစဉ်ကို ဘတ်စ်ကားသစ်အစီးရေ ၂၀ က ဝန်ဆောင်မှုပေးပြီး တစ်စီးစီတွင် လက်မှတ်အရာရှိများက ပုလင်းခွံများ စိစစ်ကောက်ယူသည်။

လရောင်

Ref: AFP

# ရုရှနှစ်အတွင်း အကြီးဆုံးအတိုက်အခံ လူထုစုဝေးပွဲသို့ မော်စကိုမြို့သူ၊ မြို့သား ထောင်ချီတက်ရောက်



၂၀၁၁ ခုနှစ် နောက်ပိုင်း မော်စကိုမြို့၏ အကြီးဆုံးအတိုက်အခံ လူထုစုဝေးပွဲသို့ထောင်နှင့်ချီသော ပြည်သူများတက်ရောက်ခဲ့ကြောင်း အမှီအခိုကင်း စောင့်ကြည့်လေ့လာသူများက ပြောသည်။ ဩဂုတ် ၁၀ ရက်က လူခြောက်သောင်းခန့်အထိ မိုးရေထဲတွင် စုဝေးပြီးမော်စကိုမြို့၌ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရေး တောင်းဆိုခဲ့သည်။

ဆန္ဒပြမှုကို တရားဝင်ခွင့်ပြုသော်လည်း မြို့၏ အခြားအစိတ်အပိုင်းများသို့ ချီတက်စဉ် ဒါဇင်နှင့်ချီသောလူများ ဖမ်းဆီးခံရပြီး အများစုသည် မြို့လယ်ရှိသမ္မတပူတင်၏ ရုံးများအပြင်ဘက်သို့ ချီတက်ခဲ့သည်။

ဇူလိုင် ၂၇ ရက်နှင့် ဩဂုတ် ၃ ရက်ကခွင့်ပြုချက်မရှိဘဲ ပြုလုပ်သောလူထုစုဝေးပွဲများတွင် လူရာနှင့်ချီဖမ်းဆီးခံခဲ့ရသည်။ ယခုဆန္ဒပြမှုသည် တစ်လတွင်း ငါးကြိမ်မြောက်ဖြစ်သည်။

စက်တင်ဘာအတွင်း ကျင်းပမည့် စည်ပင်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ အတိုက်အခံကိုယ်စားလှယ်လောင်းများ ပိတ်ပင်ခံရမှုအပေါ် မော်စကိုမြို့ခံ အမြောက်အမြားက မကျေမနပ်ဖြစ်နေသည်။

ယခင်သီတင်းပတ်များအတွင်း ရဲတပ်ဖွဲ့က ရက်ရက်စက်စက်နှိမ်နင်းပြီးနောက် မြို့ခံများ၏ ဒေါသပိုမိုတိုးပွားလာသည်။

ဩဂုတ် ၁၀ ရက်က မော်စကိုမြို့နှင့်အတူ တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့်အခြားမြို့အမြောက်အမြားတွင်လည်း လူထုစုဝေးပွဲများ ပြုလုပ်ရာလူဒါဇင်နှင့်ချီဖမ်းဆီးခံရသည်။

လရောင် – Ref: BBC

# လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့၌ ကားဗုံးပေါက်ကွဲပြီး ကုလသမဂ္ဂဝန်ထမ်းသုံးဦး သေဆုံး

လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီမြို့တွင် ကားဗုံးတစ်လုံးပေါက်ကွဲပြီး ကုလသမဂ္ဂဝန်ထမ်းသုံးဦးနှင့် အခြားမစ်ရှင်အဖွဲ့ဝင်နှစ်ဦး စနေနေ့က သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ပြောသည်။ ၂၀၁၁ ခုနှစ်က ကဒါဖီကို ဖြုတ်ချခဲ့ပြီးနောက်ပိုင်း လစ်ဗျားနိုင်ငံတွင် ဖြစ်ပေါ်နေသော ဝရုန်းသုန်းကားအခြေအနေ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အရှေ့ပိုင်း၌ အခြေစိုက်သော လစ်ဗျားအမျိုးသား စစ်တပ် (LNA)က ဧပြီအတွင်း အမှတ်မထင်တိုက်ခိုက်ခဲ့သော မြို့တော်ထရီပိုလီတွင် ငြိမ်းချမ်းရေးသဘောတူညီမှု တစ်ရပ်ရရှိရေး ကုလသမဂ္ဂက ကြားဝင်ညှိနှိုင်းနေစဉ်ယင်းတိုက်ခိုက်မှု ထွက်ပေါ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က စနေနေ့တွင် ပြစ်တင်ရှုတ်ချခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် လစ်ဗျားနိုင်ငံမှ ထွက်ခွာရန် ရည်ရွယ်ချက်မရှိကြောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် ဘင်တိုကီတာက လုံခြုံရေးကောင်စီသို့ ပြောကြားသည်။

ကုလသမဂ္ဂက ၎င်းတို့၏ လစ်ဗျားအဖွဲ့ကို မကြာမီက အင်အားဖြည့်ခဲ့ပြီး သေဆုံးသူများအနက် အချို့သည် ဘင်ဂါဇီမြို့တွင် အလုပ်လုပ်နေသောအဖွဲ့ဝင်များ ဖြစ်သည်ဟု ဖော်ပြကာ အသေးစိတ်ကို ဖော်ပြခြင်းမရှိပေ။

သေဆုံးသူများအနက် နှစ်ဦးသည် ကုလသမဂ္ဂလစ်ဗျားအဖွဲ့ (UNSMIL) တွင် စောင့်ကြပ်နေသူများဖြစ်ကြောင်း LNA ပြောရေးဆိုခွင့်ရှိသူ အာမက်မစ်မာရီကသတင်းထောက်များအား ပြောကြားသည်။

ကလေးများအပါအဝင် လူ ၁၀ ဦးဒဏ်ရာရရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဈေးဝယ်စင်တာတစ်ခုနှင့် ဘဏ်တစ်ခုရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

LNA တပ်ဖွဲ့သည် နိုင်ငံတကာက အသိအမှတ်ပြုထားသော အစိုးရရှိရာထရီပိုလီမြို့တောင်ဘက် ဆင်ခြေဖုံးဒေသများထက်ကျော်လွန်၍ ထိုးဖောက်ခြင်းမရှိသေးပေ။

ဘင်ဂါဇီမြို့ကို ထရီပိုလီ အစိုးရအား စိန်ခေါ်နေသည့် စင်ပြိုင်အစိုးရနှင့် မဟာမိတ် LNA က ထိန်းချုပ်ထားသည်။

လရောင်

Ref: Reuters

# တရုတ်သင်္ဘောများ တည်ရှိမှုကို ဖိလစ်ပိုင်အစိုးရ ကန့်ကွက်မည်



ဆက်ဆံရေးဆိုးရွားလာခိုက် လတ်တလောသီတင်းပတ်အတွင်း သံတမန်ရေးစိန်ခေါ်မှုအနည်းဆုံးသုံးခုတွင် တစ်ခုအဖြစ်ဖိလစ်ပိုင်အစိုးရသည် ၎င်းတို့၏ အထူးစီးပွားရေးဇုန် (EEZ)အတွင်း တရုတ်သုတေသနသင်္ဘောနှစ်စီးအသိပေးကြေညာခြင်းမရှိဘဲ ရောက်ရှိနေမှုနှင့်ပတ်သက်၍ ကန့်ကွက်မည်ဖြစ်သည်။ ယခုလအတွင်း ဘေဂျင်းသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည့် ဖိလစ်ပိုင်သမ္မတဒူတာတီ၏ ခရီးစဉ်မတိုင်မီ ယင်းကန့်ကွက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင်းပင်နှင့်တွေ့ဆုံစဉ် တောင်တရုတ်ပင်လယ် နိုင်ငံတကာခုံရုံးတွင် ဖိလစ်ပိုင်၏ အောင်နိုင်မှုကို တင်ပြမည်ဟု ဒူတာတီက ကတိပြုထားသည်။


အစဉ်အဆက်အေးစက်ခဲ့သော နှစ်နိုင်ငံဆက်ဆံရေးသည် ဒူတာတီလက်ထက်တွင် နွေးထွေးလာသည်။ သို့သော် တောင်တရုတ်ပင်လယ်ရှိ ဖိလစ်ပိုင်ထိန်းချုပ်သော ဧရိယာများတွင် ကမ်းခြေစောင့်တပ်ဖွဲ့၊ရေတပ်နှင့်ပြည်သူ့စစ် ငါးဖမ်းသင်္ဘောများ၏ အဆက်မပြတ်လှုပ်ရှားမှုရှိခိုက် ဒူတာတီသည် တရုတ်သို့ ၎င်း၏ အငြင်းပွားဖွယ် ချဉ်းကပ်မှုကို ခုခံကာကွယ်ရာ၌ အခက်အခဲတွေ့နေသည်။

ဖိလစ်ပိုင်သည် တီတူကျွန်းကမ်းလွန်တွင် တရုတ်ငါးဖမ်းသင်္ဘော ၁၀၀ ကျော် တည်ရှိမှုနှင့် ဖိလစ်ပိုင်ရေပြင်ပိုင်နက် ၁၂ မိုင် အတွင်း တရုတ်စစ်သင်္ဘောနှစ်စီး ကြေညာခြင်းမရှိဘဲ ဖြတ်သန်းမှုကို ကန့်ကွက်ထားသည်။

နောက်ဆုံး ကန့်ကွက်မှုသည် EEZ အတွင်း တရုတ်သိပ္ပံသုတေသနသင်္ဘောနှစ်စီး ရောက်ရှိမှုကို ကန့်ကွက်ခြင်းဖြစ်သည်။

လရောင်

Ref: Reuters



# အိန္ဒိယတွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၉၅ ဦးရှိလာ လူထောင်ချီ ဘေးလွတ်ရာသို့ ပြောင်းရွှေ့

မိုးသည်းထန်စွာရွာသွန်းမှုများနှင့် မြေပြိုမှုများကြောင့် လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရစဉ် အိန္ဒိယနိုင်ငံ၏ ကာနာတာကာ၊ ကီရယ်လာနှင့် မဟာရက်ချ်တရပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံး သူ ၉၅ ဦး ရှိလာကြောင်း တရားဝင်စာရင်းများက စနေနေ့က ဖော်ပြနေသည်။ ဇွန်လမှ စက်တင်ဘာအထိ ရွာသွန်းသော မုတ်သုံမိုးများသည် စိုက်ပျိုးရေးအိန္ဒိယလူ့အသိုင်းအဝိုင်းအတွက် အရေးပါပြီး နိုင်ငံမိုးရွာသွန်းမှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသော်လည်း နှစ်စဉ်ဆိုသလို လူသေဆုံးမှုများနှင့် ပျက်စီးမှုများလည်း ဖြစ်ပေါ်စေသည်။

အနောက်တောင်ပိုင်း ကီရယ်လာပြည်နယ်တွင် နှစ်ရက်အတွင်း မြေပြိုမှု ၈၀ ဖြစ်ပွားပြီးနောက် လူ ၄၂ ဦးခန့် သေဆုံးကာ ရေဘေးသင့်သူတစ်သိန်းကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ဗဟိုအစိုးရသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့က ပြောသည်။

ပြည်နယ်အစိုးရက ဝါဟာနက်ဒေသရှိ ဘာနာဆူရာဆာဂါဆည် ဂိတ်တံခါးများကို ဂင်းနစ်စံတော်ချိန် ၉ နာရီခွဲတွင် ဖွင့်ချရန်စီစဉ်ထားကြောင်း ကိုချီမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်အတွင်း ဝန်ကြီးချုပ်ပီနာရာယီဗီဂျာယန်က ပြောသည်။

ရေမျက်နှာပြင်ကို ညှိရန်နှင့် ပြင်းထန်သော ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားရန် ယင်းဆည်၏ ဂိတ်တံခါးများကို စနေနေ့နံနက်က တစ်စိတ်တစ်ပိုင်း ဖွင့်ထားခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်အကြီးတန်းအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ကီရယ်လာပြည်နယ်တွင် နှစ် ၁၀၀ အတွင်း အဆိုးရွားဆုံးရေကြီးရေလျှံမှုများကြုံခဲ့ပြီး လူ ၂၀၀ ကျော် သေဆုံးပြီး ငါးသန်းကျော်ထိခိုက်ခဲ့သည်။

လရောင်

Ref: Reuters

# ပြင်သစ်လူစွန့်စားတစ်ဦး စကိတ်ပျံစီးပြီး အင်္ဂလိပ်ရေလက်ကြားကို ပထမဆုံးအောင်မြင်စွာ ဖြတ်ကျော်နိုင်



ပြင်သစ်တီထွင်သူ ဖရန်ကီဇာပါတာသည် ဂျက်စွမ်းအင်သုံးစကိတ်ပျံစီးနင်း၍ အင်္ဂလိပ်ရေလက်ကြားကို ပထမဆုံးအောင်မြင်စွာဖြတ်သန်းနိုင်ခဲ့သည်။ ဇာပါတာ (၄၀)နှစ်သည် ရေနံဆီထည့်ထားသော ကျောပိုးအိတ်ဖြင့် ရေလက်ကြားကို ၂၂ မိနစ်အတွင်း ဖြတ်ကျော်ခဲ့သည်။

ရေပြင်ဂျက်စကီးချန်ပီယံဟောင်း ဇာပါတာသည် ဇူလိုင် ၂၅ရက်က ရေလက်ကြားကို ပထမအကြိမ် ဖြတ်ကျော်ရန် ကြိုးစားခဲ့ပြီး လောင်စာပြန်ဖြည့်ရေး အခက်အခဲများကြောင့် မအောင်မြင်ခဲ့ပေ။

"လွန်ခဲ့တဲ့သုံးနှစ်က ကျွန်တော်တို့ စက်တစ်မျိုးတီထွင်ခဲ့တယ်။ အခုကျွန်တော်တို့ရေလက်ကြားကို ဖြတ်နေပြီ။ တကယ်ဗျာ ရူးလောက်ပါတယ်" ဟု ၎င်းက သတင်းထောက်များအား ပြောကြားပြီး မျက်ရည်ကျခဲ့သည်။

ရေလက်ကြားကို ဖြတ်ကျော်စဉ် စကိတ်ပျံသည် တစ်နာရီလျှင် မိုင် ၁၆၀ နှုန်းအထိ မြန်နှုန်းရောက်ရှိခဲ့သည်ဟု ဇာပါတာက သတင်းထောက်များအား ပြောသည်။

ဇာပါတာ၏ အကြီးမားဆုံးစိန်ခေါ်မှုသည် ရေလက်ကြားကို ဖြတ်စဉ် ရေနံဆီထည့် ကျောပိုးအိတ် နောက်တစ်လုံးရယူရခြင်း ဖြစ်ပြီးပထမအကြိမ်က လှေတစ်စီးပေါ်ဆင်းသက်စဉ်ရေထဲပြုတ်ကျခဲ့သည်။

ယခုတစ်ကြိမ်တွင်မူ ပိုမိုကြီးမားသော သင်္ဘောတစ်စီးကို အသုံးပြုပြီး ရဟတ်ယာဉ်သုံးစီးက လိုက်ပါစောင့်ကြပ်ခဲ့သည်။

ဇာပါတာသည်ပြီးခဲ့သည့်လက ပြင်သစ်လွတ်လပ်ရေးနေ့ Bastille Day စစ်ရေးပြအခမ်းအနားတွင် ၎င်း၏ စကိတ်ပျံကို စီးနင်းပြခဲ့ရာ လူထုအာရုံစိုက်မှုရှိခဲ့သည်။

စကိတ်ပျံသည် တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုဖွယ်ရှိသည်ဟု ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလောရင့်ပါလီက ပြင်သစ်အင်တာရေဒီယိုနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားခဲ့သည်။

လရောင်- Ref: BBC

# ငွေကြေးအငြင်းပွားမှု ဖြစ်ပေါ်နေစဉ် တရုတ်က ယွမ်ငွေလဲနှုန်း ထပ်မံလျှော့ချ



ဘေဂျင်းနှင့် ဝါရှင်တန်ကြားငွေကြေးအငြင်းပွားမှု ထပ်မံနက်ရှိုင်းလာစဉ် တရုတ်ဗဟိုဘဏ်က ယွမ်ငွေ၏ နေ့စဉ်ရည်ညွှန်းနှုန်းကို လျှော့ချသဖြင့် ယွမ်ငွေသည် ကန်ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် ထပ်မံအားနည်းခဲ့သည်။ တရုတ်ဗဟိုဘဏ်က ယွမ်ငွေ၏ ဗဟိုရည်ညွှန်းနှုန်းကို ကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၉,၉၉၆ ယွမ်ဟု ဩဂုတ် ၇ ရက်က သတ်မှတ်ခဲ့သည်။

ယင်းမှာ ဩဂုတ် ၆ ရက်က ဖြစ်ပေါ်ခဲ့သည့် ၁၁ နှစ်အတွင်း အနိမ့်ဆုံးထက်ပင် လျှော့နည်းသည်။ ထို့ကြောင့် ဩဂုတ် ၇ ရက်နေ့လယ်ရောင်းဝယ်မှုတွင် ယွမ်ငွေတန်ဖိုး ထပ်မံကျဆင်းပြီး တစ်ဒေါ်လာလျှင် ၇ ဒသမ ၀,၄၅၄ ယွမ်သို့ ရောက်ရှိသည်။

စက်တင်ဘာ ၁ ရက်ကစ၍ တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများအပေါ် အခွန်အသစ်များထပ်မံချမှတ်မည်ဟု အမေရိကန်က ကြေညာပြီး ရက်အနည်းငယ်အကြာတွင် ယွမ်ငွေတန်ဖိုးသည် ဒေါ်လာနှင့်နှိုင်းယှဉ်ပါက အရေးပါသော ၇ ယွမ်အမှတ်ကို ဩဂုတ် ၅ ရက်ကကျော်လွန်ခဲ့သည်။

ယင်းနှင့်အတူ ဝါရှင်တန်က ဘေဂျင်းကို ငွေကြေးခြယ်လှယ်သူအဖြစ် တရားဝင်တံဆိပ်ကပ်ခဲ့သည်။ တရုတ်ဗဟိုဘဏ်က အမေရိကန်၏ ပြောဆိုမှုကို အခိုင်အမာငြင်းဆိုပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိရေး ငွေတန်ဖိုးချခြင်းမျိုးကို လုပ်ဆောင်မည်မဟုတ်ဟု တရုတ်ဗဟိုဘဏ်အကြီးအကဲ ယီဂန်းက ကြာရှည်စွာကပင် ပြောကြားခဲ့သည်။

ယွမ်ငွေကို တန်ဖိုးကျဆင်း ခွင့်ပြုခြင်းသည် တရုတ်နိုင်ငံခြားပို့ကုန်များ ဈေးနှုန်းချိုသာစေပြီး အမေရိကန်က ဒဏ်ခတ်ချမှတ်သော အခွန်အကောက်အချို့ကို ထေမိစေကြောင်းသိရသည်။

တရုတ်ဗဟိုဘဏ်က ယွမ်ငွေလဲနှုန်းကိုနေ့စဉ်သတ်မှတ်ကြောင်း သိရသည်။

လရောင်- Ref: AFP

# ဆိုက်ဘာတိုက်ခိုက်မှုများမှတစ်ဆင့် မြောက်ကိုရီးယားက လက်နက်များအတွက် ကန်ဒေါ်လာ နှစ်ဘီလီယံခိုးယူခဲ့

မြောက်ကိုရီးယားသည် ၎င်းတို့၏ လက်နက်စီမံကိန်းများတွင် ရန်ပုံငွေရရှိစေရန်ဆိုက်ဘာတိုက်ခိုက်မှုများ အသုံးပြု၍ ကန်ဒေါ်လာနှစ်ဘီလီယံခိုးယူခဲ့ကြောင်း ပေါက်ကြားခဲ့သော ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်က ဖော်ပြသည်။ ယင်းလျှို့ဝှက်အစီရင်ခံစာ၌ ပြုံယမ်းသည် ငွေများရယူရန် ဘဏ်များနှင့် ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းမှုများကို ပစ်မှတ်ထားခဲ့ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂကဆိုက်ဘာ တိုက်ခိုက်မှု ၃၅ ခုကို စုံစမ်းစစ်ဆေးနေကြောင်းသတင်းရင်းမြစ်များက အတည်ပြုသည်။ မြောက်ကိုရီးယားသည် အင်္ဂါနေ့က ဒုံးကျည်နှစ်စင်းပစ်လွှတ်ပြီး သီတင်းနှစ်ပတ်မပြည့်မီ ယင်းကဲ့သို့ စတုတ္ထမြောက် ပစ်လွှတ်မှုဖြစ်သည်။

ဗုဒ္ဓဟူးနေ့က ကြေညာချက် တစ်ရပ်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယင်းပစ်လွှတ်မှုများသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပြုလုပ်နေသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို သတိပေးမှုဖြစ်သည်ဟု ပြောကြားထားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုများသည် ငြိမ်းချမ်းရေးသဘောတူညီမှုကို ချိုးဖောက်မှုဖြစ်သည်ဟု ပြုံယမ်းက ဖော်ပြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြောက်ကိုရီးယားတားဆီးပိတ်ဆို့မှုကော်မတီသို့ ပေးပို့ထားသော ယင်းပေါက်ကြားသည့် အစီရင်ခံစာက ပြုံယမ်းသည် ဝင်ငွေရရှိရေးဘဏ္ဍာရေး အဖွဲ့အစည်းများနှင့် ဒစ်ဂျစ်တယ်ငွေကြေးလဲလှယ်မှုများမှ ငွေခိုးယူရန် ရှုပ်ထွေးဆန်းပြားမှုပိုများသော တိုက်ခိုက်မှုများ ပြုလုပ်ရေး ဆိုက်ဘာနယ်ပယ်ကို အသုံးချခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံခြားငွေရရန် ရည်ရွယ်သော ဒစ်ဂျစ်တယ်ငွေကြေးပုံစံ ပြောင်းလဲမှုလုပ်ရပ်များကို ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးနေသည်။ ယင်းအစီရင်ခံစာတွင် မြောက်ကိုရီးယားသည် အစုလိုက်ပျက်စီးနိုင်သော လက်နက်များနှင့် ဆက်စပ်သည့် ပစ္စည်းများရယူခြင်းအပြင် သင်္ဘောချင်း တရားမဝင်လွှဲပြောင်းခြင်းဖြင့် ကုလသမဂ္ဂ၏ တားဆီးပိတ်ဆို့မှုများကို ချိုးဖောက်နေသည်ဟုလည်း ဖော်ပြထားသည်။

လရောင်
Ref: BBC

# ဟွာဝေးက ကိုယ်ပိုင် OS ကို စမတ်ဖုန်းဖြင့် စမ်းသပ်နေပြီး ယခုနှစ်အတွင်း ရောင်းချနိုင်ဖွယ်ရှိ

ဟွာဝေးနည်းပညာ ကုမ္ပဏီက ၎င်းတို့ကိုယ်တိုင်တီထွင်ထားသည့် Operating System (OS) Hongmeng ကို စမတ်ဖုန်းဖြင့်စမ်းသပ်နေပြီး ယခုနှစ်ကုန်တွင် ယင်း OS များဖြင့် လည်ပတ်သော ဟွာဝေးဖုန်းများ ရောင်းချနိုင်ကြောင်း တရုတ်အစိုးရပိုင် Global Times သတင်းဌာနက ဖော်ပြသည်။ ဂူးဂဲလ်ကုမ္ပဏီ၏ Andriod OS စနစ်သို့ ဟွာဝေး၏ ဝင်ရောက်ခွင့်ကို အမေရိကန်အစိုးရ၏ လုပ်ရပ်များက ခြိမ်းခြောက်နေစဉ် ကမ္ဘာ့ဒုတိယအကြီးဆုံး စမတ်ဖုန်းကုမ္ပဏီ ဟွာဝေး၏ Hongmeng OS ဖြင့် လည်ပတ်သော စမတ်ဖုန်းများ ထုတ်လုပ်ခြင်းသည် ကြီးမားသောခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

ယင်းဖုန်းများသည် ယွမ် ၂,၀၀၀ (ကန်ဒေါ်လာ ၂၈၈)ခန့် ကျသင့်ကြောင်း အမည်မဖော်လိုသော သတင်းရင်းမြစ်များကို ကိုးကား၍ Global Times သတင်းက ဖော်ပြသည်။

ယင်းဖုန်းများထွက်လာပါက တန်ဖိုးနည်းစမတ်ဖုန်းဈေးကွက်တွင် နေရာယူလာမည်ဖြစ်သည်။ ရိုက်တာသတင်းဌာနက တနင်္လာနေ့၌ ဆက်သွယ်ရာတွင် ဟွာဝေးက ယင်းသတင်းနှင့် ပတ်သက်၍ မှတ်ချက်ပြုခြင်းမရှိပေ။

Hongmeng သည် အင်တာနက် ထုတ်ကုန်ပစ္စည်းများအတွက် ဖန်တီးထားသောOS ဖြစ်သည်ဟု ဟွာဝေးအရာရှိများက ယခင်က ပြောကြားဖူးသည်။

Hongmeng သုံးထားသော ပထမဆုံး အဓိကပစ္စည်းများသည် မိမိတို့၏ နောက်ထွက်မည့် Honor တံဆိပ်စမတ် TV များ ဖြစ်မည်ဟု ဟွာဝေးကုမ္ပဏီက ပြီးခဲ့သည့်လတွင်ပြောကြားခဲ့သည်။

ယင်းဆော့ဖ်ဝဲကို စမတ်ဖုန်းများတွင် သုံးနိုင်သည်ဆိုခြင်းကို ကုမ္ပဏီခေါင်းဆောင်များက လူသိရှင်ကြားပယ်ချထားသည်။

လရောင်
Ref: Reuters



ပိုင်ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL သတင်းဂျာနယ်
www.transcomjournal.com


# ဆုပေးပွဲမှာ သီချင်းသစ် ကြေညာတဲ့ တေလာ ဆွစ်ဖ်


အဆိုတော် တေလာဆွစ်ဖ်သည် ၂၀၁၉ Teen Choice Awards ဆုပေးပွဲတွင် ပထမဆုံးပေးအပ်သော စံပြပုဂ္ဂိုလ်ဆု (Icon Award) ကို လက်ခံရယူပြီး 'ME' ပြီးနောက် ထပ်မံထွက်ရှိမည့် 'Lover' သီချင်းအကြောင်း ပြောကြားသည်။ တေလာဆွစ်ဖ်သည် ယင်းဆုပေးပွဲတွင် Icon ဆုကို အမေရိကန် အမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့ဖလားချန်ပီယံ အဲလက်စ်မော်ဂန်ထံမှ လက်ခံရရှိခဲ့သည်။

အမြင်အရပြောရလျှင် မိမိလက်ခံရရှိသောဆုများတွင် ယခုဆုသည် အလှပဆုံးဟု ရေလွှာလျှောစီး ဘုတ်ပုံစံ ဆုတံဆိပ်နှင့်ပတ်သက်၍ ဆွစ်ဖ်က ပြောကြားပြီး မိမိ၏ကြောင်ကလေးသုံးကောင်ကို ဆုတွင်ထည့်သွင်းထားသဖြင့် ဂုဏ်ယူသည်ဟုလည်းပြောကြားသည်။

ထို့နောက် မိမိ၏သီချင်းသစ် Lover သည် ဩဂုတ် ၁၆ ရက်တွင်ထွက်ရှိမည်ဟု တေလာဆွစ်ဖ်က သတင်းပေးခဲ့သည်။

လရောင်
Ref: People





# အယ်လ်ဘမ်သစ်ကို ကိုယ်ပိုင် စတူဒီယိုမှာ အသံသွင်း နေတဲ့ ဂျွန်နီဒပ်ဖ်

ဟောလိဝုဒ်မင်းသား ဂျွန်နီဒပ်ဖ်က အသစ်ထွက်ရှိမည့် 'Hollywood Vampire' တေးအယ်လ်ဘမ်ကို ကိုယ်ပိုင်စတူဒီယိုတွင် အသံသွင်းနေသည်။ Aerosmith အဖွဲ့မှ လီဒ်ဂစ်တာ၊ ရစ်သမ်ဂစ်တာနှင့် ယင်းအဖွဲ့တွင် ဦးဆောင်သီဆိုသူ ဂျိုးပယ်ရီက Depp စတူဒီယိုသည် ယင်းတေးအယ်လ်ဘမ်ဖန်တီးမှု လုပ်ငန်းစဉ်၏ ဗဟိုချက်ဖြစ်သည်ဟု ပြောသည်။

၂၀၁၅ ခုနှစ်က ပထမဆုံးတေး အယ်လ်ဘမ် 'Rise' ထွက်ရှိပြီး နောက်ယခုထွက်ရှိမည့်အယ်လ်ဘမ်တွင် သီချင်းသစ်အများစုပါဝင်သည်။

ယင်းအယ်လ်ဘမ်သစ်တွင် ဂျိုးပယ်ရီ၊ ဂျွန်နီဒပ်ဖ်၊ တွမ်မီနှင့်မိမိလည်း သီချင်းများဖန်တီးထားကြောင်း 'Poison' သီချင်းဖြင့် နာမည်ကြီးသူ အဲလိုက်စ်က ပြောသည်။ ဂျွန်နီဒပ်ဖ်၏ ဂီတဝိုင်းတော်သားများသည် ရော့ခ်ဂီတအကျော်ဒေဖေ့များ ဖြစ်ကာ တစ်ယောက်ချင်းစီ၏ မတူညီသောပုံစံဖြင့် တေးသီချင်းများ ဖန်တီးထားသဖြင့် အယ်လ်ဘမ်သစ်သည် အလွန်ကောင်းမွန်မည်ဟုအဲလိုက်စ်ကပြောသည်။

လရောင်
Daily Mail



# သီချင်း ဂစ်တာ ကော့ဒ်တွေ ခိုးယူ ထားတယ်လို့ စွပ်စွဲ ခံရတဲ့ လေဒီဂါဂါ

အဆိုတော် လေဒီဂါဂါ၏ Shallow သီချင်းသည် အခြားတေးရေးတစ်ဦးထံမှ ခိုးယူထားသည်ဟုစွပ်စွဲခံရပြီး တရားစွဲမည်ဟု ခြိမ်းခြောက်ခံနေရသည်။ စတိဗ်ရွန်ဆန်က ၎င်း၏ ၂၀၁၂ ခုနှစ် တေးသီချင်း Almost တွင် သုံးထားသော ဂစ်တာကော့ဒ် သုံးခုသည် လေဒီဂါဂါ (၃၃) နှစ်၏ သီချင်းတွင် အခြေခံကော့ဒ်များ ဖြစ်နေသည်ဟုပြောကာ တရားစွဲမည်ဟု ခြိမ်းခြောက်ထားသည်။

လေဒီဂါဂါက Shallow သီချင်းကို ၎င်း၏ A star is Born ဇာတ်ကားအတွက် မက်ခ်ရွန်ဆွန်၊ အန်တိုနီရော့စ်ဆိုမန်ဒိုနှင့် အန်ဒရူးဝတ်တို့နှင့်တွဲဖက်ဖန်တီးခြင်းဖြစ်သည်။ Shallow သီချင်း၏ Chorus အပိုဒ်တွင် G၊ A၊ B စသော ကော့ဒ်သုံးကော့ဒ်ကိုသုံးထားခြင်းနှင့်ပတ်သက်၍ ဖြေရှင်းပေးရေး စတိဗ်ရွန်ဆွန်က ဒေါ်လာသန်းပေါင်းများစွာ လျော်ကြေးတောင်းထားသည်။

သို့သော် လေဒီဂါဂါ၏ရှေ့နေ အိုရင်ရှနိုက်ဒါက စတိဗ်ရွန်ဆွန်သည် အောင်မြင်သော အနုပညာရှင်များထံမှ ငွေကြေးအလွယ်တကူရယူလို၍ ဖြစ်သည်ဟု ပြောကြားသည်။ လေဒီဂါဂါက ယင်းအမှုအတွက်လုံးဝ ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်မည်ဖြစ်ကြောင်း အိုရင်ရှနိုက်ဒါက ပြောသည်။

လရောင် - Contact Music



# ဘောလုံးသမားဘဝမှ ရှနိုက်ဒါ အနားယူ

ရီးရဲလ်မက်ဒရစ်၊ အင်တာမီလန်နှင့် နယ်သာလန် လက်ရွေးစင် ကွင်းလယ်လူဟောင်း ဝင်စလေရှနိုက်ဒါသည် ဘောလုံးကစားသမားဘဝ ၁၇ နှစ်ကြာ သက်တမ်းကို အဆုံးသတ်ခဲ့သည်။

ရှနိုက်ဒါသည် (၁၃၄)ကြိမ်ဖြင့် နယ်သာလန်အသင်းအတွက် ပွဲထွက်အများဆုံး ကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

ဆုဖလားများစွာဖြင့် ၎င်း၏(၁၇)နှစ်တာ ကစားသမားဘဝသက်တမ်းတွင် ရှနိုက်ဒါသည် ရီးရဲလ်မက်ဒရစ်နှင့်အတူ စပိန်လာလီဂါဖလား တစ်ကြိမ်ရရှိပြီး ၂၀၀၉-၁၀ ဘောလုံးရာသီက အင်တာမီလန်နှင့်အတူ စီးရီးအေဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ကိုပါအီတာလီယာဖလားတို့ကို တစ်ပြိုင်နက်တည်း သုံးလုံးဆွတ်ခူးခဲ့သည်။

ရှနိုက်ဒါအနေဖြင့် ဇာတိမြို့ Utrecht FC အသင်းတွင် ရာထူး သစ်တစ်ခု ရယူထားသည်။

အေဂျက်ဇ်လူငယ်အကယ်ဒမီထွက် ရှနိုက်ဒါသည် ၂၀၀၇ က ရီးရဲလ်မက်ဒရစ်သို့ ပေါင် ၂၃ သန်းဖြင့် မပြောင်းရွှေ့မီ အေဂျက်ဇ်နှင့်အတူ နယ်သာလန်အမှတ်ပေးဆုဖလားတစ်လုံးနှင့် နယ်သာလန် ရှုံးထွက်ဖလားနှစ်လုံး ဆွတ်ခူးခဲ့သည်။

၂၀၀၉ တွင် အင်တာမီလန်၊ ၂၀၁၃ တွင် တူရကီကလပ်ဂလာတာစာရေးနှင့် ၂၀၁၇-၁၈ က နိကစ်အသင်းတွင် ကစားခဲ့သူ ရှနိုက်ဒါအနေဖြင့် ၎င်း၏ ဘောလုံးသမားဘဝ နောက်ဆုံးအဖြစ် ၂၀၁၈-၁၉ ဘောလုံးရာသီတွင်ကာတာကလပ်အယ်လ်-ဂါရာဖာအတွက် ကစားပေးခဲ့သည်။ H2Z2

# CIES မှ ထုတ်ပြန်သည့် တန်ဖိုးအမြင့်ဆုံး ကစားသမား (၂၀)ဦးစာရင်း၌ ဘာပေ ထိပ်ဆုံးတွင် ဦးဆောင်

နိုင်ငံတကာအားကစားသုတေသနအဖွဲ့ (CIES) ၏ နောက်ဆုံးထုတ်ပြန်ခဲ့သည့် စစ်တမ်းအရ ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးဘောလုံးသမား (၂၀)ဦးစာရင်း၌ PSG အသင်း၏ ပြင်သစ် လက်ရွေးစင်တိုက်စစ်မှူး ဘာပေက ဈေးကွက်တန်ကြေး ယူရို (၂၅၂)သန်းဖြင့် ထိပ်ဆုံးနေရာတွင် ဦးဆောင်နေပြီး ဂျူဗင်တပ်စ်အသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုမှာမူ အဆင့် (၂၀)၌သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

CIES သည် ယင်းစစ်တမ်းအတွက် ကစားသမားများ၏အသက်အရွယ်၊ ခြေစွမ်းနှင့် စာချုပ်သက်တမ်းစသည့် အချက်အလက်များ အပေါ်မူတည်ကာ တွက်ချက်ခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်း၏ အင်္ဂလန် လက်ရွေးစင် တောင်ပံကစားသမား စတာလင်သည် ဈေးကွက်တန်ကြေး ယူရို(၂၀၇.၈)သန်းဖြင့် ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီ (ယူရို ၁၆၇.၄သန်း) ကိုကျော်ဖြတ်ကာ အဆင့် (၃) နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ယခုထုတ်ပြန်သည့်စာရင်းအရ ဘာပေ၏ နောက်တွင် လီဗာပူးလ်အသင်းတိုက်စစ်မှူး ဆာလာက ဈေးကွက်တန်ကြေး ယူရို(၂၁၉.၆) သန်းဖြင့် ဒုတိယနေရာ၌ရပ်တည်နေပြီး ထိပ်ဆုံး (၅)ဦးစာရင်းတွင် ဒေါ့မွန်အသင်းအင်္ဂလန် လူငယ်တောင်ပံကစားသမား ဆန်ချို (ယူရို ၁၅၉.၄သန်း) ပါဝင်နေကြောင်း သိရသည်။

လက်ရှိကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးရှင် PSG အသင်းတိုက်စစ်မှူး နေမာမှာမူ ဈေးကွက်တန်ကြေးယူရို (၁၂၄.၇)သန်းဖြင့် မန်ယူကွင်းလယ်လူ ပေါ့ဘာ (ယူရို ၁၂၅.၁ သန်း)၏ နောက်အဆင့်(၁၇)နေရာ၌ ရှိနေပြီး ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုမှာ တန်ကြေးယူရို (၁၁၈.၁)သန်းဖြင့် နောက်ဆုံးနေရာ၌သာ ရပ်တည်နိုင်ခဲ့ကြောင်းသိရသည်။ H2Z2

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ထိုင်းနိုင်ငံသို့ သွားရောက်ခြေစမ်းကစားရန် စီစဉ်

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဆီယံပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံသို့ ခြေစမ်းခရီးစဉ် သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ခြေစမ်းခရီးစဉ်ကို အောက်တိုဘာလဆန်းတွင် သွားရောက်ရန်စီစဉ်ထားပြီး ထိုင်းဖူဆယ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲလေးပွဲခန့်ကစားရန် ညှိနှိုင်းနေကြောင်း နည်းပြချုပ်ကဆိုသည်။

၂၀၁၉ အာဆီယံ ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည်ဖြစ်သည်။ မြန်မာဖူဆယ် အသင်းသည် စက်တင်ဘာတွင် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရှိသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် လက်ရှိတွင် အာဆီယံနှင့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ အတွက် ပဏာမကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေသည်။ လေးနိုင်ငံတရုတ်ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ချန်ဒူးမြို့၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၉ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းသည် အုပ်စု(က)၌ လက်ရှိ ချန်ပီယံထိုင်း၊ တီမော၊ ကမ္ဘောဒီးယားတို့နှင့် ကျရောက်နေပြီး အုပ်စု(ခ)တွင် အိမ်ရှင်ဗီယက်နမ်၊မလေးရှား၊ အင်ဒိုနီးရှားနှင့် ဩစတြေးလျအသင်းတို့ ပါဝင်သည်။

ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် အသင်းသုံးသင်းသည် အာရှဖူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ H2Z2



# မွန်ပြည်နယ်ရေဘေးအလှူအဖြစ် အနုပညာရှင်များစွာပါဝင်မည့် ဘောလုံးပွဲဖျော်ဖြေပွဲနှင့် ရန်ပုံငွေရှာဖွေမှု ရန်ကုန်တွင်ပြုလုပ်မည်

မွန်ပြည်နယ်ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန်အတွက် အနုပညာရှင်များစွာပါဝင်မည့် ဘောလုံးပွဲ၊ ဖျော်ဖြေပွဲနှင့်အတူ ပရိသတ်များနှင့်တွေ့ဆုံမည့် ရန်ပုံငွေရှာဖွေမှုများကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ဩဂုတ် (၂၄)ရက် (စနေနေ့)ညနေ (၃)နာရီတွင်ပြုလုပ်မည်ဖြစ်ပြီး ယင်းပွဲကို Myanmar Media 7 နှင့် အန ပညာရှင်များ ပူးပေါင်းကာ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

မွန်ပြည်နယ်ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန်ရည်ရွယ်သည့် ရန်ပုံငွေဘောလုံးပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ ပြေတီဦး၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ သူထူးစံ၊ ရဲလေး၊ ယုန်လေး၊ နန္ဒစိုင်း၊ ဖြိုးလေး (Snare)၊ နေဝင်း (Snare)၊ ဒေါင်း၊ ထူးအယ်လင်း၊ ကျော်ထွဋ်ဆွေ၊ လွှမ်းပိုင်၊ G-Fatt ၊ X-Box ၊ နေမင်း၊ ဟန်ဇာမိုးဝင်း၊ မိုးယံဇွန်၊ နေဒွေး၊ ကျော်ကျော်၊ ဒါရိုက်တာ ဝင်းထွန်းထွန်း၊ နိုင်းဝမ်း၊ သားသား၊ ဒီဖြိုး၊ ဉက္ကာ၊ ဝေလျှံ၊ အောင်လေး၊ Morris (Project K) ၊ ရဲနောင်၊ ဆန်းတိုးနိုင်၊ ချာလီ၊ Ice Cold တို့ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ဖျော်ဖြေရေးအစီအစဉ်များတွင် ဟဲလေး၊ မိုးမိုး၊ ဖြိုးပြည့်စုံ၊ ထက်ယံ၊ ဝေကြီး၊ နီနီခင်ဇော်၊ မိစန္ဒီ၊ အိုင်းရင်းဇင်မာမြင့်၊ Jewel၊ ဝိုင်းလေး၊ ကေကေမိုး၊ မေမဒီတို့က သီးချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ ဘုန်းပိုင်းဦး

# ဈေးကွက်ပိတ်ရန် (၁၈)ရက်အလိုတွင် လာလီဂါ၏အသုံးစရိတ် ယူရို(၁.၃)ဘီလီယံဝန်းကျင်ရှိခဲ့



လာလီဂါပြိုင်ပွဲဝင်အသင်းများ၏ ယခုနှစ်နွေရာသီအပြောင်းအရွှေ့အသုံးစရိတ်မှာ ဈေးကွက်ပိတ်ရန် (၁၈)ရက်အလိုတွင် ယူရို(၁.၃) ဘီလီယံဝန်းကျင်ရှိခဲ့ကြောင်း သိရှိရသည်။

လာလီဂါ၏ နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ ဇူလိုင်(၁)တွင် တရားဝင်စတင်ဖွင့်လှစ်ပြီး စက်တင်ဘာ(၂)ရက်မှ ပိတ်သိမ်းမည် ဖြစ်သည်။

လာလီဂါ၏အသုံးစရိတ်(၁.၃)ဘီလီယံဝန်းကျင်ရှိခဲ့ရာတွင် ရီးယဲလ်၊ အက်သလက်တီကို၊ ဘာစီလိုနာ၊ ဆီဗီလာနှင့် ဘက်တစ်တို့က အဓိကသုံးစွဲခဲ့ခြင်းဖြစ်ပြီး ယင်း(၅)သင်း၏ အသုံးစရိတ်သည်ပင် ယူရို (၁)ဘီလီယံကျော်ရှိခဲ့သည်။

ထို့ပြင် ယင်းအသင်း(၅)သင်းသည်ကစားသမားရောင်းချမှုတွင်လည်း ထိပ်ဆုံးမှ ဦးဆောင်ခဲ့ကြောင်း သိရသည်။

အက်သလက်တီကိုအသင်းသည် ယခုရာသီတွင် စံချိန်တင်ငွေကြေးသုံးစွဲမှုပြုလုပ်ခဲ့သော်လည်း ကစားသမားရောင်းချရာတွင်လည်း စံချိန်တင် ပမာဏ ပြန်လည်ရရှိခဲ့သည့်အတွက် ယူရိုသန်း(၄၀)ကျော်အမြတ်ထွက်ခဲ့ကြောင်း သိရှိရသည်။

အက်သလက်တီကိုအသင်းနည်းတူနွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် အမြတ်ထွက်ခဲ့သည့်အသင်းများမှာ ဗီလာရီးယဲလ်၊ အက်စ်ပန်ညို၊ အီဘာနှင့် ဗယ်လာဒိုလစ်တို့ဖြစ်သည်။

H2Z2

# ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဗြိတိန်နိုင်ငံကို တရုတ်အစိုးရ သတိပေး



ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ကိုလိုနီဟောင်း ဟောင်ကောင်တွင် မကြာမီက ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများကိုအမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုပြုလုပ်ရေး တောင်းဆိုပြီးနောက် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်မစွက်ဖက်ရန် ဘေဂျင်းအစိုးရက ဗြိတိန်နိုင်ငံအား ပြောကြားသည်။ ဟောင်ကောင်အမှုဆောင်အရာရှိချုပ် ကယ်ရီလမ်းနှင့်ဖုန်းခေါ်ဆိုမှုတစ်ခုအပြီး ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒိုမီနစ်ရာအဘ်က စုံစမ်းစစ်ဆေးရန် တိုက်တွန်းခဲ့ကြောင်း လန်ဒန်မြို့ရှိ နိုင်ငံခြားရေးရုံးကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

ဖိအားပေးရေး ဟောင်ကောင်ခေါင်းဆောင်ကို ဗြိတိန်အစိုးရက တိုက်ရိုက်ဖုန်းခေါ်ဆိုခြင်းသည် မှားယွင်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိအမျိုးသမီးဟွာချွန်ယင်းက ကြေညာချက်၌ ဖော်ပြသည်။

တရုတ်ပြည်တွင်းရေးကိစ္စများတွင် ကြားဝင်စွက်မှုရပ်တန့်ရန် ဗြိတိန်ကို တရုတ်က လေးလေးနက်နက်တိုက်တွန်းကြောင်း၊ ဟောင်ကောင်နှင့် ပတ်သက်၍ စွပ်စွဲနေခြင်းများ ရပ်တန့်ရန် တိုက်တွန်းကြောင်း ၎င်းက ပြောပြီးဟောင်ကောင်သည် ဗြိတိန်ကိုလိုနီမဟုတ်တော့သဖြင့် ဗြိတိန်တွင် ကြီးကြပ်ခွင့်မရှိဟု ထပ်လောင်း ပြောကြားသည်။

ဟောင်ကောင်တွင် ပြီးခဲ့သည့် ကိုးပတ်အတွင်းမကြာခဏဆိုသလို အကြမ်းဖက်မှုများ ဖြစ်ပွားသော ဆန္ဒပြပွဲများနှင့် ကြုံတွေ့ခဲ့ပြီး ၁၉၉၇ ခုနှစ်က ဗြိတိန်က တရုတ်ထံသို့ ပြန်လည်လွှဲပြောင်းပေးပြီးနောက်ပိုင်း အနက်ရှိုင်းဆုံးနိုင်ငံရေးပြဿနာများ ကြုံတွေ့နေကာ ဘေဂျင်းအစိုးရကိုစိန်ခေါ်မှုဖြစ်နေသည်။

သောကြာနေ့က ကြေညာချက်တွင် ဗြိတိန်နိုင်ငံခြားရေးရုံးက ဝန်ကြီးသည် ဟောင်ကောင်ရှိ အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချခဲ့သော်လည်း ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ရှိကြောင်း အလေးထားဖော်ပြခဲ့သည်ဟု ပြောသည်။

လရောင်

Ref: Reuters

# တိုင်ဖွန်းမုန်တိုင်း လီကီမာကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူဦးရေ မြင့်တက်နေ







တိုင်ဖွန်းမုန်တိုင်း လီကီမာ တရုတ်နိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပြီးနောက် ဩဂုတ် ၁၃ ရက်အထိ သေဆုံးသူ ၄၉ ဦး မြင့်တက်လာပြီး ၂၁ ဦး ပျောက်ဆုံးနေသည်။

လီကီမာသည်ပြီးခဲ့သည့် သီတင်းပတ်ကုန်က ဇီကျီယန်၊ ရှန်ဒေါင်းနှင့် အန်ဟွေးပြည်နယ်များသို့ ဝင်ရောက်မွှေနှောက်ခဲ့ပြီး ဒေသခံလူတစ်သန်းကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။

အနည်းဆုံး လူ ၄၉ ဦး သေဆုံးပြီး ဒါဇင်နှင့်ချီ ပျောက်ဆုံးနေကြောင်း တရုတ်တရားဝင်သတင်း အေဂျင်စီဆင်ဟွာက အင်္ဂါနံနက်အစောတွင် ပြောသည်။

ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့များတွင်မိုးများနှင့်လေပြင်းများ ရွာသွန်းတိုက်ခတ်နေစဉ် ရေလွှမ်းနေသော လယ်ကွင်းများ၊ လမ်းမများ၊ ရေနစ်မြုပ်နေသော ကားများ၊ ပြန့်ကျဲနေသော အပျက်အစီးအပိုင်းအစများ၊ ပြိုလဲနေသော သစ်ပင်များကို CCTV သတင်းဌာနကဗီဒီယိုဖိုင်ဖြင့် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်က ရှန်ဒေါင်းပြည်နယ်တွင် ရွာသွန်းခဲ့သော မိုးရေချိန်သည် ၁၉၅၂ နောက်ပိုင်း အများဆုံးပမာဏဖြစ်သည်ဟု ဆင်ဟွာကပြောသည်။

လီကီမာကြောင့် စီးပွားရေးဆုံးရှုံးမှုအနည်းဆုံး ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံရှိသည်ဟု တရုတ်အာဏာပိုင်များက ပြောကြားသည်။ လရောင်—Ref: AFP

# စစ်ရေးလေ့ကျင့်မှုများ အဆုံးမသတ်ပါက တောင်ကိုရီးယားနှင့် ဆွေးနွေးမည်မဟုတ်ဟု မြောက်ကိုရီးယားပြောကြား





မြောက်ကိုရီးယားကို ရန်သူအဖြစ်သတ်မှတ်သော တောင်ကိုရီးယားနှင့် အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်မှုများအဆုံးမသတ်ပါက ကိုရီးယားနိုင်ငံချင်း ဆွေးနွေးမှုရှိမည်မဟုတ်ကြောင်း ပြုံယမ်း၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။ တောင်ကိုရီးယားက မြောက်ကိုရီးယား၏ ကိုယ်ပိုင်ကာကွယ်ပိုင်ခွင့်ဖြစ်သော ဒုံးကျည်စမ်းသပ်မှုများ ရပ်တန့်ရန် တိုက်တွန်းကာ အဓိပ္ပာယ်မရှိ ပြောဆိုနေကြောင်း ယင်းဝန်ကြီးဌာနရှိအမေရိကန်ရေးရာဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ကွန်ဂျောင်ဂန်က ပြောသည်။

ယင်းစစ်ရေးပူးတွဲလေ့ကျင့်မှုက မိမိတို့ကို ရန်သူအဖြစ်သတ်မှတ်ထားကြောင်း ကွန်၏ ပြောကြားချက်ကို ကိုးကား၍ KCNA သတင်းဌာနက ဖော်ပြသည်။

စနေနေ့က လက်နက်သစ်တစ်မျိုး စမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကြီးကြပ်ခဲ့ကြောင်း KCNA သတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားသည် စနေနေ့က တာတိုပစ်ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ပြီး ယင်းမှာ သီတင်းနှစ်ပတ်အတွင်း ပဉ္စမမြောက်ပစ်လွှတ်မှုဖြစ်ကာ တောင်ကိုရီးယားကအမေရိကန်နှင့် စစ်ရေးပူးတွဲလေ့ကျင့်မှုများကို တားဆီးရေး အင်အားပြမှုဖြစ်သည်ဟု ပြောသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် စနေနေ့က စ၍ ၁၀ ရက်ကြာစစ်ရေးလေ့ကျင့်မှုများ စတင်ခဲ့သည်။ မြောက်ကိုရီးယားက ယင်းစစ်ရေးလေ့ကျင့်မှုများသည် စစ်ပွဲဆင်နွှဲရန် ဇာတ်တိုက်ခြင်းဖြစ်သည်ဟု ပြောသည်။

စနေနေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကင်ဂျုံအန်ထံမှ စာတစ်စောင်လက်ခံရရှိထားပြီးနောက် ထပ်ဆွေးနွေးရန် ဖြစ်နိုင်သည်ဟု ပြောကြားခဲ့သည်။

သို့သော် စစ်ရေးပူးတွဲလေ့ကျင့်မှုနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားက ပြစ်တင်ဝေဖန်နေသည်။

လရောင်

Ref: Reuters